ဇေယသင်္ခယာ

# ရွှေဘုံနိဒါန်း



ယဉ်ကျေးမှုဝန်ကြီးဌာန က ပြန်လည်ထုတ်ဝေသည်



Graphic Design: THIT LWIN SOE

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် ၄၀၁၁၂၄၁၀၀၇

မျက်နှာဖုံးခွင့်ပြုချက် ၄၀၁၀၇၉၁၀၀၈

ပုံနှိပ်ခြင်း

- ပထမအကြိမ် (၁၉၆၀-ရှေးဟောင်းသုတေသန)
- ဒုတိယအကြိမ် (၁၉၆၁-ရှေးဟောင်းသုတေသန)
- တတိယအကြိမ် (၂၀၀၈-ယဉ်ကျေးမှုဝန်ကြီးဌာန)

ထုတ်ဝေသူ ယဉ်ကျေးမှုဝန်ကြီးဌာန
ရှေးဟောင်းသုတေသန အမျိုးသား
ပြတိုက်နှင့်စာကြည့်တိုက် ဦးစီးဌာန

ပုံနှိပ်သူ မြဝတီပုံနှိပ်တိုက်
အမှတ်(၇၅-ခ)၊ ပြည်လမ်း၊
စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊
ရန်ကုန်မြို့။

# ရွှေဘုံနိဒါန်း

၂၀၀၈
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ယဉ်ကျေးမှုဝန်ကြီးဌာန
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန

## စကားချီး

**သုဝဏ္ဏဝိမာန်နိဒါန**-ဟု ပါဠိအမည်ရအပ်သော ရွှေဘုံနိဒါန်း ကျမ်းသည်ကား မြန်မာဘုရင်များ၏ ရွှေလက်ထက်တော်အခါက ထီးနန်းနှင့်စပ်လျဉ်းသော အကြောင်းအရာ ဗဟုသုတတို့ကို ထုတ်ဖော်ပြဆိုရာ "ထီးနန်းမှတ်တမ်း" တစ်ဆူပင် ဖြစ်ချေသည်၊ ရွှေဘုံနိဒါန်း* ကျမ်း၏နိဒါန်း, နိဂုံးလာ ကျမ်းပြုဆရာ၏ အာဘောဂကို ကိုးကားဖော်ပြရလျှင်လည်း မြန်မာဘုရင်မင်းတို့၏ ရွှေလက်ထက်တော်, အထူးအားဖြင့် ဘိုးတော်ဘုရား၏ လက်ထက်တော်၌ ပြည့်စုံထင်ရှားသော မင်းခမ်းမင်းနား အဆောင်အယောင် အကြောင်းအရာတို့ကို ပြဆိုလိုရင်း အာသီသဖြင့် ရေးသားပြုစုကြောင်း ထင်ရှားလှပေသည်။

## ကျမ်းပြုနှစ်

ရွှေဘုံနိဒါန်းကျမ်းကို ဘိုးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၄၅-ခုနှစ်တွင် ရေးသားပြီးစီးကြောင်းကိုလည်းကောင်း, ရွှေဘုံနိဒါန်းပါ အကြောင်းအရာတို့သည် မန္တလေးရွှေတောင် အမည်ရှိသော ဘူမိနက်သန်မြေထက် သုဒဿနမြို့ကဲ့သို့ အမရပုရအမည်ရှိသော မြို့တော်ကို ပဓာနပြု၍ ရေးသားကြောင်းကိုလည်းကောင်း ကျမ်းနိဂုံးတွင် အတိအကျ ဖော်ပြပါရှိလေသည်၊ ဘိုးတော်မင်းတရားသည် ၁၁၄၄-ခုနှစ်မှစ၍ အမရပုရမြို့တော်သစ်ကို စတင်

---

* ယခုအခါတွင် "နိဒါန်း"ဟူသော ဝေါဟာရသည် စကားချီး, အမှာ-ဟူသော အဓိပ္ပာယ်မျိုး မှားယွင်းမှတ်ယူခြင်းခံရစေကာမူ နိဒါနပါဠိပုဒ်ရင်း၏အနက်သည် အကြောင်းအရာဟူ၍သာ ပေါ်ထွက်ချေရကား ရွှေနန်းရွှေဘုံ၏ အကြောင်းအရာတို့ကို ဖော်ပြရာကျမ်းသည် ရွှေဘုံနိဒါန်းပင် ဖြစ်၍ အဓိပ္ပာယ်ဆီလျော်အပ်လှပေသည်၊ နိဒါန်းဟူသော ဝေါဟာရကို ရှေးက ဗုဒ္ဓဝင်ကျမ်းများတွင် ဒူရေနိဒါန်း, အဝိဒူရေနိဒါန်း, သန္တိကေနိဒါန်း စသည်ဖြင့်လည်းကောင်း၊ အခြားကျမ်းများတွင် ကျမ်းတစ်စောင်တဖွဲ့ ဖြစ်ပေါ်လာရပုံ အကြောင်းခြင်းရာကို ဖော်ပြရာ၌ ဥယျောဇဉ်, ပဋိညာဉ်, နိဒါန်း စသည်ဖြင့် အစချီ၍လည်းကောင်း ရေးသားခဲ့ကြရာမှ အကြောင်းအရာဟူသော မူလအနက်တိမ်ငုပ်၍ အချီးအစ စကားဦးဟူသော ဆင့်ပွားအနက်သာ ကျန်ရှိနေခဲ့ချေသည်။

တည်ဆောက်ခဲ့၍ ၁၁၄၅-ခုနှစ်တွင် မြို့တော်သစ်သို့ ပြောင်းရွှေ့စံတော်မူလေသည်။ ထို့ကြောင့် ရွှေဘုံနိဒါန်းကျမ်းသည် ဘိုးတော်ဘုရား၏ ထီးသစ်၊ နန်းသစ်၊ မြို့တော်သစ်ကို ချီးမြှောက်ဂုဏ်ပြုသောအားဖြင့် မော်ကွန်းရေးထိုးသော စာတမ်းတစ်စောင်ပင် ဖြစ်ကြောင်းကိုလည်း သိရှိရလေသည်။ ဤအချက်ကို သတိပြုခြင်းအားဖြင့် ရွှေဘုံနိဒါန်းပါ မြို့ပြကျုံးမြောင်းနှင့် စပ်လျဉ်းသော အမှတ်အသားအမည်သညာတို့သည် နောင်အခါတည်သော မန္တလေးမြို့တော်နှင့်လည်းကောင်း၊ ရှေးအထက်ကာလက တည်ခဲ့ပြီးသော အင်းဝမြို့တော်နှင့်လည်းကောင်း တစ်ထပ်တည်း ညီညွတ်တိုက်ဆိုင်ခြင်းရှိနိုင်မည်မဟုတ်သည်ကိုလည်း ကြိုတင်သိမှတ်ရန် လိုအပ်ပေသည်။ သို့ပါသော်လည်း အခြားအခြားသော မင်းခမ်းအဆောင်အယောင်တို့သည်ကား ထီးနန်းစဉ်ဆက် လက်ခံလိုက်နာသုံးစွဲရိုး ရှိသည့်အတိုင်း မြန်မာဘုရင်များနှင့်စပ်လျဉ်း၍ ယေဘုယျသဘောအားဖြင့် ကွဲလွဲခြားနားခြင်း နည်းပါးကြောင်း မှတ်ယူနိုင်ပေသည်။

## ကျမ်းပြုပုဂ္ဂိုလ်

ဤရွှေဘုံနိဒါန်းကို ရေးသားပြုစုခဲ့သော ပုဂ္ဂိုလ်သည်ကား ဇေယျသင်္ခယာ ဖြစ်ကြောင်းကို နိဒါန်း၌ ထင်ရှားစွာဖော်ပြထားပေသည်။ သို့ပါသော်လည်း မြဝတီမင်းကြီး ဦးစရေးသည်ဟု အမှတ်လွဲမှားနေခဲ့ကြပေသည်။ ဤသို့ အမှတ်လွဲမှားရခြင်း၏ အကြောင်းရင်းနှင့် ရွှေဘုံနိဒါန်းသည် မြဝတီဦးစ၏ လက်ရာမဟုတ်ကြောင်းကို ဤတွင် အကြောင်းယုတ္တိနှင့်တကွ ကျွန်ုပ်တို့ ထုတ်ဖော်တင်ပြလိုပေသည်။

၁။ ကျမ်း၏နိဒါန်းတွင် ဇေယျသင်္ခယာ၊ ဝင်းဝါရောင်လျှပ်၊ ရွှေဘွဲ့ တပ်သား၊ ပညတ်တွင်မည်၊ ကျွန်ုပ်သည်လျှင် ဟူ၍ ဖော်ပြထားသဖြင့် ဇေယျသင်္ခယာဘွဲ့ရသူက ရေးစီရင်ကြောင်းမှာ ထင်ရှားပြီး ဖြစ်ချေသည်။ မြဝတီဦးစသည် နေမျိုးဇေယျသူရဘွဲ့၊ မဟာသီရိဇေယျသူဘွဲ့နှင့် မဟာသီဟသူဘွဲ့များကို ရရှိကြောင်းသာလျှင် မှတ်သားရ၍ ဇေယျသင်္ခယာဟူသောဘွဲ့ကို ရရှိကြောင်းနှင့် မည်သည့်ခိုင်လုံသော မှတ်တမ်းတွင်မျှ မတွေ့ရှိရပေ။ ဤအချက်ဖြင့်ပင် ဇေယျသင်္ခယာသည် မြဝတီဦးစမဟုတ်ကြောင်း ဆင်ခြင်နိုင်

ပေသည်။

၂။ ထိုမှတစ်ပါး အခြားဆင်ခြင်ဖွယ်များလည်း ရှိပေသေးသည်။ *ပိဋကတ်တော်သမိုင်းတွင် ရွှေဘုံနိဒါန်းကို မည်သူရေးသားကြောင်း ပြဆွန်းထားခြင်းမရှိစေကာမူ လေှသင်းအတွင်းဝန် သံတော်ဆင့်အမတ်မင်း ဦးချိန် (၁၁၅၈-၁၂၁၇)ရေးသားပြုစုသော ဝေါဟာရလီနတ္ထဒီပနီ 'ကျေး'အကြောင်း အဖွင့်တွင် "အမရပူရမြို့တည် ဘိုးတော်မင်းတရားကြီးလက်ထက် အိမ်ရှေ့အတွင်းဝန် ဇေယျသင်္ခယာဘွဲ့ခံအဘိုး စီရင်သည့် ရွှေဘုံနိဒါန်းစာစောင်" စသည်ဖြင့်လည်းကောင်း + ။

မြောင်လှမြို့စား နိုင်ငံခြားဝန်ထောက်တော်မင်း (မင်းကြီးသီရိမဟာဇေယျသူ) ဦးခြိမ့်၏ (၁၂၀၀) ရေးသားပြုစုသော ကဝိလက္ခဏာဒီပနီပုဒ်ရင်း ၈၂၈၊ "ကရိကျိုးကျိုန်၊ ကျေးနှင့်မိန်၊ ပိန်ညင်းမျိုးရှင်ခြင်း"ဟူသော သံပေါက်အဖြေတွင် "အမရပူရ ပထမမြို့တည်နန်းတည်မင်းတရားကြီး ဘုရားလက်ထက် အိမ်ရှေ့အတွင်းဝန်၊ ရတနာပူရမြို့တောင် မဟာဇေယျပထ တံတားဦးရွာဇာတိ ၁၁၀၅-ခုဖွား ဇေယျသင်္ခယာခံအဘိုးစီရင်သည့် ရွှေဘုံနိဒါန်းစာစောင်"စသည်ဖြင့်လည်းကောင်း။

ရွှေဘုံနိဒါန်းကို ဇေယျသင်္ခယာ ရေးကြောင်းသာမက ဇေယျသင်္ခယာ၏ အတ္ထုပ္ပတ္တိ ဖွားသက္ကရာဇ်တို့ကိုပါ အပြည့်အစုံဖော်ညွှန်းထားခဲ့ပေသေးရာ မြဝတီဦးစမဟုတ်ကြောင်းကို ပိုမိုထင်ရှားစေလေသည်။

ကဝိလက္ခဏာဒီပနီကျမ်းကို ၁၂၂၇-ခုနှစ်တွင် ရေးသားပြီးစီးခဲ့၍ ဝေါဟာရလီနတ္ထဒီပနီကျမ်းကိုမူကား ၁၁၉၂-ခုနှစ်မှ ၁၂၀၇-ခုနှစ်အတွင်း ရေးသားပြီးစီးခဲ့သည်ဖြစ်ရာ ရွှေဘုံနိဒါန်းကျမ်းပြီးသည်မှ (၁၁၉၂-၁၁၄၅) ၄၇-နှစ်အကြာတွင် ရေးသားခဲ့သော ဝေါဟာရလီနတ္ထဆရာ၏အဆိုမှာ မှားယွင်းနိုင်ဖွယ်အကြောင်းမရှိချေ။ (ဝေါဟာရလီနတ္ထဒီပနီဆရာသည် ၁၁၅၈-ခုနှစ်ဖွားဖြစ်၍ ရွှေဘုံနိဒါန်းကျမ်းပြီးသည့်နောက် ၁၃-နှစ်မျှအကြာတွင်ပင် ဖွားမြင်ခဲ့သူဖြစ်လေသည်။)

* ပိဋကတ်သုံးပုံစာတမ်း၌ကား ဇေယျသင်္ခယာဟူ၍ ဖော်ပြသည်။

+ ဝေါဟာရလီနတ္ထဆရာသည် မြဝတီဦးစအကြောင်းကိုလည်း "စက္က"ပုဒ်အဖွင့်တွင် "ရာဇဓမ္မလောက အကြောင်းသုံးပါးကို နားလည်သိကျွမ်းလိမ္မာ

မင်းခမ်းတော်ဘွဲ့၊ အလဲ ၇-စဉ်မင်းခမ်းတော်ဘွဲ့၊ မင်းခမ်းတော်စုံဘွဲ့၊ ပလ္လင်တော်ရှစ်ရပ်ဘွဲ့၊ ထီးရှစ်စင်းဘွဲ့ စသည်တို့ကို နောင်အခါ ရေးသားခဲ့ပေရာ ဦးစ၏ဘွဲ့သီချင်းများပါ မှတ်စုအကြောင်းအရာများသည် ရွှေဘုံနိဒါန်းတွင် လက်ခံဖော်ပြသော အဆောင်အယောင် အခမ်းအနားအမှတ်အသားများနှင့်မတူ တိမ်းယိမ်းကွဲလွဲလျက်ရှိသည်ကို တွေ့ရှိနိုင်လေသည်။ ဤအချက်ဖြင့်လည်း ရွှေဘုံနိဒါန်းဆရာနှင့် မြဝတီဦးစသည် ပုဂ္ဂိုလ်တစ်ဦးတည်းမဟုတ်ကြောင်းကို ထောက်ဆနိုင်လေသည်။ မည်သို့ကွဲလွဲသည်ကို နောက်ဆက်တွဲ လက်ဝဲလက်ယာမင်းခမ်းတော်ဘွဲ့များတွင် နှိုင်းယှဉ်ဖော်ပြထားပေသည်။ ဤသို့အားဖြင့် ကျမ်းပြုဆရာကိုဖော်ထုတ်ရာတွင် မြဝတီဦးစမဟုတ်ဘဲ ဧယျသခ်ယာအဘိုးသာလျှင်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ အနိုင်အမာတွေ့ရှိရပေသည်။

ဤဖော်ပြခဲ့သော အကြောင်းများကြောင့် ရွှေဘုံနိဒါန်းသည် မြဝတီဦးစ၏လက်ရာမဟုတ်ကြောင်းမှာ ထင်ရှားနေပေသည်။ သို့ရာတွင် အဘယ့်ကြောင့်ဦးစရေးသည်ဟု အမှတ်အယူ လွဲမှားလာရသည်ကို စိစစ်ဖော်ပြရန် လိုပေသေးသည်။ ထိုသို့အမှတ်အသား လွဲမှားရခြင်း၏အကြောင်းရင်းမှာ ကဗျာသင်္ဂဟမေဒနီ၌ စာဆိုတော်များ အတ္ထုပ္ပတ္တိတွင် ဦးစ၏အတ္ထုပ္ပတ္တိကို ဖော်ပြရာ၌ -

နောက် ရွှေဘုံနိဒါန်းကို ရေးသားစီရင်သော် အိမ်ရှေ့အတွင်းဝန်အဘိုးက အိမ်ရှေ့ဘုရားမှာ အရည်အချင်းကို လျှောက်ထားဆက်သ၍ ခစားနေရသည် အတွင်း အီနောင်ဇာတ်ဝတ္ထုကို ယိုးဒယားဘာသာမှ မြန်မာဘာသာပြန်ပြီးလျှင် -

စသည်ဖြင့် "စီရင်သော"ဟု ရေးသားရင်းတွင် စာမှား၍ "စီရင်သော်" ဟူ၍ ပါရှိနေခြင်းကြောင့် -

"ရွှေဘုံနိဒါန်းကို ရေးသားစီရင်သော အိမ်ရှေ့အတွင်းဝန်အဘိုး" ဟူ၍ နာမဝိသေသနအဖြစ် အဓိပ္ပာယ်မှန် မကောက်ယူတော့ဘဲ -

"ရွှေဘုံနိဒါန်းကို ရေးသားစီရင်သော်"ဟူ၍ "သောအခါ"အနက်ဖြင့် မှားယွင်းအဓိပ္ပာယ်ကောက်ယူလေတော့သဖြင့် ဦးစပင်လျှင် ရွှေဘုံနိဒါန်းကို ရေးသောအခါ၌ အိမ်ရှေ့အတွင်းဝန်အဘိုးက အိမ်ရှေ့မင်းထံ၌ ပို့အပ်ပေးလေသကဲ့သို့ အဓိပ္ပာယ်ပြောင်းလဲသွားရခြင်းဖြစ်လေသည်။ ကဗျာသင်္ဂဟမေဒနီအမှားကို မြန်မာစာညွန့်ပေါင်း ဒုတိယတွဲစာဆိုတော်များ အတ္ထုပ္ပတ္တိတွင်

ထပ်တူနီးပါး 'သော' နှင့် 'သော်' အများတူ ကူးယူဖော်ပြလိုက်ပြန်လေသည်။ ဤသို့ဖြင့် ရွှေဘုံနိဒါန်းကို ဦးစပင် ရေးလေသကဲ့သို့ အမှတ်လွဲများရုံသာမက ဦးစသည်ပင် ရွှေဘုံနိဒါန်းကို ရေးသားနိုင်သည့် အရည်အချင်းကြောင့် အိမ်ရှေ့မင်းထံ၌ ခစားခွင့်ရဘိသကဲ့သို့ အမှတ်အယူသစ်တစ်ခုကိုပါ ဆက်တိုက်ဖြစ်ပွားစေခဲ့လေသည်။ သောနှင့်သော် တိမ်းယိမ်းမှုသည် မြဝတီဦးစအပေါ်၌ မင်းခမ်းတော်ဘွဲ့များနှင့် အီနောင်စသော စာပေလက်ရာတို့ကြောင့် ရှိရင်းစွဲလေးစားအထင်ကြီးမှုကို ရွှေဘုံနိဒါန်းပေါ်သို့အရောက် တိုးချဲ့ဆွဲဖြန့်ကာ ရွှေဘုံနိဒါန်းကိုပင် မြဝတီဦးစ၏ ဂုဏ်ရည်လက်ရာတစ်ရပ်အဖြစ် အလွယ်နှင့် သိမ်းသွင်းလက်ခံမှတ်ယူစေသည်အထိ ဒုက္ခပေးခဲ့လေတော့သည်။ စင်စစ်သော်ကား ရွှေဘုံနိဒါန်းသည် မှတ်စုတစ်ရပ်ဖြစ်၍ ဦးစတွင် ပေါ်လွင်ပြီးသော အလင်္ကာဂုဏ်များနှင့် ထိုက်လျော်အပ်စပ်လေသည့် အရည်အသွေးပြ လက်ရာတစ်စုံတစ်ရာလည်း မဟုတ်ခဲ့ချေ။ ထိုကဗျာသင်္ဂဟာမေဒနီပါ အမိပ္ပာယ်မှောက်မှားစေသည့် အတ္ထုပ္ပတ္တိ စာသားရပ်မှတစ်ပါး ရွှေဘုံနိဒါန်းကို မြဝတီဦးစရေးသားသည်ဟူ၍ အခိုင်အမာ အထင်အရှားဖော်ပြသော *ရေးကျသည့် အမှတ်အသားဟူ၍ကား ကျွန်ုပ်တို့ တစ်နေရာတွင်မျှ မတွေ့ရှိခဲ့ရဖူးပေ။ (မြန်မာစာပေသမိုင်းသည် မြန်မာစာညွန့်ပေါင်းပါ အတ္ထုပ္ပတ္တိကို အမိပ္ပာယ်လွဲမှားကိုးကားခဲ့ခြင်းကြောင့်သာ မြဝတီဦးစ၏ စာပေစာရင်းတွင် ရွှေဘုံနိဒါန်းကို ထည့်သွင်းပြမိဟန် တူလေသည်။) ထို့ကြောင့်ပင် ရွှေဘုံနိဒါန်းကို ဦးစ မရေးခဲ့ဟူ၍သာ ဆုံးဖြတ်ချက်ချရပေသည်။

* ၁၂၅၇-ခုနှစ်ရိုက် စာအုပ်တွင် ဇေယသင်္ခယာရေးဟုပင် ဖော်ပြခဲ့သည်။

ရွှေဘုံနိဒါန်းကို ရေးသားစီရင်သော ဇေယျသင်္ခယာအဘိုးကား မြဝတီဦးစအား အိမ်ရှေ့မင်းထံသို့ ပို့ဆောင်ပေးခဲ့သည့် အဘိုးပင်ဖြစ်ကြောင်းကိုကား မြန်မာစာညွန့်ပေါင်းပါ အတ္ထုပ္ပတ္တိဖြင့် ဆက်စပ်ယူဆနိုင်ဖွယ် ရှိနေပေသေးသည်။ အသက်အရွယ်ချင်းကို ထောက်ဆသော် ၁၁၀၅-ခုနှစ်ဖွား ဇေယျသင်္ခယာအဘိုးသည် ဦးစထက် အသက် ၂၃-နှစ်သာ ကြီးသဖြင့် ဦးစက အဘိုးဟူ၍ ခေါ်နိုင်လောက်ခြင်းမရှိစေကာမူ ဇေယျသင်္ခယာအား အဘိုးဟုခေါ်တွင်သည်မှာ 'ဘိုးတော်ဘုရား'၊ 'ဘကြီးတော်မင်း'တို့ကဲ့သို့ နောင်ဝေါဟာရလီနတ္ထဒီပနီဆရာ၏ ခေတ်လောက်ကျမှ အဘိုးဟု ထည့်သွင်း

ခေါ်ဝေါ်ခြင်းဖြစ်နိုင်ပေသည်။

(ဝေါဟာရလီနတ္ထဒီပနီ ပြီးစီးချိန် *၁၂၀၇-ခုနှစ်လောက်တွင် အံနှစ်တစ်ရာကျော်မျှ ကွာခြားခဲ့လေပြီ။)

* ဝေါဟာရလီနတ္ထဒီပနီတွင် ယင်းကျမ်းကို ၁၁၉၂-ခုနှစ်၌ ပြီးစီးသည်ဟု သက္ကရာဇ်ကန်သော်လည်း အဘိဓာနတ္ထ ဝိသောဓနီနိဂုံး၌ ၁၂၀၇-ခုနှစ်ထိ ဝေါဟာရလီနတ္ထဒီပနီကျမ်းကို ရေးသားဆဲဖြစ်ကြောင်း ကျမ်းဆရာပင် ဖော်ပြခဲ့သည်။

ဇေယျာသင်္ခယာသည် ဘိုးတော်ဘုရားလက်ထက် အိမ်ရှေ့အတွင်းဝန်ဖြစ်ကြောင်းကို ဝေါဟာရလီနတ္ထဒီပနီအရ သိရှိရပေရာ ဘိုးတော်ဘုရားလက်ထက်၌ ၁၁၄၅-ခုနှစ်တွင် အိမ်ရှေ့ရာထူးရ၍ ၁၁၇၀-ပြည့်နှစ်တွင် ကံတော်ကုန်သော (ပထမ) အိမ်ရှေ့-သီရိမဟာဓမ္မာဘိဇေယသီဟသူရ-ရွှေတောင်မင်းသားနှင့် ထိုမင်းသား၏သားတော် ၁၁၇၀-ပြည့်နှစ်တွင် (ဒုတိယ) အိမ်ရှေ့အရာရ၍ နောင်သော် ဘကြီးတော်မင်းဖြစ်လာသော စစ်ကိုင်းမင်းသားဟူ၍ နှစ်ပါးရှိခဲ့ရာတွင် ပထမအိမ်ရှေ့မင်း၏ အတွင်းဝန်ဖြစ်ဖွယ်ရှိလေသည်။ ရာဇဝင်၌ကား ရွှေတောင်မင်းသား၏ အိမ်ရှေ့အတွင်းဝန်အမည်များတွင် နေမျိုးကျော်ထင်နှင့် ရွှေတောင်နော်ရထာ (၁၁၄၅)၊ နေမျိုးဇေယျာသူ (၁၁၄၆)၊ နေမျိုးဇေယျစည်သူ (၁၁၅၄) စသည်တို့ကိုသာ တွေ့ရပေသည်။ သို့သော်လည်း ဇေယျာသင်္ခယာကို ရာဇဝင်တွင် အိမ်ရှေ့အတွင်းဝန် အမည်စာရင်း၌ မတွေ့ရစေကာမူ မှန်နန်းရာဇဝင်ကို ပြုစုသူတစ်ဦး အပါအဝင်ဖြစ်သော ဦးချိန်က ဝေါဟာရလီနတ္ထဒီပနီ၌ အိမ်ရှေ့အတွင်းဝန်အဘိုးဟူ၍ ဖော်ပြထားခြင်းသည်ပင်လျှင် ရာဇဝင်တမျှ ခိုင်လုံလျက်ရှိပေတော့သည်။

## ပြန်လည်ပုံနှိပ်ထုတ်ဝေခြင်း

ရွှေဘုံနိဒါန်းသည် မင်းမှုမင်းခမ်းဆိုင်ရာများတွင် အရေးပါအရာရောက်သော အခြေခံမှတ်တမ်းတစ်ဆူဖြစ်သည့်အတိုင်း ပုဒ်ပါဌ်မှန်ကန်ကျန၍ အလွယ်တကူ ရှာဖွေကိုးကားထောက်ရှုနိုင်လောက်သော ပုဒ်သိပုဒ်ထားတို့ဖြင့် ပိုင်းခြားကျနစွာ ထွက်ပေါ်သင့်ပေသည်။ ထိုကျမ်းကို ရှေးရှေးအခါများက ရိုက်နှိပ်ထုတ်ဝေခဲ့ဖူးသော်လည်း ကျေနပ်လောက်ဖွယ် ပြည့်စုံခြင်းမရှိသေး

သဖြင့် မင်းမှုမင်းခမ်းနှင့်သက်ဆိုင်ရာတို့တွင် ဟေကာဗျူဟာ အင်ရုံစာတမ်း၊ ရွှေနန်းသုံးဝေါဟာရအဘိဓာန်၊ ဝေါဟာရ လီနတ္ထဒီပနီ၊ လွှတ်တော်မှတ်တမ်း၊ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ ရာဇသေဝကဒီပနီ၊ ရာဇဘိသေက စာတမ်း စသည်တို့နှင့် ညှိနှိုင်းသုတ်သင်လျက် တည်းဖြတ်ရိုက်နှိပ်ခြင်းပြုလိုက်ရပေသည်။ ထိုသို့ရိုက်နှိပ်ရာတွင် ဟံသာဝတီပုံနှိပ်တိုက်သည် ထက်သန်သော စေတနာအရင်းခံထားကာ ရုပ်ပုံပေါင်းများစွာဖြင့် ကျနသေချာစွာ သိမှတ်နိုင်ကြစေရန် ရတောင့်ရခဲသော မင်းခမ်းအဆောင်အယောင် ပစ္စည်းများ၏ သရုပ်ပြပုံများကိုပါ ပန်းချီဘလောက်များဖြင့် ထည့်သွင်းရိုက်နှိပ်နိုင်အောင် အကုန်အကျခံ၍ စီမံဆောင်ရွက်ပေးသဖြင့် ပုံစံများနှင့်တကွ ကျနပြည့်စုံအောင် ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့ပေသည်။ ဤသရုပ်ပြပုံများမှာ နိုင်ငံတော်ပြတိုက်၊ ရှေးဟောင်း သုတေသန ညွှန်ကြားရေးဝန်ရုံး၊ မန္တလေးမြို့ ရွှေပြည်ဦးဘတင်၊ ပန်းချီဆရာကြီး ဦးငွေကိုင်တို့နှင့် အခြားပုဂ္ဂိုလ်များထံရှိ ပုရပိုက် စာအုပ်စာတမ်း အသီးသီးတို့တွင် လေ့လာကြည့်ရှုခွင့်ရရှိစဉ်အခါ မှတ်သားကူးယူစုဆောင်းထားရှိခဲ့သော ပုံများဖြစ်သဖြင့် အများပြည်သူတို့အကျိုးငှာ ထိုသို့တင်ပြနိုင်သည်တွင် ထိုဌာနများနှင့် ပုဂ္ဂိုလ်ကြီးများအား ကျေးဇူးအထူး အောက်မေ့တင်ရှိကြောင်းကိုပါ ဖော်ပြရပေသည်။

ထိုမှတစ်ပါး သုတေသနရှာမှီးသူများအတွက် လွယ်လင့်တကူရှာယူကိုးကားနိုင်ကြစေရန် ပုဒ်ညွှန်း အက္ခရာဝလိနှင့်တကွ ထိုက်သင့်စပ်လျဉ်းသော မှတ်စုများကိုပါ ဆက်တွဲဖော်ပြထားပေသေးသည်။ ဤသို့ကြိုးပမ်းဆောင်ရွက်ထားခြင်းဖြင့် ကြည့်ရှုမှတ်သားသူတို့အတွက် အထောက်အပံ့ရရှိနိုင်မည်ဆိုလျှင် တည်းဖြတ်သူ၊ ထုတ်ဝေသူတို့သည် ရွှင်လန်းပီတိ ဝမ်းမြောက်မိကြမည်သာ ဖြစ်ပေသတည်း။ ။

ဦးလှတင် (လှသမိန်)

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပဋိညာဉ် | ၁ |
| | အာသီသကေပိုဒ်ရတု | ၂ |
| | **နန်းပြာသာဒ်ပလ္လင်အဆောင်အယောင်များအကြောင်း** | |
| ၁။ | ပြာသာဒ် | ၃ |
| ၂။ | သိကြားပေါက် | ၃ |
| ၃။ | ကတံ | ၄ |
| ၄။ | မင်းဘုန်းပေါက် | ၄ |
| ၅။ | နာယောင်ခန်း | ၅ |
| ၆။ | ရာဇပလ္လင်ဥကင် | ၅ |
| ၇။ | သိကြားရုပ် | ၅ |
| ၈။ | နဝရတ်ကိုးပါး | ၆ |
| ၉။ | ခြသေ့ရုပ် | ၇ |
| ၁၀။ | တံခါးတိုင် | ၈ |
| ၁၁။ | လောကနတ် | ၈ |
| ၁၂။ | ဆင်ပျံ့ ခြသေ့ရုပ် | ၈ |
| ၁၃။ | ပဒုမ္မာကြာထက်သိကြားရုပ် | ၉ |
| ၁၄။ | ဒေါင်းမြီးယပ် | ၉ |
| ၁၅။ | ကိန္နရာ | ၉ |

မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


၁၆။ ဆင်နားဇာ — ၉

၁၇။ ချြုးပန်းချြုးနွယ် — ၁၀

၁၈။ ဦးဆောက်ပန်း — ၁၀

၁၉။ မဟာဂီရိနတ်ကွန်း — ၁၁

**မင်းခမ်းတော်များအကြောင်း**

၂၀။ သီဟာသနနေရာ — ၁၁

၂၁။ မင်းမြောက်တန်ဆာငါးပါး — ၁၁

၂၂။ ရတနာပန်းတောင်း — ၁၁

၂၃။ စလင့်ကြာ — ၁၂

၂၄။ ထွေးခံ၊ ထွေးအင် — ၁၂

၂၅။ ကလပ် — ၁၂

၂၆။ ကွမ်းလောင်းကြီးငယ် — ၁၂

၂၇။ ကျပ် — ၁၂

၂၈။ ကျပ်မြင်းမိုရ် — ၁၂

၂၉။ ခြင်္သေ့ခံကွမ်းခွက် — ၁၃

၃၀။ နဂါးကွမ်းခွက် — ၁၃

၃၁။ လက်တင်ကြား — ၁၃

၃၂။ ကွမ်းထည့်၊ ကွမ်းချပ် — ၁၃

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၃။ | သလင်းမြောင် | ၁၃ |
| ၃၄။ | သစ်တိုင် | ၁၃ |
| ၃၅။ | ရွှေအိုးပျစ် | ၁၄ |
| ၃၆။ | ရွှေမြူတာ | ၁၄ |
| ၃၇။ | ရွှေတကောင်း | ၁၅ |
| ၃၈။ | ရွှေဖလား | ၁၅ |
| ၃၉။ | ရွှေကရား | ၁၅ |
| ၄၀။ | ရွှေဖူး | ၁၅ |
| ၄၁။ | အတင်တော် ဘီလူးခံ | ၁၅ |
| ၄၂။ | ပုံနန်းကွမ်းခွက် | ၁၆ |
| ၄၃။ | ရှစ်ထောင့်ကွမ်းခွက် | ၁၆ |
| ၄၄။ | လေးထောင့်ကွမ်းခွက် | ၁၆ |
| ၄၅။ | လက်ယာမင်းခမ်းတော် | ၁၆ |
| ၄၆။ | လက်ဝဲမင်းခမ်းတော် | ၁၇ |
| ၄၇။ | ကရဝိက်ရုပ်ကွမ်းအုပ် | ၁၈ |
| ၄၈။ | ဟင်္သာရုပ်ကွမ်းအုပ် | ၁၈ |
| ၄၉။ | ထီး | ၁၉ |
| ၅၀။ | သမ္မုတိထီး | ၁၉ |

မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၅၁။ စန္ဒထီး၊ သူရိယထီး ၁၉

၅၂။ ကနက္ကဒဏ်ထီး ၂၀

၅၃။ တမွတ်ထီး ၂၀

၅၄။ ယာဉ်ထီး ၂၀

၅၅။ ယပ်မား ၂၁

၅၆။ မြေနန်း ၂၁

၅၇။ ပဒုမ္မာကြာချပ် ၂၂

၅၈။ မြေလပ် ၂၂

၅၉။ ပြော့သား၊ တုရင်သား ၂၃

၆၀။ တုရင် ၂၃

၆၁။ ပြော့ ၂၃


နေရာတော်များအကြောင်း


၆၂။ နေရာငါးသွယ် ၂၃

၆၃။ ကွန်းစင်လက်ပြင်နေရာ ၂၄

၆၄။ ထွက်တော်မူကြီး ၂၄

၆၅။ နေရာနှစ်ပါး ၂၅

၆၆။ နေရာထောင် ၂၅

၆၇။ နေရာပြင် ၂၅

မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၈။ | နံ့ကပိုင် | ၂၆ |
| ၆၉။ | ကယပ် | ၂၆ |
| ၇၀။ | လန်ဖိကျောက် ကြာမုံခဲ | ၂၆ |
| ၇၁။ | ပေါင်းတော်ဆောင် | ၂၇ |
| ၇၂။ | လေသာဆောင် | ၂၈ |
| ၇၃။ | ပရိတ်နာဆက်ဆောင် | ၂၈ |
| ၇၄။ | ဇေတဝန်ဆောင် | ၂၈ |
| ၇၅။ | ဖြဲတိုက် | ၃၀ |
| ၇၆။ | ဆင်တင်းကုပ် | ၃၀ |
| ၇၇။ | စနု | ၃၀ |
| ၇၈။ | စမုတ် | ၃၁ |
| ၇၉။ | ထားဝယ်ဆောင် | ၃၂ |
| ၈၀။ | လျောင်းတော်ဦး | ၃၂ |
| ၈၁။ | သဘင်နန်း | ၃၂ |
| ၈၂။ | အနောက်ပွဲတက်ဆောင် | ၃၃ |
| ၈၃။ | ငှက်ခတ်တဲ | ၃၄ |
| ၈၄။ | ပြူတံခါး | ၃၅ |
| ၈၅။ | ပွတ်လုံးကျေးစေတိုင် | ၃၅ |

မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၆။ | မောင်းမလည် | ၃၅ |
| ၈၇။ | သဠာလီ | ၃၆ |
| ၈၈။ | မျက်နှာကြက် ကြာယပ်၊ သလွန်ညောင်ရွက် | ၃၇ |
| ၈၉။ | သလွန် | ၄၁ |
| ၉၀။ | ကြေးပြာသာဒ်တော် | ၄၃ |
| ၉၁။ | နန်းစဥ်မင်းရုပ် | ၄၅ |
| | **စည်တူရိယာများအကြောင်း** | |
| ၉၂။ | စည်တော်စုံ | ၄၆ |
| ၉၃။ | ဝင်စည်တော် | ၄၉ |
| ၉၄။ | စမြောင် | ၄၉ |
| ၉၅။ | ထွက်စည်တော် | ၅၀ |
| ၉၆။ | ငွေမောင်း | ၅၁ |
| ၉၇။ | ပဟိုရ်စည် | ၅၁ |
| ၉၈။ | ပဟိုရ်စည်တီးပုံ | ၅၁ |
| ၉၉။ | မင်းကြားစည်၊ မင်္ဂလာစည် | ၅၂ |
| ၁၀၀။ | ရွှေပြည်စိုး | ၅၃ |
| ၁၀၁။ | စည်ကြီး | ၅၃ |
| ၁၀၂။ | ဓာတ်စည် | ၅၄ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၃။ | မော်ကွန်းတိုင် | ၅၅ |
| ၁၀၄။ | နရည်း | ၅၆ |
| | **မင်းမှုထမ်းများအကြောင်း** | |
| ၁၀၅။ | ရုံး၊ လွှတ်၊ ဝန်ကြီး | ၅၇ |
| ၁၀၆။ | ဝင်းမှူး | ၆၀ |
| ၁၀၇။ | ဝင်းအလံ | ၆၀ |
| ၁၀၈။ | မှန်ကူ | ၆၀ |
| ၁၀၉။ | ခိုနန်း | ၆၁ |
| ၁၁၀။ | စက်ဝန်း | ၆၁ |
| ၁၁၁။ | ပုံနန်း | ၆၁ |
| ၁၁၂။ | ဝင်းကိုယ်ရံ | ၆၂ |
| ၁၁၃။ | ထောင်မှူး | ၆၂ |
| ၁၁၄။ | မြို့ကွပ် | ၆၂ |
| | **လှေစုအကြောင်း** | |
| ၁၁၅။ | သာရဗိမာန်လှေ | ၆၃ |
| ၁၁၆။ | ကမကော်လှေ | ၆၃ |
| ၁၁၇။ | သာလိကာလှေ | ၆၄ |
| ၁၁၈။ | ဒိကင်းလှေ | ၆၄ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၉။ | မင်းစီးလေ့ | ၆၄ |
| ၁၂၀။ | သုံးလူပူဇော်လေ့ | ၆၅ |
| ၁၂၁။ | ပြည်ကြီးမွှန်လေ့ | ၆၅ |
| ၁၂၂။ | နဝရာလေ့ | ၆၆ |
| ၁၂၃။ | သက်နှိုးနက်လေ့ | ၆၆ |
| ၁၂၄။ | လင်းဇင်းလေ့ | ၆၆ |
| ၁၂၅။ | ပသုံလေ့ | ၆၆ |
| ၁၂၆။ | အဇလုံလေ့ | ၆၇ |
| ၁၂၇။ | ပြည်ကုံးလေ့ | ၆၈ |
| ၁၂၈။ | သယောင်လေ့ | ၆၈ |
| ၁၂၉။ | ဂင်္ဂါဧယျလေ့ | ၆၈ |
| ၁၃၀။ | သရဘူလေ့ | ၆၈ |
| ၁၃၁။ | လောကဗိမာန်လေ့ | ၇၀ |
| ၁၃၂။ | ဒွါလောင်းလေ့ | ၇၀ |
| ၁၃၃။ | သုဝလေ့ | ၇၀ |
| ၁၃၄။ | သံသုမာရလေ့ | ၇၀ |
| ၁၃၅။ | မနသီဟလေ့ | ၇၀ |
| ၁၃၆။ | နာဂဒေဝလေ့ | ၇၁ |

မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃၇။ | ဒွိဒသရူပလေ့ | ၇၁ |
| ၁၃၈။ | သုံးဆယ့်နှစ်လံလေ့ | ၇၁ |
| ၁၃၉။ | လော့ကား | ၇၁ |
| ၁၄၀။ | လက်သင်လေ့ | ၇၂ |
| ၁၄၁။ | သမ္ဗန်လေ့ | ၇၄ |
| ၁၄၂။ | သင်္ကာဒါန်လေ့ | ၇၅ |
| ၁၄၃။ | ကူရှပ်လေ့ | ၇၆ |
| ၁၄၄။ | ဇလာကပင်လေ့ | ၇၆ |
| ၁၄၅။ | ရဲလေ့ | ၇၆ |
| ၁၄၆။ | ရဲတမ်းခွန် | ၇၆ |
| ၁၄၇။ | ရဲက | ၇၆ |
| ၁၄၈။ | လွန်းကြင်လေ့ | ၇၇ |
| ၁၄၉။ | ကတ္တူလေ့ | ၇၈ |
| ၁၅၀။ | ပိန်းကောလေ့ | ၇၉ |


ဖောင်စုများအကြောင်း


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၁။ | ပဉ္စရူပဖောင် | ၇၉ |
| ၁၅၂။ | သတ္တရူပဖောင် | ၇၉ |
| ၁၅၃။ | နဝရူပဖောင် | ၈၀ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၄။ | ဒသရူပဖောင် | ၈၀ |
| ၁၅၅။ | ဒွါဒသရူပဖောင် | ၈၀ |
| | **လှော်ကားစုအကြောင်း** | |
| ၁၅၆။ | လက်ရွေးကြီးလှော်ကား | ၈၀ |
| ၁၅၇။ | လက်သစ်လှော်ကား | ၈၀ |
| ၁၅၈။ | ပြည်လုံးအုံ့လှော်ကား | ၈၀ |
| ၁၅၉။ | ပြည်လုံးကျော်လှော်ကား | ၈၁ |
| ၁၆၀။ | ပြည်လုံးရလှော်ကား | ၈၁ |
| ၁၆၁။ | သုရာကြေင်းရုပ်လှော်ကား | ၈၁ |
| ၁၆၂။ | ကိန္နရာစက်လှော်ကား | ၈၁ |
| ၁၆၃။ | ကိန္နရီလှော်ကား | ၈၁ |
| ၁၆၄။ | ထွက်တိုင်းရလှော်ကား | ၈၁ |
| ၁၆၅။ | စက်နရဲလှော်ကား | ၈၁ |
| ၁၆၆။ | ရွှေတံငါလှော်ကား | ၈၁ |
| ၁၆၇။ | ကျွဲရုပ်လှော်ကား | ၈၁ |
| ၁၆၈။ | ရန်နိုင်လှော်ကား | ၈၁ |
| ၁၆၉။ | ပွဲတိုင်းကျော်လှော်ကား | ၈၁ |
| ၁၇၀။ | မင်းတရားစက်ကြီးလှော်ကား | ၈၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၁။ | ဘုန်းတော်နိုင်ငံတော်လျော်ကား | ဂ၁ |
| ၁၇၂။ | ပဲခူးနိုင်ငံလျော်ကား | ဂ၁ |
| ၁၇၃။ | အင်းမလျော်ကား | ဂ၂ |
| ၁၇၄။ | စစ်လျှင်လျော်ကား | ဂ၂ |
| ၁၇၅။ | ပွဲလုံးတင်လျော်ကား | ဂ၂ |
| ၁၇၆။ | တွေ့တိုင်းအောင်လျော်ကား | ဂ၂ |
| ၁၇၇။ | ပွဲတိုင်းအောင်လျော်ကား | ဂ၂ |
| ၁၇၈။ | မြစ်တွင်းရန်နိုင်လျော်ကား | ဂ၂ |
| ၁၇၉။ | သူ့ရဲတုလွတ်လျော်ကား | ဂ၂ |
| ၁၈၀။ | တွေ့တိုင်းဝင်လျော်ကား | ဂ၂ |
| ၁၈၁။ | သလွှင်ဖြူလျော်ကား | ဂ၂ |
| ၁၈၂။ | ငင်းမယ်အင်းမလျော်ကား | ဂ၂ |
| ၁၈၃။ | ပြည်အင်းမလျော်ကား | ဂ၂ |
| ၁၈၄။ | ဖြတရော်လျော်ကား | ဂ၂ |
| ၁၈၅။ | သပြုလျော်ကား | ဂ၂ |

## ပလ္လင်တော်အကြောင်း

| | | |
|---|---|---|
| ၁၈၆။ | ပလ္လင်နေရာတစ်ဆယ့်နှစ်ရပ် | ဂ၃ |
| ၁၈၇။ | အပရာဇိတပလ္လင် | ဂ၃ |

မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | ရာဇပလ္လင် | ၇၃ |
| ၁၈။ | မာရဘင် | ၇၅ |
| | ကျမ်းနိဂုံး | ၇၅ |
| | နိဂုံးရတု | ၇၇ |

နောက်ဆက်တွဲ

(က) မြဝတီဦးစ၏မင်းခမ်းတော်ဘွဲ့များ ၇၉

(ခ) မင်းခမ်းတော်သရုပ်ပြပုံများ

(ဂ) ဝေါ၊ ယာဉ်၊ ထမ်းစင်တော်ပုံများ

(ဃ) ဖောင်တော်ပုံများ

(င) လှော်ကားတော်၊ လှေတော်ပုံများ

(စ) အက္ခရာဝလိညွှန်း

# ပဌိညာဉ်

တိုင်းကြီးပြည်ကြီး ထီးဆောင်းနန်းနေ ပဒေသရာဇ်၊ ဧကရာဇ်မင်းတို့၏ ဦးညွှတ်ရာ ရွှေပြည်ရွှေနန်း၌ အသုံးအဆောင် အခေါ်အဝေါ်များသည် ရှည်ကြာ၍ တိမ်မြုပ်သည့်အရာများလည်း ရှိသည်။ ရှည်လျား၍ စကားရွှေသည့်အရာလည်း ရှိသည်၊ ရှည်လည်း ရှည်လျား၍ မကြံမစည်၊ မထင်မရှားသည့်အရာလည်း ရှိသည်၊ မရှည်မလျားသော်လည်း တိမ်မြုပ်၍ မကြံမစည်၊ မရေးမသား မထားသည့်အရာလည်း ရှိသည်များကို ဇမ္ဗူနဒရွှေ၊ သိင်္ဂီရွှေ၊ စာမီကရရွှေ၊ ဟိရညကရွှေ၊ အညမုတ္တရွှေ၊ နာလာရိရွှေ၊ နာလိမုတ္တရွှေ အစရှိသောရွှေတို့ကို ရွှေကိုရွှေချင်းရောနှောစပ်လျှင် အခြားမထင်သကဲ့သို့ ကျမ်းဂန်၊ ဗေဒင်၊ ဝတ္ထု၊ ပုံပြင်၊ ရာဇဝင်၊ စကားဟောင်း အကြောင်းသင့်ရာ စပ်လျဉ်း၍ ရာဇဌာနီ မင်းနေပြည်ကြီး၌ အတွင်းမှု၊ ပြင်မှု ရွှေထီးရွှေနန်း အစဉ်သုံးဆောင်ရာ သုံးဆောင်ကြောင်းဖြစ်သော အခြင်းအရာများသည် အတိုင်းတိုင်း၊ အနိုင်နိုင်ငံ၊ အပြည်ပြည်၊ အနန်းနန်း အမင်းမင်းတို့၏ အရှင်ဖြစ်တော်မူ၍ အမရပုရ ရွှေပြည်ရွှေနန်း တည်ထောင်သိမ်းမြန်း စံပယ်တော်မူသော အာဒိစ္စဝံသ နေမင်း၏အနွယ်ဖြစ်တော်မူသော အသျှင် ဘဝရှင်မင်းတရားကြီးဘုရားလက်ထက်တော်၌ ပြည့်စုံထင်ရှားကြောင်းကို သက်သေသာဓက မူလနိမိတ်ညွှန်ပြလျက် မှတ်သားသိလွယ်စိမ့်သောငှာ ရတနာသုံးပါးကို ထိပ်ထားလက်တင်ပန်ဆင်ပြီး၍ အနဂ္ဃမုတ္တာ ရတနာပုလဲကို စီကုံးသကဲ့သို့ လဗ်မာန်စက်ဝန်း၌ ယုန်ရုပ်အရေးသည် ကမ္ဘာပတ်လုံး တည်သည်နှင့်အညီ ရွှေဘုံနိဒါန်းအမည်

ရှိသော စကားစုကို ရေးသားထားပေအံ့။

## အာသီသကေပိုဒ်ရတု

မြင်းမိုရ်ရတနာ၊ တောင်မျက်နှာဝယ်၊ နီလာမြည္ဟန့်၊ ဇမ္ဗူကျွန်းထက်၊ ဘုန်းကွန့်ဖြာပြေး၊ မန္တလေးဟု၊ ပျံ့မွှေးနှုတ်ရိပ်၊ ရွှေတောင်ထိပ်၌၊ တံဆိပ်ပုံလှ၊ ခက်ကာပြသို့၊ အမရပုရာ၊ သိင်္ဂါနန်းတည်၊ ထွတ်ဘုန်းစည်ဟု၊ လူ့ပြည်နှုတ်ရပ်၊ ကျော်သံစပ်မျှ၊ ထီးယပ်ကြာဝတ်၊ အထွတ်ပဏ္ဍမြား၊ ဆယ့်တစ်ပါးတွင်၊ ရွှေသားလျှံဝင်း၊ မင်းခမ်းကျင်းလျက်၊ မင်းမင့်သခင်၊ သိုက်ဝင်စဉ်ဆက်၊ ရွှေလက်ထက်ဝယ်၊ ရွှေစက်တော်ပါး၊ ခစားအနီး၊ ဆောင်ရွက်ကြီးက၊ မြောက်ချီးနေရာ၊ လိမ္မာမင်းမှူ၊ ရွေးချယ်ရှု၍၊ ဝန်စုဝန်ငန်း၊ သိမ်းမြန်းသနား၊ စဉ်လျားအရှည်၊ သုံးရမည်ဟု၊ ဘုန်းစည်ခေါင်ချုပ်၊ ကျွန်ုပ်သခင်၊ ရွှေဉာဏ်ဆင်လျက်၊ ဉကင်ရိပ်ဝှဲ၊ ဘိသိက်ပွဲတွင်၊ ရဲရဲညီမျှ၊ **ဇေယသင်္ခယာ**၊ ဝင်းဝါရောင်လျှပ်၊ ရွှေဘွဲ့တပ်သား၊ ပညတ်တွင်မည်၊ ကျွန်ုပ်သည်လျှင်၊ ရွှေပြည်ကျယ်ဝင်း၊ အတွင်းပြင်မှူ၊ နှစ်စုတို့တွင်၊ မထင်မပေါ်၊ ခေါ်ဝေါ်ရှည်လျား၊ စကားမကျန်၊ ထုံးစံမမှီး၊ မယူသီး၍၊ ပြည်ကြီးတိုင်းခွင်၊ နှစ်များဖြင်အောင်၊ သို့စင်တာရှည်၊ ရှိလေသည်ကို၊ အပြည်ပြည်ထောင်၊ မင်းကုန်အောင်၏၊ အခေါင်သင်းကျစ်၊ မှန်ကူဖြစ်သား၊ ကေရာဇ်ထိပ်ပေါ်၊ လက်ထက်တော်၌၊ မြင်မြော်စုပေါင်း၊ ပြည့်စုံကြောင်းနှင့်၊ ရေးဟောင်းအမည်၊ သမုတ်သည်ကို၊ နားလည်သိသာ၊ ဝေါဟာခေါ်သုံး၊ ရွှေနန်းထုံးကို၊ စီကုံးရေးသား၊ မှတ်ဖွယ်ထားအံ့၊ မပြားပုံညွှန်း၊ ကြည်းရေပန်းတိ၊ ထူးဆန်းလိုင်ကြူ၊ မဏိဂူဝယ်၊ မဥူရတနာ၊ ပဒေသာသို့၊ အရာလုံးခြုံ၊ မင်းသုံးစုံသည်၊ ရွှေဘုံနိဒါန်း စာစောင်တည်း။

# ရွှေဘုံနိဒါန်း

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ။**

နန်းပြာသာဒ်ပလ္လင် အဆောင်အယောင်များအကြောင်း

**ပြာသာဒ်။** ဘုံငါးဆင့်ရှိသော ပြာသာဒ်၊ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၊ ဘုံကိုးဆင့်ရှိသော ပြာသာဒ်ကို ရမ္မ၊ သုဘ၊ သုရမ္မဟူ၍ ပြာသာဒ်သုံးဆောင်ရှိသောအကြောင်းမှာ ကျမ်းဂန်ထင်ရှားလာသောကြောင့် သိသာရသည်။ ပါသာဒ-သဒ္ဒါသည် ရှုဖွယ်ကြည်ညိုဖွယ်ကို ဆိုသည်။

**သီကြားပေါက်။** မဇ္ဈိမဒေသ ရာဇဗ္ဗာနီမင်းနေပြည်၌ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်တွင် တတိယဘုံ၌ အပေါက်ဖောက်သည်။ ထိုအပေါက်ကို 'သီကြားပေါက်' ခေါ်ဝေါ်သည်။ 'မင်းဘုန်းပေါက်'လည်း ခေါ်ဝေါ်သည်။ သီကြားပေါက်၊ မင်းဘုန်းပေါက် ခေါ်ဝေါ်ကြောင်းမှာ ရသေ့၊ သီကြား၊ နဂါး၊ ဂဠုန်၊ ပရမေသုရာ၊ မဟာပိန္နဲ၊ လူမင်း သူမြတ်ခုနစ်ပါးတို့ စောင်မ၍ သရေခေတ္တရာပြည်တည်သည့်ကာလ သီကြား ပန်းလည်တိုင်ပြုသည်၊ နဂါးကို စက်ကြိုးအမှတ်လုပ်သည်၊ ဂဠုန်အာနဘော်ကြောင့် နဂါးသုံးရစ်တွန့်သည်၊ မြို့လည်း သုံးချက်တွန့်သည်၊ သီကြား ပန်းလည်တိုင်ပြု၍ စက်လည်သည့်အရာတွင် ဘုရား

တည်သည်။ ထိုဘုရားကို စက်ရာဘုရားဟူ၍ ယခုတိုင် ရှိသည်။ သည်ကို ရည်၍ -

မေရုဖဟိုရ်၊ မြင်းမိုရ်ဦးကိုင်၊ ပန်းလည်တိုင်ကို၊ ကြံ့ခိုင်စွာနိ။ ပွတ်ကောင်း ကြိုးဟု၊ ရေမျိုးဇာတိ၊ မဟိန္ဒိဖြင့်၊ တရိဝကော်၊ သုံးရစ်ပေါ်မှ။

ဟူ၍လည်းကောင်း။

ဖိုးဦးထိပ်၌၊ တံဆိပ်ပြည့်ဝှန်၊ ခါလွန်မြင့်ကြာ၊ တစ်ရာနှစ်စေ့၊ ဘုန်းပေ့ ခနစ်ပါး၊ တည်ထားရသေ့။

ဟူ၍လည်းကောင်း။

မြင်ဟန်မျက်စိ၊ တစ်ထောင်ရှိသား၊ မြင့်ဘိဦးခေါင်း၊ ထောင်လည်း ကောင်းတည့်၊ ခေါ်သောင်းမည်ပင်၊ ထောင်နေစင်တိ၊ ကိုယ်ပင်လက်ခြေ နှစ်ထောင်နေနှင့်၊ ပရမေသုရာ၊ ဖန်ဆင်းလာ၍၊ သိင်္ဂါဘုံမြင့်၊ ဥကင်ဖွင့်သား။

ဆိုသည်တစ်ကြောင်း။

စန္ဒိပရမိသွာ၊ မဟာပိန္ဒဲ၊ ကျော်သဲဝန်းလည်၊ ညီညာတည်သည်၊ ရွှေပြည် ခေတ္တာ။

ဟူ၍ စပ်ဆိုလေသည်။

**ကတံ**။ ပြာသာဒ်ဆောင်တွင် ရှစ်မျက်နှာ ထောက်ခံသည်ကိုလည်း 'ကတံ' ခေါ်ဝေါ်သည်။ ပညာရှိတို့ စပ်ဆိုသည်လည်း -

လက်ပင့်မြောက်၍၊ အထောက်ကတံ၊ ရှစ်ချက်ရံသည်၊ ဘုံစံသာထွေ၊ ရိပ်ရ ဝေကာ။

ဟူ၍ စပ်ဆိုလေသည်။

**မင်းဘုန်းပေါက်**။ ပြာသာဒ် ဘုံခုနစ်ဆင့်အနက် တတိယဘုံတွင် မြောက်မျက်နှာက အနောက်သို့ ယွန်း၍ အပေါက်ဖောက်သည်မှာ သိကြားနေရာ မြင်းမိုရ်တောင်သည် ဇမ္ဗူဒီပါကျွန်းမြောက်ဖြစ်၍ သိကြားစောင်မမည် လာသည်ကာလ ဘုန်းငွေ့လွှတ်ရာအပေါက်ကို သိကြားပေါက်ဖောက်သည် ဆိုသည်။ သိကြားနေရာဖောက်သည်ကို အကြောင်းပြု၍ ထိုအပေါက်ကို 'သိကြားပေါက်' ခေါ်ဝေါ်သည်။ မင်း၏ဘုန်းငွေ့လွှတ်ရာ အပေါက်ဖြစ်၍လည်း 'မင်းဘုန်းပေါက်' ခေါ်ဝေါ်သည်။

**နာယောင်ခန်း**။ အကြောင်းနှစ်ချက်ကို ထောက်လျှင် မြေနန်းပြာသာဒ်တော်သည် မင်္ဂလာကြီး၊ ပွဲသဘင်ကြီး မင်းတို့ထွက်စံရာအရပ်ဖြစ်၍ အရှေ့'နာယောင်ခန်း'တွင် မာရဘင်ကန့်သည်။

**ရာဇပလ္လင်ဥကင်**။ တစ်ကြောင်းလည်း ပြာသာဒ်ဆောင်အလယ် မာရဘင်ကန့်၍ ပြာသာဒ်ထီးနှင့်တည့်တည့် မှန်တုပ်ချိန်ပြီးလျှင် 'ရာဇပလ္လင်ဥကင်' တည်ထားသည်လည်း ဆိုသည်။ သို့ဖြစ်၍ 'မာရဘင်ဥကင်'အတွင်းနေအောင် မင်းဘုန်းပေါက်သည် အနောက်သို့ယွန်း၍ ထားသည် ဆိုသည်။

သီဟာ၊ ဘမရာ၊ ဟံသာ အစရှိသော ရာဇပလ္လင်ရှစ်မျိုး လုပ်ရိုးရှိသည်တွင် တစ်ပါးသော ရန်မာရ်တို့သည် မအောင်နိုင်သောကြောင့် ဘုရားသခင်နေတော်မူသည့်ပလ္လင်ကို **အပရာဇိတပလ္လင်** ဆိုသည်။ နတ်တို့နေရာပလ္လင်ဖြစ်၍ **ဒိဗ္ဗပလ္လင်** ဆိုသည်။ မင်းတို့နေရာပလ္လင်ဖြစ်၍ **ရာဇပလ္လင်** ဆိုသည်။ ပလ္လင် = ခံခြင်းအနက်ကို ဟောသည်၊ ဥက္ကံသ = သဒ္ဒါသည် မြတ်သောအနက်ကို သမွန်သည်ဖြစ်၍ ဥကင်ဆိုသည်။

**သိကြားရုပ်**။ ရာဇပလ္လင် ဥကင်မှခ်ထွတ်အထက် တုရင်ဗိမာန်တွင် သိကြားရုပ်နှင့် မှန်တိုင်ထားသည်မှာ သာသနာတော်ကို စောင့်ထိန်း၍ မကောင်းသသူကို မကောင်းလျှောက်၊ ကောင်းသသူကို ကောင်းလျှောက် ချီးမြှောက်နှိမ့်ချခြင်း၌ မှန်ကန်တော်တည့်ဖြောင့်မတ်စွာ အကျွန်ုပ်ကဲ့သို့ ပြုတော်မူ - အမှတ်ပေးခြင်းငှာ "မဟာရာဇ → မြတ်သောမင်းကြီး။ ဓမ္မေန - တရားနှင့်။ သမေန - ညီသဖြင့်။ နဂရံ - ပြည်ကို။ သမ္မာလေတု - ကောင်းစွာစောင့်ရှောက် နိစ္စမတော်မူလော့။ မယှံ- အကျွန်ုပ်၏။ နလာဋေ - နဖူးပြင်၌။ သုဝဏ္ဏ ဥဒဒဏ္ဍံ - ရွှေမှန်တိုင်ကို။ ပဿထ - ရှုတော်မူလော့" ဟူ၍ ဆုံးမပေးခြင်း နိမိတ်ပြုသောကြောင့် တုရင်ဗိမာန်တွင် သိကြားရုပ်၏ နဖူးနှင့် အမျှ ရှေ့ကမှန်တိုင် စိုက်ထားလေသည်။

ကုသိနာရုံ၌ သဗ္ဗညုဘုရားသခင်အား သာသနာတော်ကို သိကြားနတ်စောင့်ထိန်းလို၍ လျှောက်ချက်အတိုင်း အပ်တော်မူသည်ဖြစ်၍ ရှေးစာဟောင်းများတွင် -

ရှင်တော်ပွဲဝယ်၊ လွန်ကဲကြံစည်၊ လျှောက်ဖူးသည်နှင့်၊ ကျင့်ရည် တခြား၊ မိုးသိကြားသည်၊ စကားမညီမရှိလော။

ဟူ၍လည်းကောင်း။

ကောင်းချီးပေးတင့်၊ နတ်ဘုန်းမြင့်လည်း။ ငါနှင့်တူရည်၊ ဖြစ်ပြီးသည် ကို၊ လူပြည်ရပ်မှာ၊ သာသနာလျှင်၊ ရောင်ဝါရွှန်းရွှန်း၊ လနယ်ဆန်းလိမ့်။

ဟူ၍လည်းကောင်း။

ထင်ရှားသာသနာ၊ ယခုခါဝယ်၊ သမ္မာနတ်မွန်၊ စောင့်သည်မှန်မူ။

ဟူ၍လည်းကောင်း။

ဘုန်းလျှံကုသိန်၊ စံပယ်ချိန်ဝယ်၊ မုနိန်ဗျာဒိတ်၊ မိန့်နိမိတ်ကြောင့်၊ ဒေဝိသရာ၊ တေဇာပထင်၊ မြင်းမိုရ်ရှင်လျှင်၊ လူ့ခွင်မျှော်ကြည့်၊ စောင့်ဆောင် ပြည့်ဟု။

ဟူ၍လည်းကောင်း စပ်ဆိုလေသည်။ (သာသနာတော်ကို သိကြားစောင်မ သည်ကို ရည်၍ နေ့၊ ရက်၊ လ၊ နှစ် စွဲမှတ်သည့်အရာများတွင် သက္ကရာဇ ဟူ၍ ရေးသားလေသည်၊ သက္ကရာဇာပင် ဖြစ်သည်။)

**နဝရတ် ၉-ပါး။** တုရင်ဝမ်းတွင် နဝရတ်ကိုးပါး နံထားသည်မှာ ပုလဲ၊ သန္တာ၊ နီလာ၊ စိန်၊ ကြောင်၊ ဂေါမိတ်၊ ဥဿဖရား၊ ပတ္တမြား၊ မြ ကျောက်ကိုးပါး သည် ဘေးအန္တရာယ်ကို ပယ်စေတတ်သည်။ နဝရတ်ကိုးပါးကို ချီးမွမ်းလိုသည် ဖြစ်၍ ဗေဒင်ကျမ်း ဟိတကာရီလင်္ကာတွင် -

ပတ္တမြား၊ စိန်ခဲ၊ ပုလဲ၊ သန္တာ၊ ဂေါမိတ်ဖြာသား၊ နီလာ၊ ကြောင်ဟုတ်၊ ဥဿဖရား၊ မြကိုးပါးတွင်၊ ပတ္တမြားလယ်ချက်။

ဟူ၍လည်းကောင်း၊ တစ်နည်းလည်း -

သန္တာဒိတ္တ၊ စန္ဒကားစိန်၊ မူးချိန်ပြည့်ခဲ၊ ပုလဲဘောမ၊ ဗုဒ္ဓကြောင်မှာ၊ သောရာဂေါမိတ်၊ လျှံဖိတ်တောက်ပ၊ ဂုရုမြနှင့်၊ ဥဿဖရား၊ ရာဟုထားမှ၊ ထူးခြားရောင်ဝါ၊ နီလာသောကြ၊ ထွန်းပချက်ဗွေ၊ လျှံဝေပတ္တမြား၊ ထွတ်ဖျား ကေတု၊ မှန်ကင်းပြု၍။

ဟူ၍လည်းကောင်း၊ နဝရတ်ကျောက်အကျိုးကိုလည်း -

ကြီးထွေရောဂါ၊ ဖျားနာကင်းဝေး၊ ရန်ဘေးမလာ၊ တစ်ရာသက်လွန်၊ နေရမှန်သည်၊ ကျမ်းဂန်ဉာဏ်သို့ လာသတည်း။

ဟူ၍ စပ်ဆိုလေသည်။ မဏိဇောတိရသ်ကျောက်မြတ် ရတနာသည် လိုရာဆန္ဒကို ပြည့်စုံစေနိုင်သည်။

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိဇောတိရသော ယထာ။
ယံယံဝရံ ပတ္ထေတွာန၊ ပုညာနိ ပရိပူရေန္တု။ ။

ကျမ်းဂန်ရှိသည်ကို ထောက်၍ သိရာသည်။

ခြင်္သေ့ရုပ်။ ရာဇပလ္လင်အောက်ခုံတွင် ကေသရာခြင်္သေ့ရုပ် ထားသည်မှာ ပဏ္ဍု၊ ကာဠ၊ တိဏ ခြင်္သေ့သုံးမျိုးထက် တန်ခိုးအာနုဘော်ကြီး၍ အရုပ်ကိုးမျက်နှာကို မြူးထူးခုန်လွှားကြုံးဝါးလျက် ရန်ကိုနှိမ်နင်းနိုင်သည့် နိမိတ်ကို ထောက်၍ ထုလုပ်ထားလေသည်။ ကေသရာခြင်္သေ့မင်း ကြုံးဝါးခြင်း၊ သန်မြန်ခြင်းကိုလည်း ရှေးပညာရှိတို့ စပ်ဆိုသည်မှာ -

ရတနာဂူ၊ နန်းမဥ္ဇူကာ၊ ထွက်ပြူကွန့်ထူး၊ သံရှင်ကျူး၍၊ ရှင်မြူးထွေသာ၊ ပျော်ရာရာဌ်၊ ဘယ်ညာကြွားကြွား၊ ကြုံးသံလွှားသော်၊ နွားလားတစ်တွန်၊ လျင်သန်မြန်၏။

ဟူ၍လည်းကောင်း။

တိုင်းမှန်သန်တောင်၊ ထောင်လည်းမကာ၊ ကောင်းကင်ဝသို့၊ ခုန်ထမြောက်စွာ။

ဟူ၍လည်းကောင်း။

မြေညီမှာမူ၊ လေးရာတာထောက်၊ စွန်းစွန်းရောက်လျက်။

ဟူ၍လည်းကောင်း။

ကုန်းမြင့်ထက်မှ၊ ဆင်းသက်စုတ်စုတ်၊ ပြေးအားထုတ်သော်၊ ဂါဝုတ်တိုင်အောင်၊ ဆောင်သားဇဝန၊ စွမ်းထာမဖြင့်။

ဟူ၍လည်းကောင်း။

ပေါက်ပြသုံးခါ၊ ဟောက်ကြားရာသို့၊ လိုက်နာမိုလျှင်း၊ ခြင်္သေ့မင်းလျှင်၊ ရန်ခွင်းတောလုံး၊ စိုးသောထုံးသို့။

ဟူ၍လည်းကောင်း စပ်ဆိုလေသည်။

တစ်ကြောင်းလည်း -

တောင်မြင်းသီလာ၊ နေရာဂူထဲ၊ ကျိန်းပြီးရဲမှ၊ ထွက်မြဲဘာသာ၊ အခါ

လေးပါး၊ ကြုံလာဖြားမူ၊ ရွှေဝဂ္ဂဏ္ဍ၊ သုံးယူဇနာ၊ ရပ်ရာကြားလောက်၊ မြည်သံ
ဟောက်၍။

ဟူ၍လည်းကောင်း။

ငြိမ်းခြောက်လန့်ကြား၊ တောဝယ်သားကို၊ ဖမ်းစားမြည်ရှတ်၊ သွေးသံ
တုတ်၍၊ တဖြုတ်မည်၊ ပဲ့တင်သံဖြင့်၊ ခုန်ပျံနားဝဲ၊ နေရာမြဲသို့၊ မစဲမိခင်၊
ရောက်လာလျှင်လျက်၊ စွမ်းအင်ထကြွ၊ တတ်အားလုသည်၊ သီဟရာဇာ၊
ကေသရာဟု။

ဟူ၍လည်းကောင်း စပ်ဆိုသည်များကို ထောက်သဖြင့် ကေသရာခြင်္သေ့မင်းဂုဏ်
ကို သိရသည်။

**တံခါးတိုင်**။ ရာဇပလ္လင် ဥကင်မှန်ထွတ် လက်ဝဲ၊ လက်ယာ တံခါးတိုင်တည်
ထားသည်မှာ ဥကင်မှန်တံခါးဦး ရှိသည်တစ်ကြောင်း။ တစ်ရာ့ရှစ်ကွက် စက်
လက္ခဏာတော်၌လည်း တံခါးတိုင်ပါသည်တစ်ကြောင်းကြောင့် ထားသည်။
တောရဏံ = တံခါးတိုင်ဟူ၍ ပါဠိရှိသည်။ ပါဒနက်သန်လင်္ကာတွင်လည်း -

ရောင်မောင်းပြာသာဒ်၊ အထွတ်မြင့်နိုင်၊ တံခါးတိုင်နှင့်။

ဟူ၍လည်းကောင်း စပ်ဆိုလေသည်။

**လောကနတ်၊ ဆင်ပျံ၊ ခြင်္သေ့ရုပ်**။ ရာဇပလ္လင် ဥကင် လက်ဝဲလက်ယာ
လောကနတ်၊ ဆင်ပျံ၊ ခြင်္သေ့ ထုလုပ်သည့်အကြောင်းမှာ အကြောင်းလေးပါး
တွင် တစ်ပါးပါးကြောင့် ရတနာရွှေဂူမှ ကေသရာခြင်္သေ့မင်းထွက်လေလျှင်
ကောင်းကင်ပျံ ဆင်နှင့်တွေ့၍ အစာဖြစ်သော တိမ်ညွန့်ကြောင့် ခိုက်ရန်ဖြစ်
သဖြင့် ဆင်ပျံဦးကင်းကို ခြင်္သေ့နင်းလျက် နှာမောင်းကို စုတ်သည်တွင်
လောကနတ်သည် ရန်နှစ်ဦးကိုမြင်၍ ခြေတွင် စည်းစုပ်တီးလျက် သီချင်းသီ
၍ ကခုန်ရွှင်မြူးသောအသံသည် သာယာလှသည်ကို နာခံကြ၍ ဆင်ပျံ၊
ခြင်္သေ့ နှစ်ဦး ရန်ငြိမ်းကြလေသည့် နိမိတ်ကိုထောက်၍ လောကနတ် ခြေတွင်
စည်းစုပ်နှင့်ကဟန်၊ ဆင်ပျံဦးကင်းကို ခြင်္သေ့နင်းလျက် နှာမောင်းကို စုတ်ဟန်
ထုလုပ်လေသည်။

**ပဒုမ္မာကြာထက်၌ သိကြားရုပ်**။ ရာဇပလ္လင်ဥကင် လက်ဝဲ၊ လက်ယာ ပဒုမ္မာ

ကြာပွင့်ခံ၍ သားမြီးယပ်စွဲလျက် လက်ဝဲ ၁၆-ရုပ်၊ လက်ယာ ၁၆-ရုပ် ပေါင်း ၃၂ သိကြားရုပ်ထုလုပ်သည့်အကြောင်းမှာ ကေရာဇ်မင်းမြတ်တို့ တုရင်ဗိမာန်တွင် သိကြားရုပ် တစ်နှင့် သုံးကျိပ်သုံးယောက်သော သိကြားတို့ ပတ်လည်စောင့်ရှောက်ဟန် ဖြစ်သည်။ သိကြားနတ် နိမ်ကျိုးရာသော အကြောင်းတွင်လည်း -

သစ္စာစကား၊ တော်မှန်ပြားက၊ သိကြားသော်မြို့ ဦးဖြင့်လျှို့၏။

ဟု စပ်ဆိုသည်ကို ထောက်၍ သိရာသည်။

**ဒေါင်းမြီးယပ်**။ ရာဇပလ္လင်ဥကင် လက်ဝဲ၊ လက်ယာ ဒေါင်းမြီးယပ်ထည့်သည်မှာ ဟိမဝန္တာ၊ ဂန္ဓမာဒန အစရှိသော တောင်၌ မွေ့လျော်သော ဥဒေါင်းငှက်သည် အမြီးသာ တင့်တယ်ခြင်းဖြစ်သည်။ ဥဒေါင်းမင်းကို မင်းခြောက်ဆက်လက်ထက် ညွှတ်ဖြင့်ထောင်သော်လည်း သစ္စာအာနုဘော်ကြောင့် မဖမ်းမမိမရ၊ ဘေးအန္တရာယ်ကင်းသည်၊ မောရသုတ်တွင်လည်း "စိရသံ- ကြာမြင့်စွာ၊ ဝါယမန္တာပိ- လုံ့လပြုကုန်သော်လည်း၊ ကဏိတုံ- ဖမ်းအံ့သောငှာ၊ နေဝသက္ခိံသု- မတတ်နိုင်ကုန်" ပါဠိရှိသည်ဖြစ်၍ ပညာရှိတို့ စပ်ဆိုသည်မှာ -

လိုဏ်ဝပျော်ညောင်း၊ ဖောင်မပေါင်းသား၊ ဥဒေါင်းရွှေဝါ၊ နှစ်ခြောက်ရာထိ၊ အာလယစက်။

ဟူ၍ ဆိုလေသည်။ ရှေးနိမိတ်ကို အစွဲပြုသဖြင့် သီရိမောရနဂ္ဂ = အသရေရှိသော ဥဒေါင်းမြီးယပ် ထုလုပ်လေသည်။

**ကိန္နရာ**။ ရာဇပလ္လင်ဥကင် လက်ဝဲ၊ လက်ယာ ကိန္နရာကဟန်ထုလုပ်သည့်အကြောင်းမှာ ကိန္နရာတို့သည် နူးညံ့သောအမှုအရာ ပန်းဝတ်ဆံကိုသာ စားလေ့ရှိသည်။ ငါးပါးသော အဆင်းအင်္ဂါနှင့် ပြည့်စုံသည်၊ ဘုရားပွင့်တော်မူသည့်နေ့ ဝမ်းမြောက်ဝမ်းသာ ကခုန်မြူးထူးခြင်း ပြုလေသည်။ ဘိသိက်ခံရာ၊ ဥကင်မှခ်တံခါးဖွင့်ရာဖြစ်၍ ရှေးနိမိတ်ကို ထောက်သဖြင့် ကိန္နရာကဟန်ထုလုပ်သည်။

**ဆင်နားဇာ**။ ရာဇပလ္လင်ဥကင် လက်ဝဲ၊ လက်ယာ ဆင်နားဇာပေါက် ထုလုပ်

သည့်အကြောင်းမှာ ကာလာဝက၊ ဂဂေါ်ယျ၊ ပဏ္ဍာရ၊ တမ္ဗ၊ ပိင်္ဂလ၊ ဂန္ဓ၊ မင်္ဂလ၊ ဟေမ၊ ဥပေါသထ ကိုးမျိုးဆင်ထက် ဆဒ္ဒန်ဆင်မင်းသည် အမြတ် ဖြစ်၍ ဆဒ္ဒန်ဆင်မင်း၏နားနှင့် သဏ္ဌာန်တူစွာ ထုလုပ်လေသည်။ ဇာပေါက် မှာ ဇာလသည် မာဂဓစကား ဖြစ်သည်။ မြန်မာပြန်လျှင် ထွန်းပသည် ဆို သည်ကိုထောက်လျှင် ထိုအပေါက်သည် ထွန်းပခြင်းရှိသည့်အပေါက် ဆိုလို သည်။ ရွှေဇာ၊ ငွေဇာ ခေါ်ဝေါ်သည်မှာလည်း အထည်အလိပ် အကွက်အကန့် တို့သည် အရောင်အဝါရှိသည်ကို ထောက်၍ ခေါ်ဝေါ်သည်ပင် ဖြစ်၏။ ကျည်းကုလားတို့ဘာသာ 'ဇာ'ခေါ်၍ ကျည်းကုလားတို့စကားလည်း မာဂဓ စကားပင် ဖြစ်သည်။

**ခြူးပန်း၊ ခြူးနွယ်။** ရာဇပလ္လင်ဥကင် လက်ဝဲ၊ လက်ယာ ခြူးပန်း၊ ခြူးနွယ် ထုလုပ်သည့်အကြောင်းမှာ ခြူးသူကို ဘီလူးတို့ ကြောက်ရွံ့သည်။ ခြူးသူ အဝတ်တန်ဆာလည်း အခွေအဝိုက်၊ အညွန့်အနွယ် ဖြစ်သည် ယူရန်ရှိသည်။ တင့်တယ်ဖွယ်ရာသည်ဖြစ်၍ သိမ်ပတ္တမင်းသားသည် ခြူးသူတန်ဆာကို ဆင် ဝတ်သည်။ ဘီလူးတို့ကြောက်ရွံ့သည်ကို နိမိတ်ပြုသဖြင့် သမုဒ္ဒရာပင်လယ် ကို ကူးသွားရသော သင်္ဘောဦး၌ ခြူးသူ၊ ခြူးရုပ် ထုလုပ်လေသည်။ ခြူးသူ ၏အဝတ် အဆင်တန်ဆာကို ထောက်၍ ခြူးပန်း၊ ခြူးနွယ်ကို သိရသည်။ ခြူးပန်း၊ ခြူးနွယ်ကိုလည်း မင်းတို့သုံးဆောင်ရာ၌ ထုလုပ်ရေးသားသည်။ ရှေး စာဟောင်းတွင်လည်း -

မင်းတို့အစဉ်၊ ဆံလျှဉ်မျက်မြှား၊ ကုဏ္ဍလာဟု၊ ခြူးကြာပြောက်ကွင်း။

ဟူ၍လည်းကောင်း။

ခြူးစိပ်စိန်ခက်၊ ဝန်းယုက်ကြာညောင်၊ လရောင်ပြက်ကာ။

ဟူ၍လည်းကောင်း စပ်ဆိုလေသည်။

**ဦးဆောက်ပန်း။** ရာဇပလ္လင်ဥကင် လက်ဝဲ၊ လက်ယာ ခြူးနွယ်အလယ် တစ်ပင်တစ်ခက်တွင် တစ်ပွင့်တစ်ပွင့်စီသော ကြွေလျက်ပါသော ဦးဆောက် ပန်းထုလုပ်သည်မှာ မင်္ဂလာပန်းဖြစ်၍ မင်းတို့စီးသည့် မြင်းရထားဦးတွင်

ဦးဆောက်ပန်းသဏ္ဍာန် စိုက်ဆောက်သည်။ စက်တော်တွင် ပါသည်ဖြစ်၍ "ဝင့်သောစ၊ ဦးဆောက်ပန်းငှင်း" ပါဋ္ဌိရှိသည်။ ပါဒနက်သန်လင်္ကာတွင်လည်း-

လည်ရေးသုံးဆင့်၊ လုတင့်ရွှန်းရွှန်း၊ ဦးဆောက်ပန်းက၊ စသည်မကွဲ။

ဟူ၍ စပ်ဆိုလေသည်။ ရေးဖြစ်ဟောင်း အကြောင်းနိမိတ် ယုတ္တိယုဥ်ရာ သဘောသကန်ကို ထောက်ထားဆင်ခြင်၍ ရာဇပလ္လင်ဥကင်တော်တွင် ထုလုပ်သမျှကို ကြည့်ရှုမှတ်သားရာသည်။

**မဟာဂိရိနတ်ကွန်း။** မဟာဂိရိနတ် ဖြစ်ရင်းအကြောင်းမှာ ရာဇဝင်ပါပြီးဖြစ်၍ အထူးမဆိုပြီ၊ သေဥ်လည်ကြောင်မင်းလက်ထက် ပုဂံသို့ရောက်လျှင် မင်းနှင့် စကားပြောဆိုသည်ဖြစ်၍ နန်းတော်တွင် နတ်ကွန်းထားသည်ကို အကြောင်းပြုသဖြင့် ရွှေထီးရွှေနန်းအဆက်ဆက် နန်းဦးအဆောင်တွင် မဟာဂိရိနတ်ကွန်းထားလေသည်။ ရှေးစာဟောင်းတွင်လည်း -

သေဥ်လည်ကြောင်နှင့်၊ ဖောင်ဖောင်ရယ်မော၊ စကားပြောရှင့်။

ဟူ၍ စပ်ဆိုလေသည်။

♥ ♥ ♥

## မင်းခမ်းတော်များအကြောင်း

**သီဟာသနနေရာ** ။ သီဟာသနနေရာသည် ခြင်္သေ့ခံသောနေရာ ဆိုသည်။

**မင်းမြောက်တန်ဆာ ငါးပါး** ။ မင်းမြောက်တန်ဆာငါးပါးမှာ ကျမ်းဂန်ပါဋ္ဌိရှိသည်ဖြစ်၍ အထူးမကြံသာ။

**ရတနာပန်းတောင်း** ။ ရတနာပန်းတောင်းမှာ ဘုရားသခင် မွေတော်၊ ဓာတ်တော်တို့ကို ရတနာပန်းတောင်း၌ စုရုံးကျိန်းဝပ်စေ၍ အဇာတသတ်မင်း စေတီကြီးစွာတည်သည်၊ ဘုတာဝါပဟနယန္တတရားစက်ရထားသည် နော်ရထာမင်းစောဇေယခံစေတီကို တည်သည့်ကာလ မွေတော်၊ ဓာတ်တော်၊ ညှပ်ရိုးတော်တို့ကို ရတနာပန်းတောင်း၌ ထည့်၍ ဌာပနာသည်၊ တရုတ်ပြည်မှာ စွယ်တော်ပွားကို နော်ရထာမင်းစော ရတနာပန်းတောင်းဖြင့် ခံသည်၊ အလောင်းစည်သူ

မင်းလည်း ရတနာပန်းတောင်း၌ ကျောက်ကိုးပါးဖြင့်ထည့်၍ ပူဇော်ကန်တော့ပြီးလျှင် "စကားကိုးပိုင်း၊ သရက္ခန်ငါးဆူ၊ ဘုရားသခင်ရပ်တု ကျိန်းဝပ်တော်မူလိုရာ နိမိတ်ထင်စေသော"ဟု မိဌာန်သစ္စာပြုသည် ဆိုသည်များကို ထောက်လျှင် ရတနာပန်းတောင်းသည် မင်းတို့ အစဉ်သုံးဆောင်ရာ၊ အရိအသေပြုရာ သစ္စာမိဋ္ဌာန်ပြု၍ ဆုပန်တောင်းသည်များကို ထောက်၍ သိရာသည်။

**စလင့်ကြာ** ။ စလင့်ကြာမှာ ပဋိက္ကရားမင်းအဆောင်ကို နော်ရထာမင်းစောအား ဆက်သည် ဆိုသည်။

**ထွေးခံ၊ ထွေးအင်**။ ထွေးခံ၊ ထွေးအင်မှာ ရှေးရှေးသော မင်းတို့လက်ထက်လည်း ရှိရာသည်ပင် ယူရန်ရှိသော်လည်း မထင်မပေါ်၊ စည်ကြီး၊ ခေါင်းလောင်း၊ လုံပျံ၊ နတ်လေ့တို့ဖြင့် ပြည့်စုံခြင်း၊ သတင်းတန်ခိုး မိုးမြေနှံ့မျှ ဘုန်းအာဏာရှိသော ဒွတ္တပေါင်မင်းသည် တံတွေးထွေးသည့်ကာလ မြေသို့ကျလျှင် နဂါးတို့မခံနိုင်၍ တံတွေးခံရန် ထွေးခံဆက်သည် ဆိုသည်။ ထွေးခံ၊ ထွေးအင်တစ်ချက်တည်းပင် ဖြစ်သည်။ သို့ဖြစ်၍ ရွှေထီးရွှေနန်းအဆက်ဆက် အဆောင်အရွက်ပေးတော်မူလျှင် ကွမ်းခွက်၊ လက်ဖက်အိုး၊ တကောင်းပိတ်နှင့် အတူမဟုတ်၊ ထွေးအင်မှာ နောက်မှပေးသည်ဖြစ်၍ စာချွန်တစ်စောင်ပင် ဖြစ်သည်။ ထွေးအင်အရာကြီးသည် ဆိုလိုသည်။

**ကလပ်**။ ကလပ်မှာ ရာမညတိုင်း မင်းတို့အဆောင် ဖြစ်သည်။

**ကွမ်းလောင်းကြီးငယ်**။ ကွမ်းလောင်းကြီး၊ ကွမ်းလောင်းငယ်မှာ တကောင်းမင်းတို့ အဆောင်အရွက်ဖြစ်သည်။

**ကျပ်**။ ကျပ်မှာ သထုံမင်းတို့ အဆောင်ဖြစ်သည် ဆိုသည်။ ပဏ္ဍဝတောင်၏ သဏ္ဌာန်လည်း ဆိုသည်။

**ကျပ်မြင်းမိုရ်**။ ကျပ်မြင်းမိုရ်မှာ တကောင်းမင်းယောက်ဖ အိမ်ရှေ့မင်းသည်

ဝက်ကြီးကို ခွင်းပြီးသည့်နောက် ရသေ့ပြု၍နေသည်။ ချဉ်ဆားမိုးအုံ့သောဌာ လူရှိရာအရပ်သို့ လာသည်၊ လမ်းခရီး ကျပ်တီးအရပ်၌ မြင်းမိုရ်ကို အစိုးရသော သိကြားမင်းသည် ချဉ်ဆားဖန်ဆင်း၍ ထည့်ရန်နှင့်တကွ ကပ်လေသည်။ ထိုကို အမှတ်ပြု၍ ရဟန်းတို့မှာ ခွက်အုပ်ခေါ်ဝေါ် သုံးဆောင်လေသည်။ ပြည်တည်ရာ အရပ်မှာလည်း ရသေ့နေသည့်အရပ်၌ပင် ပြည်တည်လေသည်ဖြစ်၍ ရသေ့ပြည်ခေါ်ဝေါ်သည်၊ မဟာသမ္မတမင်းသားအား သိကြားပေးအပ်သည့် အဆောင်ကို ရသေ့ကအပ်၍ သုံးဆောင်သည်၊ မဟာသမ္မတမင်း၊ စူဠသမ္မတမင်းတို့ သုံးဆောင်သည်တွင် ကျပ်မြင်းမိုရ်ခေါ်ဝေါ်သမုတ်သည်၊ ကျပ်မြင်းမိုရ်လည်း မှူးမတ်တို့အဆောင်မဟုတ်၊ မင်းသားတို့အဆောင်ဖြစ်သည်။ ကျပ်မြင်းမိုရ်ကိုပင် **ကျပ်လုပ်ဟူ၍** ဆိုသည်။

**ခြသေ့်ခံကွမ်းခွက်**။ ခြသေ့်ခံကွမ်းခွက်မှာ ဝက်ရာဇ်ပြည်၌ ဝိဇယဗာဟုမင်း လက်ထက်သုံးသည့် အဆောင်ဆိုသည်။

**နဂါးကွမ်းခွက်**။ နဂါးကွမ်းခွက်မှာ တကောင်းသတိုး ဆယ့်ခုနစ်ဆက် သတိုးနဂါးရမင်းလက်ထက်ဆောင်သည့် အဆောင်ဖြစ်သည် ဆိုသည်။

**လက်တင်ကြား**။ လက်တင်ကြားမှာ ယိုးဒယားမင်းတို့အဆောင်။

**ကွမ်းထည့်၊ ကွမ်းချပ်**။ ကွမ်းထည့်၊ ကွမ်းချပ်မှာ ရခိုင်မင်းအဆောင်။

**သလင်းမြောင်**။ သလင်းမြောင်မှာ လင်းဇင်းမင်းအဆောင်။

**သစ်တိုင်**။ သစ်တိုင်မှာ ဇင်းမယ်မင်း အဇံဆောင်ဖြစ်သည် ဆိုသည်။ နန္ဒသာကီဝင်မျိုး အဆက်အနွယ်ဖြစ်သော ဝိဇယပုရမြို့တည် နန်းတည် ပင်းယတစ်စီးရှင်လက်ထက် ရွှေစည်းခုံဘုရားကိုတည်သည့်ကာလ ဇင်းမယ်မင်း၊ ယိုးဒယားမင်း၊ ရခိုင်မင်း၊ လင်းဇင်းမင်းတို့ စစ်အင်္ဂါလေးပါးနှင့် ရောက်လာကြ၍ မင်းငါးပါး တွေ့ကြုံကြသည်၊ မင်းလေးပါးတို့သည် ဘာသာအတီးအမှုတ်ပွဲသဘင်ခံသည်၊ နေပြည်ရှိရာအရပ်သို့ မျက်နှာပြု၍ ထောင့်လေးထောင့်ထက်

ဘုရားတစ်ဆူစီ တည်ခဲ့သည်၊ ထိုဘုရားလေးဆူကို **ဂိရိလေးဆူ** ခေါ်ဝေါ်ထင်ရှားသည်၊ သို့ဖြစ်၍လည်း ပညာရှိတို့စပ်ဆိုသည်မှာ -

ရေးယွန်းမည်သည်၊ ဂျွမ်းပြည်ဦးကိုင်၊ ရခိုင်လင်းဇင်း၊ နိပ်နွံနင်းသား၊ ပင်းယမြို့မှာ ဌပနာသည်၊ မန္တာဂိရိ၊ မုနိစိုးချာ၊ ဘုန်းတောက်ဖြာသည်၊ စန္ဒာဂိရိ၊ လှုံညီစကြာ၊ ထိန်ဝင်းဝါသည်၊ ရတနာဂိရိ၊ ခေါင်ထိသစ္စာ၊ သိထွေလာသည်၊ နန္ဒာဂိရိ၊ မုနိရုပ်တု။

ဟူ၍ စပ်ဆိုလေသည်။

ယွန်းမင်း၊ ဂျွမ်းမင်း၊ ရခိုင်မင်း၊ လင်းဇင်းမင်းတို့လည်း မဟာမိတ်ပြု၍ မင်းဆောင်မင်းခမ်းကို ပင်းယမင်းအား ဆက်ခဲ့ကြသည်။ ပင်းယမင်းကလည်း ပဏ္ဏာလက်ဆောင်အများ မင်းလေးပါးကိုဆက်၍ နေပြည်သို့ ပြန်ကြသည်။ ဟရိဘုဥ္စတိုင်းကို အစိုးရသော ဇင်းမယ်မင်း၊ အယုဇ္ဈတိုင်းကို အစိုးရသော ဂျွမ်းမင်း၊ ဆယ့်နှစ်ကျွန်းကိုအစိုးရသော ရခိုင်မင်း၊ လဝရဋ္ဌတိုင်းကိုအစိုးရသော လင်းဇင်းမင်းသို့ အဆောင် **သစ်တိုင်၊ လက်တင်ကြား၊ ကွမ်းချပ်၊ သလင်းမြောင်** အဆောင်များသည် တစ်စီးရှင်လက်ထက် စုရုံးမိသည် ဆိုသည်။

အချို့လည်း ဟံသာဝတီ ဆင်ဖြူများရှင်သည် ဇင်းမယ်၊ ယိုးဒယား၊ လင်းဇင်းပြည်ကို လုပ်ကြံအောင်မြင်သည်တွင် ထိုမင်းတို့၏ အဆောင်အယောင်ကို ကျင်းပဆောင်ရွက်သည် ဆိုသည်။

ရခိုင်မင်းမှာမူကား တပင်ရွှေထီးလက်ထက် ရခိုင်ပြည်သို့ ချီရောက်သည့်ကာလ ရခိုင်ပြည်သို့ဝင်၍ ရခိုင်မင်းနှင့် ဘုရင့်နောင် ကျော်ထင်နော်ရထာ စကားပြောဟောကြသည်တွင် မိတ်သဟာယဖြစ်သည်၊ သစ္စာရှိကြသည်လည်း ဆိုသည်၊ တပင်ရွှေထီးမရှိသည့်နောက် ဘုရင့်နောင်ကျော်ထင်နော်ရထာ မင်းဖြစ်၍ တိုင်းနိုင်ငံချဲ့သည်တွင် ရခိုင်ပြည်ကို မလုပ်မကြံသည်ကို ထောက်၍ ရှေးက သစ္စာရှိသည်၊ ဆိုသည့်စကား ညီသည် ယူရန်ရှိသည်၊ ဟံသာဝတီ ဆင်ဖြူများရှင်သို့ ရခိုင်မင်းက သံတမန်စေရောက်၍ အလေးအမြတ်ဆောင်ယောင်သည့် ကွမ်းထည့်၊ ကွမ်းချပ်အဆောင်ကို ဆက်သည် ဆိုသည်။

တစ်စီးရှင်လက်ထက်၊ ဆင်ဖြူများရှင်လက်ထက် စုရုံးမိသည်ဆိုသည့် စကားနှစ်ရပ်ပင် ယုတ္တိသဘောရှိကြသည်။

**ရွှေအိုးပျစ်၊ ရွှေမြူတာ၊ ရွှေတကောင်း**။ ရွှေအိုးပျစ်၊ ရွှေမြူတာ၊

ရွှေတကောင်းများမှာ ဗာရာဏသီမင်း၏အဆောင် ဖြစ်သည်။ လောကသင်္ကေတတွင် ပါပြီ။

**ရွှေဖလား။** ရွှေဖလားမှာ ကမ္ဘာ ပေါ်စ၊ တည်စ နေပေါ်သည်၊ နေနောက်လ ပေါ်သည်ကို အစွဲပြု၍ နေ၊ လ၏သင်္ကေတန်လုပ်၍ မဟာသမ္မတမင်း သုံးဆောင်သည် ဆိုသည်။

**ရွှေကရား။** ရွှေကရားမှာ မင်းတို့အစဉ်သုံးဆောင်ရာ ဖြစ်သည် ယူရန် ရှိသည်။ အကြောင်းကို ထောက်လျှင် နန္ဒရာဇ်မင်းသား ဥယျာဉ်ကျောက်ဖျာပေါ်တွင် တစ်ကိုယ်ထီးတည်းနေသည့်ကာလ ရထားဆိုက်ရောက်လျှင် မင်းဝတ်မင်းစားကို မှူးမတ်တို့ကပြသည့် အဝတ်တန်ဆာကိုမဆင်၊ မှူးမတ်တို့တွင်ပါသည့် ရွှေကရားဖြင့် မိဋ္ဌာန်၍ ရေသွန်းလျှင် ရေးပြုဖူးသော ပုညသမ္ဘာရတို့သည် အချိန်ရောက်ပြီဖြစ်၍ ပဒေသာပင်ပေါက်သည်၊ ပဒေသာပင်က အဝတ်တန်ဆာကို ဆင်ယင်သည်ကို ထောက်လျှင် ရွှေကရားသည် မင်းတို့အစဉ် သုံးဆောင်မြဲဖြစ်သည် ယူရမည်။

**ရွှေဖူး။** ရွှေဖူးမှာ ပုဂံပြည်ဝယ် ဖူးအစရှိသော ခြောက်ပါးသောရန်တို့ကို ပျူစောထီးမင်း နှိမ်နင်းလေသည်။ ထိုဖူး၏ အဆင်းအဝါ လျောက်ပတ်တင့်တယ်သည်ဖြစ်၍ ထိုဖူး၏သင်္ကေတန် ရွှေကိုလုပ်၍ သုံးဆောင်သည် အစဉ်စကားပြောဆိုရိုးရှိသည်၊ ထိုဖူး၏သင်္ကေတန်လည်း အုတ်ရိုးဘုရား တည်ထားသည်၊ ယခုတိုင် ဖူးဘုရားဟု ထင်ရှားသည်၊ ပညာရှိတို့ စပ်ဆိုသည်မှာလည်း -

ဘဒ္ဒမည်သာ၊ ဤကမ္ဘာတွင်၊ ပလာပလ္လာ၊ ကပ္ပါလ္လဟု၊ အစအာဒိ၊ ပညာရှိဝယ်၊ ဗဟိုသာရ ဗိဇကလို၊ နေကျစံနတ်၊ ပုံရည်မှတ်၍၊ မွေမာတ်စုရေး ထည့်သန္နေးသည်၊ မာန်ဝေးဖက်လံ၊ ခြောက်ရောင်လျှံ။

ဟူ၍ ပုဂံပြည်၌ ဖူးဘုရားတည်ကြောင်းကို စပ်ဆိုလေသည်။

**အတင်တော်ဘီလူးခံ။** အတင်တော်ဘီလူးခံမှာ ပဉ္စာဝုဓမင်းသားသည် ဘီလူး

ဘေးမှလွတ်၍ မင်း၏အဖြစ်သို့ ရောက်ခြင်းနိမိတ်ကို အကြောင်းပြုသဖြင့် ဘီလူးခံ ထုလုပ်ဆောင်ယောင်သည်ဆိုသည်၊ ရှေးရှေးသော မင်းတို့လက်ထက် မင်းခမ်းမင်းဆောင်ကို တရောတနှောတည်း ကျင်းပဆောင်ယောင်ဟန် ရှိသည်။ ပညာရှိတို့ စပ်ဆိုသည်မှာလည်း -

> သီဟာသန၊ နေရာမထက်၊ စံပယ်လျက်လျှင်၊ လိုက်ဖက်သင့်စွာ၊ စလင့်ကြာတည့်၊ ရွှေသာနှင်နှင်၊ သောက်ရေတင်က၊ ရွှေစင်ရဲရဲ၊ တခဲရောင်လျှံ၊ ရွှေထွေးခံနှင့်၊ ရွှေစံအိုးပျစ်၊ လျှပ်စစ်မထူး၊ ရွှေဖူးကရား။

ဟူ၍ စပ်ဆိုသည်ကို ထောက်သဖြင့် သိရာသည်။ ဟံသာဝတီဆင်ဖြူများရှင်လက်ထက်တွင်မှ ရှေးရှေးသောမင်းတို့ နန်းစဉ် မင်းခမ်းမင်းနားနှင့် လင်းဇင်းတိုင်း၊ ယိုးဒယားတိုင်း၊ ဇင်းမယ်တိုင်း၊ ရခိုင်တိုင်း၊ ရာမညတိုင်းမင်းတို့ မင်းဆောင်မင်းခမ်းများကို လက်ဝဲ - ၁၃၊ လက်ယာ ၁၃-ခွဲခြား၍ ကျင်းပဆောင်ယောင်သည် ဆိုသည်။

**ပုံနန်းကွမ်းခွက်**။ ပုံနန်းကွမ်းခွက်များမှာ အိမ်ရှေ့မင်းအဆောင်၊ .မိဖုရားအဆောင်၊ ခိုနန်းကွမ်းခွက်၊ **ထောင့်ချိုးကွမ်းခွက်၊ ဆယ့်နှစ်မြောင့်ကွမ်းခွက်၊ ရှစ်မြောင့်ကွမ်းခွက်**များသည် ကျောက်စီမှန်တပ်၊ ပယင်းတပ်သာ ခြားနားကြသည်။

**ရှစ်ထောင့်ကွမ်းခွက်**။ ရှစ်ထောင့်ကွမ်းခွက်မှာ ရွှေသားသက်သက်လည်း ရှိသည်၊ မှန်တပ်၊ ပယင်းတပ်လည်း ရှိသည်။

**လေးထောင့်ကွမ်းခွက်**။ လေးထောင့်ကွမ်းခွက်၊ အဝန်းကွမ်းခွက်မှာ ရွှေသားသက်သက်သာ လုပ်ဆောင်သည်။ လက်ဝဲလက်ယာ မင်းခမ်းတော်တို့ကို ပညာရှိတို့ စပ်ဆိုသည်မှာ -

**လက်ယာမင်းခမ်းတော်** -

> ရတနာရောင်၊ ပြောင်ပြောင်လျှံလက်၊ ပြိုးပြိုးပြက်လျှင်၊ သန်လျက်ရောင်လျှပ်၊ သားမြီးယပ်နှင့်၊ ဆင်ထပ်တန်ဆာ၊ ရတနာပန်းတောင်း၊ ရွှေကောင်းရွှေမြောင့်၊ ရှစ်ထောင့်ရောင်လျှံ၊ ခြသေ့်ခံဟု၊ မင်းစံရှည်ညက်၊ ကွမ်းခွက်နှစ်ဆူ၊

ညွန့်လူနိုင်မြှာ၊ စလင့်ကြာနှင့်၊ ရောင်ဖြာလျှံပြည့်၊ ကွမ်းထည့်ကွမ်းချပ်၊
ကျပ်လည်း ရောင်လျှံ၊ ခြသေ့ံခံသား၊ ထွန်းလျှံကရား၊ ရွှေသားတကောင်း၊
ရောင်မောင်းမြူတာ၊ နှစ်စုံပါလျက်၊ ရတနာအတိ၊ မဏိရည်သန့်၊
ဆယ့်သုံးရန်ကို၊ ရောင်ဝှန်လင်းလင်း၊ လက်ယာကျင်းရှင့်။

ဟူ၍ စပ်ဆိုသည်ကိုထောက်သဖြင့် သည် ၁၃-မင်းခမ်းကို လက်ယာ
ကကျင်းပကြောင်းကို သိရသည်။

**လက်ဝဲမင်းခမ်းတော်။** လက်ဝဲ ၁၃-ကျင်းပ ဆောင်ယောင်ကြောင်းကို စပ်ဆို
သည်မှာလည်း -

ဝင်းဝင်းရတနာ၊ သိင်္ဂါရောင်လျှပ်၊ ဘိနပ်ရောင်ပြေး၊ တောင်ဝေးလုံလွှား၊
လက်တင်ကြားနှင့်၊ နဂါးခံလျက်၊ ကွမ်းခွက်ရောင်ထပ်၊ သလပ်ရောင်မောင်း၊
ကွမ်းလောင်းကြီးငယ်၊ ရောင်သွယ်ဖလား၊ ကရားပြောင်ပြောင်၊ သလင်းမြောင်
နှင့်၊ လျှံရောင်သစ်တိုင်၊ ဆိုင်ဆိုင်ရောင်ဝှန်၊ နှစ်ရန်မြူတာ၊ ရတနာနှင်နှင်၊
မျက်ရှင်ရောင်ပုံ၊ ဆယ့်သုံးစုံကို၊ လျှံဟုံဝင်းဝင်း၊ လက်ဝဲကျင်းရှင့်။

ဟူ၍ စပ်ဆိုလေသည်။

တစ်ကြောင်းလည်း -

လက်ယာတော်က၊ ရွှေလော်သိင်္ဂါ၊ မျက်စီမြှာသား၊ ရတနာသန်လျက်၊
လျှံလက်လျှပ်လျှပ်၊ သားမြီးယပ်နှင့်၊ ထပ်ကြပ်မကွာ၊ ရတနာပန်းတောင်း၊
ခြူးပေါင်းပုလဲ၊ သန္တာဆွဲလျက်၊ ရဲရဲရောင်တက်၊ ကွမ်းခွက်ရှစ်ထောင့်၊
ထိုကြောင့် မရွှေ့ ခြသေ့ံခံလျက်၊ ကွမ်းခွက်ရတနာ၊ စလင့်ကြာနှင့်၊ သိင်္ဂါရွှေ
မှည့်၊ ကွမ်းထည့်ချပ်မှ၊ ကျပ်လျှားစသား၊ သီဟာခံထား၊ ကရားတကောင်း၊
ထိုနှောင်းမြူတာ၊ ရေပြည့်စွာတည့်၊ ထီးမှာလေးဆူ၊ စိုက်ထူကြွားကြွား၊
ယပ်မားချပ်လျက်၊ ရောင်ခြည်ယှက်သည်၊ ပြိုးပြက်ထိန်ထိန် - လင်းလင်း
တည်း။

ဟု လက်ယာက ကျင်းပကြောင်းကို စပ်ဆိုသည်။

လက်ဝဲလက်ယာမင်းခမ်းတော်များကို နောက်ဆက်တွဲတွင် ရှုပါ။

လက်ဝဲက ကျင်းပကြောင်းမှာလည်း -

လက်ဝဲတော်က၊ ရွှေလော်လျှံဝါ၊ မျက်စီမြှာသည့်၊ ရတနာဘိနပ်၊ သပ်သပ်
တောင်ဝေး၊ ရောင်ပြေးဝိုးဝါး၊ လက်တင်ကြားနှင့်၊ နဂါးကွမ်းခွက်၊
စဉ်လျက်သလပ်၊ လျှပ်လျှပ်ဝင်းဝါ၊ မကွာတသီး၊ ကွမ်းလောင်းကြီးက၊

အပြီးဆိုဖွယ်၊ ကွမ်းလောင်းငယ်နှင့်၊ တင့်တယ်လုစွာ၊ ရတနာဖလား၊ ကရားထိုနောင်၊ သလင်းမြောင်ဟု၊ လျှံရောင်ရတနာ၊ သစ်တိုင်ပါ၍၊ မြူတာရေချမ်း၊ ပြည့်ဖြိုးလျှမ်းသည်၊ မင်းခမ်းမည်သား၊ ထီးလေးပါးနှင့်၊ အကြားအကြား၊ ယပ်မားချပ်လျက်၊ စဉ်ဆက်စုံညီ၊ ဆယ့်သုံးစီတည့်၊ နှစ်လီပေါင်းမြောက်၊ နှစ်ဆယ့်ခြောက်လျှင်၊ အံ့လောက်ထူးဆန်း၊ ရွှေတော်ထွန်းသည်၊ ရောင်ရှန်းပြောင်ပြောင် - ဝင်းဝင်းတည်း။

ဟူ၍စပ်ဆိုလေသည်။

**ကရဝိက်ရုပ်ကွမ်းအုပ်။** ကရဝိက်ရုပ်ကွမ်းအုပ်တော်မှာ သိရိဓမ္မာသောကမင်းလက်ထက် နန်းတော်၌ ကရဝိက်ငှက် ကျူးရင့်သည့်အသံကို အသန္ဓိမိတ္တာမိဖုရား ကြားလေလျှင် သာယာလှသည်ဖြစ်၍ ဘုရားရှင့်အသံတော်သည် ကရဝိက် ငှက်အသံနှင့် နှိုင်းခိုင်းသည်ကိုထောက်လျှင် ငှက်အသံကိုမျှလည်း နာပျော်ဖွယ် ရှိသည်၊ ဘုရားသခင့်အသံတော်ကား အဘယ်ဆိုဖွယ် ရှိအံ့နည်း နှလုံးထားသဖြင့် ပီတိဖရဏာစေတနာကြောင့် အသန္ဓိမိတ္တာမိဖုရားသည် သောတာပန် တည်လေသည်။ ငှက်အသံကိုမျှ ပီတိတက်ဖူးသည်ကို ရည်၍ ပညာရှိတို့ စပ်ဆိုသည့်မှာ-

သဒ္ဒါမြည်ကျာ၊ ငှက်သံသာမျှ၊ ဗျာပါလွှင့်ကြဉ်၊ ရန်ကိုဖျဉ်၍၊ ဝိညာဉ်အထူး၊ တက်စေဖူးသည်။

ဟု စပ်ဆိုလေသည်။

ငှက်နိမိတ်ကို အကြောင်းပြုသဖြင့် ကရဝိက်ငှက်သဏ္ဍာန် ရွှေကို ကွမ်းအုပ်လုပ်၍ တည်ထားလေသည်ဆိုသည်။ ကရဝိက်ကွမ်းအုပ်ကို မင်းတို့ သုံးဆောင်ကြောင်းကိုလည်း ပညာရှိတို့ စပ်ဆိုသည်မှာ -

လှတင့်ရောင်ထိတ်၊ ပြောင်ပြောင်ဖိတ်သည်၊ ကရဝိက်ကွမ်းအုပ်၊ စံချုပ်မျက်ချည်၊ ရှေ့တော်တည်၍။

ဟု စပ်ဆိုလေသည်၊ သည်ကို ထောက်သဖြင့် သိရသည်။

**ဟသ်ာရုပ်ကွမ်းအုပ်။** ဟသ်ာရုပ်ကွမ်းအုပ်တော်မှာ မုဆိုးညွှတ်ဖြင့် ထောင်၍ ဟသ်ာမင်းကိုဖမ်းမိလျှင် ဗာရာဏသီမင်းအား ဆက်သည်၊ ကျော့ကွင်းဝေဒနာကြောင့် ရွှေနှင့်တူသော အသား၊ ပတ္တမြားနှင့်တူသော

အသွေးတို့သည် ထွက်ယိုလေသည်ကို သနားခြင်းကြောင့် ဟင်္သာမင်းကို သားကဲ့သို့ ပြုစုသိမ်းမွေး၍ လွှတ်လိုက်သည်၊ ငှက်၏ဖြစ်ခြင်း အရင်းနိမိတ်ကိုစွဲသဖြင့် ဟင်္သာရုပ်သဏ္ဍာန် ရွှေကိုထုလုပ်၍ ကွမ်းအုပ်တည်ထားလေသည်၊ ဟင်္သာရုပ်ကွမ်းအုပ်ကို မင်းတို့သုံးဆောင်ကြောင်းကိုလည်း ရှေးစာဟောင်းများတွင် -

ဇမ္ဗူသိင်္ဂါ၊ မျက်စိမြွာသား၊ ဟင်္သာရုပ်ကျော်၊ ကွမ်းအုပ်တော်နှင့်။

ဟူ၍ စပ်ဆိုလေသည်ကို ထောက်သဖြင့် သိရသည်။

**ထီး**။ ကနက္ကဒဏ်ထီးကို သမ္မာဒေဝနတ်သမီး စောင့်သည်။ သမုဒ္ဒရာဇ်ထီးကို သမုဒ္ဒရာဇ်နတ်သမီးစောင့်သည်။ သမုဒ္ဒဇာထီးကို သမုဒ္ဒဇာနတ်သမီး စောင့်သည်။ စန္ဒထီးကို စန္ဒနတ်သမီး စောင့်သည်။ သူရိယထီးကို သူရိယနတ်သမီး စောင့်သည်။ ပဒုမထီးကို ပဒုမနတ်သမီး စောင့်သည်။ သမုက္ခထီးကို သမုက္ခနတ်သမီး စောင့်သည်။ ဝိသုကြံထီးကို ဝိသုကမ္မနတ်သမီးစောင့်သည်။ ကမ္ဗုထီးကို ကမ္ဗုနတ်သမီးစောင့်သည်။ ဥရုထီးကို ဥရုနတ်သမီးစောင့်သည်။ သမ္မုတိထီးကို သမ္မုတိနတ်သမီးစောင့်သည်။

ထိုထီးများ၏ အရပ်အဝအတွင်း ရွှေခြူ၊ ညောင်ရွက်၊ ကြယ်၊ ပုလဲ၊ ဆိုင်း၊ သန္တာဆိုင်း၊ စိန်ဆိုင်း၊ မြဆိုင်း၊ ပတ္တမြားဆိုင်းမှစ၍ ရွှေချိန်ကျောက်ဝင်လုပ်ရိုးဆောင်ရိုး အထားအနေများမှာ စာစောင်များတွင် အင်းစောက်နှင့် ဇလျားပြကာ ရှိပြီးဖြစ်၍ အထူးမဆိုပြီ၊ တေမိဇာတ်တော်ကို ထောက်သဖြင့် ထီးကို နတ်သမီးစောင့်ကြောင်းကို သိရသည်။

**သမ္မုတိထီး**။ သမ္မုတိထီးမှာ ကမ္ဘာအစ လူတို့ မင်းမြှောက်၍ မင်း၏အဖြစ်ဖြင့် သမုတ်ခြင်းသုံးပါးသောအမည်ခံသဖြင့် မဟာသမ္မတခတ္တိယမင်း ဆောင်းသည့်ထီးဖြစ်၍ သမ္မုတိထီးခေါ်ဝေါ်သည်။

**စန္ဒထီး၊ သူရိယထီး**။ ကမ္ဘာတည်စ နေလကိုအစွဲပြု၍ စန္ဒထီး၊ သူရိယထီး သမုတ်သည်။ သမ္မုတိထီး၊ စန္ဒထီး၊ သူရိယထီး သုံးစင်းသည် မဟာသမ္မတမင်းဆောင်းသည့်ထီးဆိုသည်။

**ကနက္ကဒဏ်ထီး**။ ကနက္ကဒဏ်ထီးမှာ သုဒဿနစကြာမင်းလက်ထက် ကျွန်းဦးဇမ္ဗူသပြေရွှေကို ထီးအရိုးလုပ်သဖြင့် ကနက္ကဒဏ်ခေါ်ဝေါ်သည်ဆို သည်။ ကနကဒဏ္ဍာ = ရွှေရိုးဆိုလိုသည်၊ ထီးဆိုသမျှသည် ရွှေသားဗုဇွန်ခွံမွှမ်း ရွှေရိုးလုပ်သည်တွင် ဂုဏ်ထူး၍ ပကတိရွှေသားအရိုး လုပ်လေသောကြောင့် ကနက္ကဒဏ်ခေါ်ဝေါ်သမုတ်သည်လည်း ဆိုသည်။

**တမွတ်ထီး**။ တမွတ်မှာ ရှေးစကားဟောင်းဖြစ်သည်၊ ကြီးသည်မြတ်သည်ကို တမွတ်ဆိုသည်၊ ရှေးစာများတွင်လည်း ‘‘တမွတ်ရတနာ’ဟူ၍လည်းကောင်း၊ ‘လူတို့တမွတ်၊ မင်းများထွတ်လျှင်’ဟူ၍လည်းကောင်း၊ ‘မယိုင်မညွတ်၊ ခေါင်တမွတ်သို့’ဟူ၍လည်းကောင်း၊ ‘အာဏာလွှံ့ပတ်၊ ညီတော်လတ်ကို၊ တမွတ်ဘုန်းသန့်၊ နှင်း၍ဖြန့်ရှင့်’ ဟူ၍လည်းကောင်း၊ ‘ကျော်ရှိန်မပြတ်၊ အနာဂတ်၌၊ တမွတ်တော်ထား’ ဟူ၍လည်းကောင်း စပ်ဆိုသည်များကို ထောက်၍ သိရသည်။

**ယာဉ်ထီး**။ ယာဉ်ထီးမှာ ကောရာဇ်မင်းမြတ်တို့ဝယ် ဆင်ယာဉ်၊ ရထားယာဉ်၊ လှေယာဉ်သုံးပါး၌ ထီးဆောက်သည်ဖြစ်၍ ယာဉ်တွင် ဆောက်သည့်ထီးကို ယာဉ်ထီးခေါ်ဝေါ်ခြင်းဖြစ်သည်၊ ကောရာဇ်မင်းမြတ်တို့သည် ကနက္ကဒဏ်ရိပ်ကို မပြတ်ခိုရာ၏ ဆိုသည့်အတိုင်း ဥကင်မှခ်ထွက်အနီး၌ ကနက္ကဒဏ်ထီးကို လက်ရင်းထားလေသည်။

နန်းမ နန်းဦး၌ ထီးကိုမပြတ်ဆောက်လျက် ထီးရိပ်တွင် ကောရာဇ် မင်းမြတ်တို့ စံပယ်ပသနေကြောင်းကိုလည်း ပညာရှိတို့ စပ်ဆိုသည်မှာ -

ထီးဖြူအောက်၌၊ တောက်သားမီးနယ်၊ လျှပ်စစ်နွယ်သို့၊
စလွယ်သင်းကျစ်၊ ဦးရစ်ရွှေပေါင်း၊ နတ်ရုပ်ဆောင်းလျက်။

ဟူ၍ စပ်ဆိုသည်ကို ထောက်သဖြင့် သိရသည်။

အင်းဝမင်းနရပတိကို အမှတ်မဲ့လုပ်ကြံသည်တွင် ထီးရိုးကို ဓားချက် ကျ၍ မင်းနရပတိကို ထီးဖြူအုပ်မိသည်။ ငသောကြာနှင့် ရေနံ့သာစားတို့ ထွေးလုံးကြသည်ဆိုသည့်စကားကို ထောက်၍လည်း ထီးဖြူအောက်၌ မပြတ်

စံပယ်ကြောင်းကို သိရသည်။ ပျိုစောထီးမင်းမှာလည်း ထီးအများကိုမဆို လုံးပတ်လုံးထွာ သန္တာအရိုး ကိုးတောင်နှစ်မိုက် အထွတ်ပတ္တမြားတပ်သော ထီးတစ်စင်းကိုသာဆိုသည်ကိုထောက်လျှင် နန်းဦး၌ မပြတ်အရိပ်ခိုသည် ယူရန်ရှိသည်၊ ရေးဟောင်းစာများတွင်လည်း -

ရွှေပြည်ရိမ္မ၊ ဘုမိထွတ်ဝယ်၊ ကြာဝတ်ဆံသာ၊ ရိုးသန္တာတည့်၊ သုံးထွာလုံးပတ်၊ ကိုးတောင်မြတ်ထက်၊ ချက်ထွတ်မဏိ၊ ထီးစံတိနှင့်၊ သီရိပဝရ၊ တေဇကြီးမော၊ ပျိုမင်းစောမှ၊ မှနောခေါင်ချာ။

ဟူ၍ စပ်ဆိုသည်။

**ယပ်မား**။ ယပ်မားမှာ သောနုတ္တရမှုဆိုး လုံ့လပြုသော အန္တရာယ်ကြောင့် ဆဒ္ဒန်ဆင်မင်း၏ အစွယ်ပြတ်သည်ကာလ မြေသို့မကျရ၊ ယပ်မားဖြင့် ခံသည် ဆိုသည်။ ဗာရာဏသီမင်း၏ အဆောင်တွင်လည်း ယပ်မားရှိကြောင်းကို လောကသင်္ကေတမှာ ရှိသည်ဖြစ်၍ ယပ်မားသည် လေခတ်ရန် ယပ်ကဲ့သို့ ဖြစ်သည် ယူရမည်။

**မြေနန်း**။ မြေနန်းမှာ ကမ္ဘာတည်ဦး မြေအစပေါ်ထွန်းသည်ဖြစ်၍ လောင်ဖက် ပျက်ဖက် စကြဝဠာကုဋေတစ်သိန်း၌ လေးကျွန်းနှင့် တစ်မြင်းမိုရ်ရှိသည်တွင် ဘုရားသခင်ပွင့်တော်မူရာ ဗောဓိပင် ရွှေပလ္လင်ရောက်ရာ မြေသည် ကမ္ဘာ တည်ဦးလည်း ရှေးဖျားပေါ်ထွန်းသည်။ ကမ္ဘာပျက်သည့်ကာလကလည်း နောက်မှပျက်သည်။ ကမ္ဘာတည်ဦး မြေအစပေါ်ထွန်းခြင်း၊ မဟာသမ္မတမင်း မြှောက်၍ အဘိသိက်ခံခြင်း၊ မြေရေကို အစိုးရခြင်း၊ အာဒိကပ္ပအစ၏ နိမိတ် ထင်ရှားစေလိုသည်ဖြစ်၍ နန်းတွင်းနန်းဦးဖြစ်သောကြောင့် မြေနန်းဆောက် လုပ်ခြင်း၊ ရန်သူဖြစ်သောကျားကို နိုင်လေလျှင် ဝက်အပေါင်းတို့သည် မြေကို စုပုံသဖြင့် ရေသဖန်းထက် တစ္ဆသူကရဝက်မင်းကို နေစေလျက် ဝက်အပေါင်း တို့ ကောင်းချီးပေး၍ ရေသွန်းခြင်း၊ တစ္ဆသူကရ ဝက်မင်းဇာတ်ကိုထောက်၍ လည်းကောင်း၊ မြေနန်းဦးဆောက်လုပ်ခြင်း၊ မြေနန်းဟု ခေါ်ဝေါ်သမုတ်ခြင်း ဖြစ်လေသည်။

မြေအစ ပေါ်ထွန်းကြောင်းကိုလည်း ရှေးစာဟောင်းများတွင် စပ်ဆိုသည်

မှာ -

အာဒိကပ္ပ၊ ကမ္ဘာစဉ်၊ ကျိုးဥက္ကင့်၊ တသိန်းနေလျှင်၊ ပျက်ကြေ
စကြဝဠာ၊ ပေါ်ထွန်းခါဝယ်၊ လဟာပိတ်သန်း၊ ရေကြည်ဝန်းထက်၊ လေးကျွန်း
တည်ခင်း၊ မြေခပင်းတွင်၊ မုန်ကင်းရေးများ၊ ဖြစ်ထွန်းပြား၍၊ မြေများအစ်ကို၊
မြေဗဟိုဟု၊ မင်္ဂဖိုလ်ဆွတ်ချွေ၊ သုံးလူ့ဆွေတို့၊ ငါးထွေမာရ်လှည်း၊ အောင်မြေ
ဇည်းဝယ်၊ ဥဒည်းပြုဗွာ၊ ရှေ့မျက်နှာက၊ မြေချာပလ္လင်၊ ဗောဓိပင်သို့။

ဟူ၍ စပ်ဆိုသည်။

ပုဏ္ဏားရှစ်စုံ၊ ညွှန်ငုံဝေဆာ၊ နေဇာမြက်နှ၊ ဇယတုဟု၊ ခရသင်းစစ်၊
လက်ျာရစ်နှင့်၊ နတ်မြစ်မန္တာ၊ မင်္ဂလာရွက်ဖျန်း၊ ရေသဖန်းထက်၊ မြောက်သွန်း
ကျံကျံ၊ ဘိသိက်ခံရှင့်။

ဟူ၍ စပ်ဆိုသည်ကိုထောက်၍ ရဇ္ဇာဘိသေက၊ မုဒ္ဒါဘိသေက၊ သီရိပဝေသနာ ဘိသေက ခံခြင်းတို့၌ အလျားသုံးတောင်တစ်မိုက်၊ အနံသုံးတောင်ရှိသော ရေသဖန်းပျဉ်ကို ပဒုမ္မာကြာချပ်သဏ္ဍာန် ရွှေဖြင့်ရေးသောနေရာထက် စံပယ်လျက် ဥတ္တရာဘဒြပိုဒ်၊ ဥတ္တရဖလဂုနီ၊ ဥတ္တရာသာဠ် အစရှိသည်ဖြင့် မြောက်နက္ခတ်သုံးလုံးတွင် တစ်လုံးလုံးနှင့်ယှဉ်၍ အဘိသိက်ခံခြင်းဖြစ်လေသည်။ ဥတ္တရာသုံးပါးနက္ခတ်သည် အဘိသေကနက္ခတ်ဆိုသည်။ ပညာရှိတို့ စပ်ဆိုသည်မှာလည်း -

အဘိသေက၊ ဥတ္တရဟူသည်၊ မြတ်သုံးမည်တွင်၊ ရောင်ခြည်ပြံ့ပြံ့
နှစ်ဆယ့်ခြောက်လုံး၊ မင်းသုံးနက္ခတ်။

ဟူ၍ စပ်ဆိုသည်။

**ပဒုမ္မာကြာ**။ ရေသဖန်းပျဉ်တွင် ပဒုမ္မာကြာချပ်ရေးသည်မှာ ကမ္ဘာတည်ဦးက ပဒုမာရွှေကြာပွင့်တွင် သင်္ကန်းအစုံပါသည့် နိမိတ်ကိုထောက်၍ ဘုရားပွင့်တော်မူကြောင်းကို သိရသည်ဖြစ်ခြင်းကြောင့် ဥကင်ဖွင့်ရာ၊ ပလ္လင်ဖွင့်ရာ၊ ဘုန်းတန်ခိုးဖွင့်ရာဖြစ်၍ ရေးအကြောင်းကို ထောက်သဖြင့် ပဒုမ္မာကြာပွင့် ကြာချပ်သဏ္ဍာန် ရေးသားလေသည်။

**မြေလပ်**။ မြေနန်းလက်မေးတန်းနှင့် ပြာသာဒ်ဆောင်အကြား မြေလပ်လွှတ်ထားသည်မှာ ဥကင်ရာဇပလ္လင် ပြာသာဒ်တော် လက်ဝဲလက်ယာ ဆင်ရဲကနှင့်

ကျွန်ယုံအမတ် စစ်ဝတ်ဆင်လျက် စောင့်နေရသည်၊ ရှေးစာတမ်းများတွင် ပါသည့်အတိုင်း ပြာသာဒ်ဆောင်တော်နှင့် မြေနန်းတော်အကြား မြေလပ်သည့် ဆင်ရဲကနှင့် စစ်ဝတ်ဆင်လျက် ကျွန်ယုံအမတ် လက်ဝဲလက်ယာ စောင့်နေရန် လွှတ်ထားသည် အမှန်ယူရမည်။

**ပြော့သား၊ တုရင်သား။** မြေနန်းစမုတ်ဦးအရှေ့ မင်းတက်တံခါး လက်ဝဲ လက်ယာ ပြော့သား၊ တုရင်သားတို့ကို တစ်ဖက်လေးယောက်စီ ကြိမ်လုံး စွဲလျက် ပေါင်းထုပ်ရွက်ချွန်း ကျော့ကွင်းတပ်ပေါင်း၍ စောင့်နေရသည့် အကြောင်းမှာ ပျူစောထီးလက်ထက် မယ်တော် နတ်နဂါးက သားတော်အား အစောင့်အရှောက် နဂါးအမတ်ရှစ်ယောက်ထားသည်ကို အစွဲပြု၍ ဂဠုန် အန္တရာယ်ကြောင့် ကျော့ကွင်းထိပ်၌ စိုက်သည့်သဏ္ဍာန် ပေါင်းထုပ်ရလေ သည်။

တုရင်။ တံခါးတွင် စောင့်နေရသောကြောင့် တုရင်ဆိုသည်။ တုရင်္ဂဒွါရ = သည် မာဂဓစကားဖြစ်သည်။ မြန်မာပြန်လျှင် တံခါးဆိုသည်။ ဘွဲ့ပုံများတွင် လည်း တံခါးမှူး တံခါးစောင့်တို့ကို တုရင်အမည်၊ ဒွါရအမည်ပေးလေသည်။

ပြော့။ ပြော့ဆိုသည်မှာ မြန်မာ ရှေးစကားဟောင်းဖြစ်သည်။ တစ်ဖက်က နေရသည်ဆိုလိုသည်။ အစဉ် စကားဟောင်းမှာ ပြော့တစ်ဖက်၊ ပြော့လက်တီး၊ ပြော့တစ်ဖက်ကယ် ဆိုသည်များကို ထောက်သဖြင့် ပြော့ဆိုသည့်စကားသည် တစ်ဖက်ဆိုကြောင်း သိရသည်။ သည်ကိုရည်၍ ရှေးစာဟောင်းများတွင် -

နေရာချနှင့်၊ ရောင်ပြခစား၊ မတ်နဂါးတို့၊ ပြော့သားတုရင်၊
နန်းသဘင်ဝယ်၊ စည်ပင်စံပ၊ ခစားရ၏။

ဟူ၍ စပ်ဆိုလေသည်။

♥ ♥ ♥

## နေရာတော်များအကြောင်း

**နေရာငါးသွယ်။** နေရာငါးသွယ်၏အကြောင်းမှာ မဇ္ဈိမဒေသ တိုင်းကြီး

ပြည်ကြီးတို့၌ အမတ်ခြောက်သောင်းတွင် ရွေးချယ်၍ ခြောက်ထောင်၊ ခြောက်ထောင်တွင် ရွေးချယ်ပြန်၍ ခြောက်ရာ၊ ခြောက်ရာတွင် ရွေးချယ်ပြန်၍ လက်ဝဲခြောက်ဆယ်၊ လက်ယာခြောက်ဆယ် နေရာချထားသည်။ မဇ္ဈိမဒေသက အကြောင်းကိုစွဲသဖြင့် လက်ဝဲလက်ယာ နေရာငါးသွယ်စီ ချနေစေသည်မှာ နေရာတစ်သွယ်လျှင် ဆယ့်နှစ်ယောက်ဖြစ်၍ တစ်ဖက်ခြောက်ဆယ်စီ ဖြစ်လေသည်။

ငါးသွယ်ကို တော်၊ ဒူး၊ စနည်၊ ဘဝေါ- ခေါ်သည်မှာ ရာမညတိုင်းသားတို့ ဘာသာဖြစ်သည်၊ မြန်မာဘာသာပြန်လျှင် 'တော်'ဆိုသည်မှာ ကွန်းစင်ဆိုသည်၊ 'ဒူး'ဆိုသည်မှာ သေဉ်မ ဆိုသည်၊ 'စနည်'ဆိုသည်မှာ သေဉ်ရံဆိုသည်၊ 'ဘဝေါ'ဆိုသည်မှာ သေဉ်ထွေး ဆိုသည်၊ အတွင်းဘဝေါ အပြင်ဘဝေါဖြစ်၍ ငါးသွယ်ရှိလေသည်၊ သို့ဖြစ်၍လည်း ပညာရှိတို့ စပ်ဆိုသည်မှာ -

> အမတ်ကြီးဟု၊ သီးသီးကျော်ထင်၊ တော်ဟုတွင်သား၊ ကွန်းစင်လုံးညီ၊ ရွှေတိုင်မှီလျက်၊ နောက်ပြီ နောက်တည်၊ ဒူးစနည်က၊ နှစ်မည်ဘဝေါ၊ နတ်လောတွေးဖွယ်၊ မတ်ငါးသွယ်နှင့်။

ဟူ၍ စပ်ဆိုလေသည်။

**ကွန်းစင် လက်ပြင်နေရာ။** ကွန်းစင်လက်ပြင်နေရာသည် ထီးဆောင်းစော်ဘွားတို့ တူသားမြေးကို ချထားသည်။ ထိုနေရာ လက်ပြင်ကို စော်ဘွားတို့ဆွေမျိုး မြို့စားတို့ကို ချထားသည်။ ရှေးစာပေါင်းများတွင်လည်း -

> တင့်တယ်ရောင်ဆင်း၊ ထီးဆောင်းမင်းတို့၊ ရင်တွင်းမြတ်လေး၊ ဆွေသားမြေးကို၊ ယဉ်ကျေးအောင်လျှင်၊ ရွှေကွန်းစင်ဝယ်၊ စီဆင်ခင်းကျင်း၊ လက်တွင်းသွင်းမှ၊ ထိုမင်းထိုမျိုး၊ မြို့စားရိုးကို၊ ကောင်းကျိုးဖော်ပြ၊ လက်ပြင်ချ၍။

ဟု စပ်ဆိုလေသည်။

**ထွက်တော်မူကြီး။** ထွက်တော်မူကြီး ထွက်တော်မူလျှင် ရှေ့ခြောက်တပ်၊ နောက်ခြောက်တပ် ခင်းကျင်းလိုက်ရသည့်အကြောင်းမှာ လက်ဝဲနေရာ အမတ်ခြောက်ကျိပ်က ခြောက်ယောက်၊ လက်ယာနေရာ အမတ်ခြောက်ကျိပ်က

ခြောက်ယောက် ရွေးချယ်ပြီးလျှင် တစ်တပ် တစ်ယောက်စီ အမှုးခန့်၍ လက်ယာနေရာက အမတ်တပ်မှူးခြောက်ယောက်နှင့် ခြောက်တပ်ကို ရှေ့ခြောက်တပ် ခင်းကျင်းလိုက်ရသည်၊ လက်ဝဲနေရာက အမတ်တပ်မှူးခြောက်ယောက် နှင့် ခြောက်တပ်ကို နောက်ခြောက်တပ် ခင်းကျင်းလိုက်ရသည်၊ "လက်ယာ တပ်နှင့် ရှေ့တပ်ပင့်ချီ၊ လက်ဝဲတပ်နှင့် နောက်တပ်ပင့်လိုက်" သေနင်္ဂဗျူဟာ တွင် ဆိုသည်အတိုင်း ညီလေသည်။

**နေရာနှစ်ပါး။** နေရာတွင်လည်း မြင်းမိုရ်နေရာ၊ ပြင်နေရာ နှစ်နည်းသာ ရှိသည်။ တောင်ငူ ကေတုမတီမြို့တည် မဟာသီရိဇေယသူရ တပင်ရွှေထီးမင်း တို့လက်ထက် နေရာထောင်ချထား၍ မှူးမတ်တို့ ခစားရသည်။ ရာမညတိုင်း မင်းတို့မှာလည်း နေရာထောင်ချထား၍ ခစားရသည်။
**နေရာထောင်။** နေရာထောင်မှာ ရာမညတိုင်း မင်းတို့ အသုံးအဆောင် ဖြစ်သည်။

**နေရာပြင်။** နေရာပြင်မှာ မြန်မာမင်းတို့ အသုံးအဆောင်ဖြစ်သည်။ ဟံသာ ဝတီ ဆင်ဖြူများရှင်သည် ယိုးဒယားက ပြန်ရောက်လျှင် မှူးတော် မတ်တော် တို့ကို နေရာထောင်ချထား၍ ခစားစေသည်ဆိုသည့်နေရာသည် မြင်းမိုရ် နေရာပင်ဖြစ်သည်။ ဆင်ဖြူများရှင်သည် ရာမညတိုင်းအရပ်၌ မြန်မာမင်း ဖြစ်လေသောကြောင့် ရာမညတိုင်းမင်းတို့ အသုံးအဆောင်၊ ရာမညတိုင်းသား တို့ ဘာသာအပြောအဆိုနှင့် မြန်မာတို့အသုံးအဆောင်၊ မြန်မာဘာသာ အပြောအဆို အခေါ်အဝေါ်များသည် ထွေးရောလျက် ရှိလေသည်။ ဆင်ဖြူ များရှင်လက်ထက်ကသည် သားတော် ညောင်ရမ်းမင်းတိုင် ဆက်နွယ်သည် ဖြစ်၍ အစဉ်မပျက် သုံးဆောင်ပြောဆို အခေါ်အဝေါ်ထွေးရောကြလေသည်၊ ဓမ္မသတ်စာစောင်များတွင်လည်း အဂ္ဂမဟာသေနာပတိ မှူးကြီးမတ်ကြီး * ဒေါဗညား၊ မှူးလတ်မတ်လတ်၊ မှူးငယ်မတ်ငယ်တို့သည် အမှုနှင့်ဆိုင်ရာ ကျူးလွန်သည်ကို လျော်ပြစ်လျော်ထုံးစီရင်ရသည်ဆိုသည့်အချက်ကို ထောက် ၍ ဒေါဗညားတို့သည် ရာမညတိုင်း အမှူးအမတ်ဖြစ်ကြောင်းကို သိရသည်။ နေရာတွင် မြင်းမိုရ်နေရာ၊ ပြင်နေရာ နှစ်နည်းရှိကြောင်းများကို စပ်ဆိုသည်

မှာ -

မြေနန်းလွှတ်သာ၊ မင်္ဂလာသဘင်၊ နစ်ဉကင်၌၊ အပြင်တချက်၊ ရှေးဆက်နကို၊ မြင်းမိုရ်မယွင်း။ ခင်းသည်စဉ်လာ၊ နစ်နေရာတွင်၊ ဂုဏ်ဝါဒီးဝဲ၊ မြောက်လက်ဝဲက။

ဟူ၍ စပ်ဆိုလေသည်။

**နံကဝိုင်၊ ကယပ်။** အိမ်ရှေ့မင်းအဆောင် သားတော်ညီတော်တို့ ဝေါပလာ ရလျှင် ပေးသည့်အဆောင်နီတွင် + နံကဝိုင် § ကယပ်ပါသည်မှာ နံဆိုသည် ကား အိုးဆိုသည်။ ကဝိုင်ဆိုသည်မှာ ကရွတ်ဖြစ်သည်။ ကယပ်ဆိုသည်မှာ ပုဆိုးအထည်အလိပ်ဖြစ်သည်။ ရေအိုး သင်းချောအမုံ ပါဂုံစယပ်စည်း၍ ချိပ်တိုက်သစ်သားကရွတ်နှင့် သောက်ရေစောင်၍ ပါသည့်အိုးဖြစ်သည်။ သောက်ရေစောင်အိုး ခေါ်သည်။

* မွန်-ဗညာ = မျိုးမတ်၊ ဒပညာ။
\+ မွန်-နံင်ကဝး = ရေအိုးကရွတ်။
§ မွန်-ယာတ် = အဝတ်။

**လန်ဖိကျောက်ကြာမုံခဲ။** နေရာသင်ဖြူးတွင် ဖိ၍ထားသည့်လန်ဖိကျောက် ကြာမုံ၏အကြောင်းမှာ မင်းကြီးစွာစော်ကဲလက်ထက် ရခိုင်ပြည်ကို အအုပ် အချုပ် စောမွန်ကြီးကိုခန့်၍ စောင့်နေရသည်ကာလ ရခိုင်မင်းပေါင်းသည့် ကျည်းဦးပေါင်းကို ဆက်လိုက်သည်။ မင်းကြီးစွာစော်ကဲ ဆင်တော်မူမည် ရှိသည်တွင် ဝန်ဇင်းမင်းရာဇာက စုံစမ်း၍ဆင်တော်မူသင့်သည် လျှောက် သောကြောင့် ဦးပေါင်းကို ဝန်ဇင်းမင်းရာဇာအား ပေးတော်မူသည်။ ဝန်ဇင်း မင်းရာဇာလည်း ရာဇဝတ်ရေး၌ လိမ္မာသည့် အမတ်ပညာရှိဖြစ်၍ ဦးပေါင်း ကို ဆက်ပြန်သည်။ ဦးပေါင်းအကြောင်းကို သိသာအောင် စုံစမ်း၍ လျှောက် ရမည်မှာထားလိုက်လျှင် စောမွန်ကြီးက ရခိုင်တွင် လူကြီးသူကြီး သိမီသသူ တို့ကို စစ်ကြောမေးမြန်းစုံစမ်း၍ ရခိုင်နန်းကျကြီး၊ နန်းကျငယ်တို့ပေါင်းသည့် ဦးပေါင်းဖြစ်ကြောင်းကို လျှောက်ထားရာတွင်မှ ရခိုင်နံ ရခိုင်မင်းတို့ အညွန့် အသားကို နှိမ်စေလို၍ ရခိုင်မင်းဦးပေါင်းနှင့်တူစွာ ကျောက်ကိုထုလုပ်ပြီးလျှင်

နန်းတော်တွင်ခင်းသည့် သင်ဖြူးများမှာ အနားလန်သည်ကို လမ်းသွားသာ အောင် ဖိထားလေသည်ဖြစ်၍ လန်ဖိကျောက်ခေါ်ဝေါ်သည်။

အချို့ ပုဂံပြည်ဝယ် တောင်သူကြီးမင်းပြုသည့်ကာလ ယာခင်းတွင် လုပ်ဆောင်သည့် ဘူးသခွားတို့ကို ဆောင်ယူစေ၍ ရဟန်းပုဏ္ဏားတို့အား မပြတ်ပေးကမ်း လှူဒါန်းသည်။ မောင်းမမိဿံတို့အား ဝေငှသည်။ တစ်နေ့ မပြတ် သုံးစွဲ၍မကုန်လေလျှင် ထားမိထားရာရှိသည်နှင့် နန်းတွင် ခင်းထား သည့် ဖျာ၊ သင်ဖြူးတို့ အနားလန်သည်များကို လမ်းရှင်းအောင် ဘူး၊ သခွား တို့နှင့် ဖိထားသည်။ နောက်နောက်သော မင်းတို့လက်ထက် ဘူး၏သဏ္ဌာန် ကျောက်ကိုလုပ်ထားသည်ဆိုသည်။ သို့ဖြစ်၍ ထိုကျောက်ကို လန်ဖိကျောက် ခေါ်ဝေါ်သည်လည်း ဆိုသည်။ လူကြီးသူကြီးတို့အစဉ်ပြောဆိုကြသည် နှစ်သွယ်နှစ်ကြောင်းရှိသည်တွင် ပညာရှိတို့ စပ်ဆိုသည်မှာ -

မင်္ဂလာညွန့်ဖူး၊ ရွှေနန်းဦးဝယ်၊ သင်ဖြူးနီလျှမ်း၊ အနားမွမ်းတွင်၊
မင်းလမ်းဖိမြဲ၊ ကြာမုံခဲနှင့်။

ဟူ၍ စပ်ဆိုလေသည်။

**ပေါင်းတော်ဆောင်**။ ပေါင်းတော်ဆောင်မှာ ပေါင်းတော်ထားသည်။ အထွတ် အမြတ် အဦးဖြစ်၍ နန်းမနန်းဦး တည့်တည့်ဆောက်လုပ်ခြင်း၊ ပေါင်းတော်၊ သရဖူတော်၊ မကိုဋ်တော်၊ ပတ္တမြားပေါင်းတော်၊ နဝရတ်ပေါင်းတော်၊ ရွှေသား ပေါင်းတော်၊ ငွေသားပေါင်းတော်၊ ပကတိပေါင်းထုပ်တော်တွင် ရွှေသားရွှေတွန့် ပေါင်းတော်၊ စိန်တွယ်ပေါင်းတော်၊ မြတွယ်ပေါင်းတော်များကို ခေါက်တုံ့ ပြင်ဆင်ထားရာဖြစ်၍ ပေါင်းတော်ဆောင် ခေါ်ဝေါ်သမုတ်လေသည်။ ပညာရှိ တို့ စပ်ဆိုသည်မှာလည်း -

ပေါင်းတော်ပတ္တမြား၊ ဆင်ဝတ်စားနှင့်၊ သိကြားတမျှ။

ဟူ၍လည်းကောင်း။

ပေါင်းတော်နဝရတ်၊ မျက်ခတ်စီဆင်၊ မိုးနတ်သွင်တည့်။

ဟူ၍လည်းကောင်း။

စိန်တွယ်မြတွယ်၊ မျက်ခြယ်ပေါင်းတော်၊ ကျူးကျော်ဆန်းပြား။

ဟူ၍လည်းကောင်း စပ်ဆိုလေသည်။

**လေသာဆောင်**။ လေသာဆောင်တော်မှာ အခြားအဆောင်ကဲ့သို့ အကာအရံမရှိ။ လေညင်းလေသာ ဝင်ရာဖြစ်၍လည်းကောင်း၊ လေညင်းလေသာခံတော်မူရာ၊ စံတော်မူရာ အရပ်ဖြစ်၍လည်းကောင်း၊ လေသာဆောင် ခေါ်ဝေါ်သမုတ်လေသည်။

**ပရိတ်နာဆက်ဆောင်**။ ပရိတ်နာဆက်ဆောင် ခေါ်ဝေါ်သမုတ်သည်မှာ ကေရာဇ်မင်းမြတ်တို့ ထွက်စံသည်ဖြစ်စေ၊ မထွက်စံသည်ဖြစ်စေ ရံဖန်ရံခါ အမှုနှင့်လျော်စွာ ကြုံကြိုက်သည့်ကာလ ပကတိပေါင်းတော်၊ သရဖူတော်၊ မကိုဋ်တော် အစရှိသော အဆောင်အယောင်တော်၊ မင်းဝတ်တန်ဆာတော်များကို ပရိတ်တော်ခံသည်။ ပရိတ်တော်နာသည်။ ပရိတ်တော်ပန်းဆက်သည်များကို အကြောင်းပြု၍ ပရိတ်နာဆက်ဆောင် ခေါ်ဝေါ်သမုတ်သည်။

ရာဇမဏိစူဠာ ဘုရားဒါယကာလက်ထက် တောင်ဖီလာဆရာတော်မန်းစက်တော်ရာကပြန်၍ နန်းတော်သို့ ပင့်သည်ကာလ ပရိတ်တော်ဆက်ဆောင်တွင် အတွေ့ခံတော်မူသည်။ အထက်စက်တော်၊ အောက်စက်တော်ကို တစ်ရာ့ရှစ်မျှင်ချည်နှင့် မှတ်သားတိုင်းယူခဲ့သည့် စက်တော်တိုင်းချည်ကို စက်တော်ဦး စက်တော်ဖနောင့် မှတ်သားထားပြီးလျှင် ပရိတ်တော်ရွတ်သည်။ ကမ္မဋ္ဌာန်းသရဏ္ဍာယ်တော်မူသည်။ ရှိခိုးပူဇော်ပြုတော်မူ၍ ဆရာတော်နှင့်မင်းကေရာဇ် ကိုယ်တော်နှစ်ပါးသည် "ထင်ရှားစွာ နိမိတ်ပြာဋိဟာကို ပြတော်မူစေသော" ဟု သစ္စာဓိဋ္ဌာန်ပြုသည်တွင် ညိုသောရောင်ခြည်တော် ပြတော်မူလေသည်ဟူ၍ စာပေါင်းများတွင် ရှိသည်ကိုထောက်လျှင် ပရိတ်နာဆက်ဆောင် တွင်ကြောင်းကို သိရသည်။

**ဇေတဝန်ဆောင်**။ ဇေတဝန်ဆောင် ခေါ်ဝေါ်ကြောင်းမှာ မဇ္ဈိမဒေသကပင် ခေါ်ဝေါ်သမုတ်ခြင်းဖြစ်သည် ယူရန်ရှိသည်။ ဇေတဝန်အမည်သည် မာဂဓစကားဖြစ်သည်။ မဂရောဇ်တိုင်းသားတို့ အခေါ်အသုံးဖြစ်သည်ဆိုသည်မှာ 'ဇေယျ၊ ဇိတ၊ ဇိယံ၊ ဇိတဝါ၊ ဇယော၊ ဇယ' ဆိုသည် များသည် မြန်မာပြန်လျှင် အောင်ခြင်းသဘောကို ရသည်။ မဂရောဇ်တိုင်းသားတို့မှာသာ

အောင်သည်ကို စကားအများရှိသည်မဟုတ်။ မြန်မာဘာသာ စကားမှာလည်း နိပ်သည်၊ နင်းသည်၊ နှံသည်၊ နိုင်သည်၊ အောင်သည် စကားတစ်ရပ်၊ ကြောက်သည်၊ ငြင်သည်၊ ထိတ်သည်၊ လန့်သည်၊ ရွံ့သည် စကားတစ်ရပ်၊ ကြီးသည်၊ ကဲသည်၊ စိုးသည်၊ ချုပ်သည်၊ အုပ်သည် စကားတစ်ရပ်၊ စကားတစ်ခုကို အသွယ်သွယ် ပရိယာယ် များပြားသည်ကိုထောက်လျှင် ဇိတဝါ ခေါ်ဝေါ်ရင်း မာဂဓစကားပင် ဖြစ်သည်။ ဧ-ကို ဧ-ပြုသည်၊ ဧ-ကို ဧ-ပြုသည်၊ ဧ-ကို ဥ-ပြုသည်၊ ဥ-ကို ဧ-ပြုသည်၊ အ-ကို အာ-ပြုသည်၊ အာ-ကို အ-ပြုသည်၊ နိဂ္ဂဟိတ်ကို န-ပြုသည်၊ မ-ပြုသည်၊ င-ပြုသည်၊ ဏ-ပြုသည်များကိုထောက်၍ ကဏ္ဍသုခ-ဖြစ်အောင် ဇေတဝန်ဆောင် ခေါ်ဝေါ်ခြင်း၊ ဇေတဝန်သည် အောင်ခြင်းသဘောကို ရသည်ဖြစ်၍ ဘီလူး ကိုးကျိပ် ကိုးယောက်တို့ကို စစ်ကိုင်းအရပ်၌ ဘုရားသခင်ချွတ်တော်မူ၍ အောင်မြင်ခြင်း ဇေတဘီလူးကို အမှူးပြုသဖြင့်လည်းကောင်း၊ ဇေတဘီလူး လည်း ဘီလူးတို့ကို နှိမ်နင်းအောင်မြင်နိုင်သည်ဖြစ်၍ ဇေတအမည်ကို ရခြင်းအကြောင်းတို့ကို အစွဲပြုသဖြင့် ဘီလူးကိုးကျိပ်ကိုးယောက်သည် သောတာပန်တည်၍ အောင်မြင်ခြင်းနိမိတ်ကို ထင်ရှားစေခြင်းမှာ ထိုအရပ်ကို 'သောတာပန်'အရပ်ဟူ၍ သမုတ်လေသည်။ ဇေတဘီလူး အမှူးဖြစ်သည်ကို လည်းကောင်း၊ အောင်မြင်ခြင်းကိုလည်းကောင်း အကြောင်းပြု၍ 'ဇေတဝန် ဆိပ်' ပညတ်ခေါ်ဝေါ်လေသည်။

အနာထပိဏ်သူဌေး ဆောက်လှူသည့်ကျောင်းကို ဇေတဝန် ကျောင်းတော် သမုတ်ခေါ်ဝေါ်သည်မှာ ဇေတမင်းသား ဥယျာဉ်တော် အရပ် ဖြစ်၍ 'ဇေတဝန'ဆိုလိုသည်။ ဇေတဝန်ကျောင်းတော်ကို အစွဲပြု၍ 'သုံးထပ် ဆောက်လုပ်သမျှကို ဇေတဝန်ခေါ်ဝေါ်သမုတ်လေသည်'။ နန်းတော်ဇေတဝန် ဆောင်၊ လွှတ်တော်ဇေတဝန်ဆောင်တော်များမှာ အရှေ့ဆောင်ဦးဖြစ်၍ လည်းကောင်း၊ လွှတ်ဇေတဝန်ဆောင်မှာလည်း ဥကင်ရာဇပလ္လင်တည်ရာ၊ ထီးဆောင်းမင်းအပေါင်းတို့၏ညွှတ်ရာ၊ ရန်မာန်ကိုအောင်မြင်ခြင်း နိမိတ် ထောက်ယူ၍ ဇေတဝန် ခေါ်ဝေါ်သမုတ်သည်။ ပညာရှိတို့ စပ်ဆိုသည်မှာ လည်း -

ဖဝါးရွှေစက်၊ ညွှံသက်ဖြိုးညီ၊ လက်ျာချီ၍၊ ရှေ့ဆီတူရှု၊

လုမ်းတော်မူမှ၊ ထွက်ပြူနန်းမ၊ စနစသား၊ ရှေမှတတန်၊ ဧေတဝန်သို့၊
ဘုန်းဝှန်နတ်တူ၊ ရောက်တော်မူက။
ဟူ၍ စပ်ဆိုလေသည်။

**ပြတိုက်**။ ပြတိုက်မှာ ပတိုက်ပြဆိုသည်။ 'ပြတိုက်၊ စနု၊ စမုတ်၊ ထားဝယ်' အဆောင်များသည် ရာမညတိုင်းသားတို့ အခေါ်ဝေါ်ဖြစ်သည်။ ပ-ဆိုသည်မှာ ပျိုသည် ဆိုသည်။ ပတိုက်အဆောင်ဆိုသည် လူပျိုမြဲအဆောင် ဆိုလိုသည်။ * မွန် - တိုက်ဗှာဲ = လူပျိုဆောင်၊ အသံထွက် (တတ်ဗလဲ)။ လနှင့် ရပြောင်းသည်။

**ဆင်တင်းကုပ်**။ ပြတိုက်ဆောင်တော်မြောက် ရွှေနန်းကျက်သရေ ဆင်တော်တင်းကုပ်သည် ပြတိုက်သို့ထွက်တော်မူလျှင် ပြတင်းကြီးက ရှုမြင်တော်မူသာအောင် ဖြစ်သည်။ နန်းတော်ဆောင်မ၏ အရှေ့မြောက် တင်းကုပ်ဆောက်လုပ်ခြင်းသည် "အန္တေပုရံ ပဒက္ခိဏံ ကတွာအန္တေ ပုရဿစ ဥတ္တရသီဟပဥ္စရဒွါရသေ ဌာနေ" အစရှိသောပါဠိကိုထောက်၍ စကြာမင်းတို့ဝယ် စကြာရတနာကို နန်းတော်အတွင်း အရှေ့မြောက်ထောင့်က ထားသည်ကို အကြောင်းပြုသဖြင့် ရတနာခုနစ်ပါးတွင် ဆင်လည်း ရတနာတစ်ပါး အဝင်ဖြစ်၍ နန်းတော်ဆောင်မ အရှေ့မြောက်အရပ်၌ ဆင်တော်တင်းကုပ်ထားလေသည်။ ဥတ္တရသီဟပဥ္စရဒွါရသေ ဌာနေ - ပါဠိကိုထောက်လျှင် စကြာကို နန်းတော်အတွင်း အရှေ့မြောက်ကထားသည်၊ ခြင်္သေ့ခံသော လေသာနန်းပြတင်းမြောက်က ရှိကြောင်းကို သိသည်ကိုထောက်၍ ရွှေနန်းကျက်သရေဆင်တော်တင်းကုပ်ထားရာ ရှုမျှော်ရာဖြစ်သဖြင့် ပြတိုက်တော်ပြတင်းကြီးသည် ခြင်္သေ့ခံသော လေသာနန်းပြတင်း ယူရန်ရှိသည်။

**စနု**။ စနုမှာ *စောကနသံဆိုသည်။ စကားရွေ့သဖြင့် စောနခေါ်ဝေါ်ပြန်သည်။ စောနကို စနုရေးသားခေါ်ဝေါ်လေသည်။ 'စော'မှာထားသည်။ 'ကနသံ'မှာ ခရသင်းဆိုသည်။ ခရသင်းထားသောအဆောင် ဆိုလိုသည်။ ရှေးမင်းတို့လက်ထက်လည်း ခရသင်းကို အုပ်နှင့်ထည့်၍ စနုဆောင်တော်တံခါးအတွင်း

လက်ယာဘက်က ထားသည်။ ရတနာဆွယ်ပါးတွင် ခရုသင်းလည်း ရတနာ တစ်ပါးပင်ဖြစ်သည်။ နန်းဦး၌ ခရုသင်းထားသည်မှာ သဒ္ဒပတ္တမင်း၏ အကြောင်း ရှေးဟောင်းနိမိတ်ကိုစွဲ၍ ထားသည်ဆိုသည်။ တစ်ရာ့ရှစ်ကွက် စက်တော်တွင်လည်း "သေတသင်္ခေါ - ခရုသင်းဖြူရှင်း" ပါဠိရှိသည်။ သင်္ကာတွင်လည်း -

ဘုန်းခေါင်စကြာမင်း၊ ခရုသင်းဖြူဆွတ်။

ဟူ၍ စပ်ဆိုလေသည်။ ဘေးကင်းရန်လွတ် နန်းစဉ်ထားမြဲ သုဝဏ္ဏမင်္ဂလာ ဖြစ်တော်မူသည် ယူရမည်။

* မွန်-စွအ်ကဏာသင်။

**စမုတ်**။ စမုတ်မှာ + စောမုတ်ဆိုလိုသည်။ 'စော'မှာ ထားသည်။ 'မုတ်'မှာ မျက်နှာဆိုသည်။ မျက်နှာထားဆောင်ဆိုလိုသည်။ မျက်နှာထားဆောင် ဆိုသည်မှာ ရုံဖန်ရုံခါ တောင်စမုတ်တော်၊ မြောက်စမုတ်တော်သို့ ထွက်တော် မူ၍ ပန်းခုံရေကန် အစရှိသည်တို့ကို ကြည့်ရှုတော်မူခြင်း၊ တောင်စမုတ်၊ မြောက်စမုတ် အလုပ်အဆောင်လည်း တောင်မြောက်စမုတ်မျက်နှာ တူရူ ပြုတော်မူသည်ဖြစ်၍ အဆောင်ကိုစွဲသဖြင့် ခေါ်ဝေါ်ခြင်း၊ ပဋ္ဌင်းတော်၊ ကထိန်တော်၊ ဝါကျွတ်အလှူတော်၊ ဆင်ဖြူ၊ မြင်းဖြူ လှော်ကားသဘော် ကိုသွင်းသည့်ကာလ တောင်စမုတ်တော်သို့ ထွက်တော်မူ၍ ရွှေကရားနှင့် ရေစက်သွန်းတော်မူခြင်း၊ ဆင်တော်၊ မြင်းတော် သိမ်းမည့်အမှုများကို မြောက်စမုတ်တော်သို့ ထွက်တော်မူ၍ သိမ်းမြန်းကြည့်ရှုတော်မူခြင်း၊ ရွှေနန်း ၏အခြင်းအရာ အခါကာလ အမှုနှင့်လျော်စွာ ထွက်တော်မူသည်။ မြောက် စမုတ်တော်တွင်လည်း ဆင်ယာဉ်တော်ထားသည်။ မြေနန်းစမုတ်တော်လည်း ရာဇပလ္လင် ဥကင်စမုတ်တူရူတည့်တည့် အရှေ့အနောက်အဆောင် စမုတ် တူရူပင်ဖြစ်သည်။ မြေနန်းစမုတ်သည် အရှေ့နန်းဦးစမုတ်ကြီးဖြစ်သည်။ စမုတ်သုံးဆောင်သည် ကေရာဇ်မင်းမြတ် ထွက်စံတော်မူရာ လဆန်းဆယ့်ငါး ရက်မြောက် ပုဏ္ဏာတိထိပြည့်သည့် လဝန်းကဲ့သို့ ရွှေမျက်နှာတော်ကို မှူးတော်မတ်တော်တို့ ဖူးမြော်ရခြင်း။ ထိုအဆောင်တို့၏ ခေါင်စမုတ်မျက်နှာ တူရူဆောက်လုပ်သည်များကို အကြောင်းပြု၍ စမုတ်ခေါ်ဝေါ် ပညတ်လေသည်။

+ မွန်-စမုက်၊ စွအ်မုက်

**ထားဝယ်ဆောင်**။ "ထားဝယ်ဆောင် ခေါ်ဝေါ်သည်မှာ ဟံသာဝတီဆင်ဖြူများရှင် လက်ထက် ထားဝယ်မြို့ပါ သူကောင်းသားမြေးတို့ကို ရွေးချယ်ပြီးလျှင် ထို အဆောင်နှစ်ဆောင်မှာ မြဲစွဲစေသည်ဖြစ်၍ ထားဝယ်ဆောင်ခေါ်ဝေါ်သည်။ နွေး သည်ကိုလည်း ထားဝယ်ဆိုသည်။ ရေနွေးတော်ထည့်ရာ အဆောင်ဆိုလို သည်။ ထားဝယ်ဆောင်လည်း နှစ်ထပ်လည်ပေါ်ပင်ဖြစ်သည်။ ထားဝယ်မြို့တွင် ဇရပ်ကျောင်းကန် ဆောက်လုပ်သည်များသည် နှစ်ထပ်သာ အဆောက်အလုပ် များသည်။ နှစ်ထပ်လည်ဖော်၍ ဆောက်လုပ်သည်ကို ထားဝယ်ခေါ်သည်။ ရှေးစာပေါင်းများတွင်လည်း -

ဒဝယ်လည်ကို၊ ရပ်လျှိုကျောင်းဆင်။

ဟူ၍လည်းကောင်း။

ဒဝယ်လည်ကို၊ ကြည့်လိုမငြီး၊ ကွန်းစင်ဆီးလျက်။

ဟူ၍လည်းကောင်း စပ်ဆိုသည်။

* မွန် - ထဝ်ါ = ထက်ဝယ်ဖွဲ့ခွေသည်။ ရှေးရေးထုံး "ထဝယ်"။

**လျှောင်းတော်ဦး**။ လျှောင်းတော်ဦးခေါ်ဝေါ်သည်မှာ 'လျှောင်း' ဆိုသည်ကို ကြည့်သည်၊ မျှော်သည် ဆိုသည်၊ ကြည့်မျှော်ရာအဆောင်ဆိုလိုသည်။ (စကားအလျဉ်းသင့်၍သာ ဆိုသည်၊ အိမ်ရှေ့တော်မှာ ဖြစ်သည်။)

**သဘင်နန်း**။ သဘင်နန်းခေါ်ဝေါ်သည်မှာ အနောက်အတွင်းတော်မှာ ပွဲသဘင်ခံလျှင် သဘင်ရှုတော်မူသည် မြင်းခင်းကာလ ဆင်မြင်းကိုသွင်း၍ ကြည့်တော်မူလေသည်။ စက်တိုင် စက်ရှက်ထား၍ မင်းညီမင်းသား မှူးတော် မတ်တော်တို့ စက်ထိုးရသည်။ ရံဖန်ရံခါ ကေရာဇ်မင်းမြတ်ကိုယ်တော်တိုင် စက်ခင်း မြင်းရေး ရှင်တော်မူသည်။ ရှုတော်မူရာ အဆောင်ဖြစ်၍ သဘင်နန်း ခေါ်ဝေါ်သည်။ 'ဆင်ကြည့်နန်း'လည်း ခေါ်ဝေါ်သည်။ ပညာရှိတို့ စပ်ဆိုသည်မှာ လည်း -

လက်မိုးခရည်၊ မှူးမတ်လည်လျက်၊ ဘွဲ့မည်ရာပေး၊ ပျပ်ပျပ်ကွေးမှ၊

ကျူးေယဉ်နှ၊ ရတုလျှောက်သံ၊ ညင်းညင်းညံ့မျှ၊ ဆင်ရံမြင်းခင်း၊ ရွှေနန်းတွင်းဝယ်။

ဟူ၍လည်းကောင်း။

ပြိုင်တူလွတ်ကင်း၊ ယာဉ်ကျော်မြင်းကို၊ ရာမင်းထိပ်ပေါ် ဘုန်းလိုင်ကျော်မှာ၊ စိတ်တော်လိုရာ၊ ရည်တိုင်းပါဟု။

ဟူ၍လည်းကောင်း။

မှူးမတ်များနှင့်၊ မင်းသားမင်းညီ၊ ရှိဦးစီလျက်၊ ပည်းသီအုန်းအင်း၊ ရွှေနန်းတွင်းဝယ်၊ ဆင်မြင်းဝန်းရံ၊ ဒိုင်းလွှားခံ၍၊ ဗြသံချိမ့်မျှ၊ စက်ထိုးကြသော်၊ မြင်းကရိုက်အောင်၊ ထွတ်ဘုန်းခေါင်သည်၊ ပြောင်ပြောင်မြူးကွန်၊ လုံ့သွားပြန်နှင့်၊ လက်တန်တော်မြှောက်၊ စက်တိုင်အောက်၌၊ နှိုင်းထောက်လွှတ်ကွာ၊ စံသောခါလည်း။

ဟူ၍လည်းကောင်း။

နွယ်ပန်းခွာညို၊ လပြာသိုကား၊ ရှယ်ပျို့အလတ်၊ နထွတ်ဆင်းရောင်၊ မှူးခေါင်မတ်ဖျား၊ မင်းသားမင်းမြေး၊ ဆုန်းရေးတိုက်ဖက်၊ စွယ်ချက်ချီဝင့်၊ ချွန်းဖွင့်တိုက်လွှတ်၊ ဆင်တပ်ဆင်လျှင်၊ ခြေလျှင်ခြေချင်း၊ မြင်းလည်းမြင်းလျောက်၊ ထိုးမြှောက်လုံ့လေး၊ ခုန်ပြေးမြန်လျင်၊ စိုင်းနှင်ကြွားကြွား၊ ဓားသွားချွတ်ငင်၊ မွမ်းမွမ်းဖြင်မျှ၊ သဘင်မြင်းခင်း၊ စစ်အင်ကျင်းသည်။

ဟူ၍လည်းကောင်း စပ်ဆိုလေသည်။

**အနောက်ပွဲတက်ဆောင်။** အနောက်ပွဲတက်ဆောင်တွင် ရာဇပလ္လင်ထည့်သည်လည်း ဆိုသည်။ ထည့်သည့်ရာဇပလ္လင်တွင် ဆင်ရုပ်အပြည့်ခံသည် ဆိုသည်မှာ ဒဂုန်ဆင်ပျံရှင်လက်ထက် ဆင်ရုပ်ရာဇပလ္လင်ဖြစ်ကြောင်းကို အစဉ်ပြောဆိုသည့် စကားနှင့်ညီလေသည်။ 'ပြတင်းကြီး'နှင့် အတွင်းက 'သလွန်တော်'တည်သည်ဟူ၍လည်း ဆိုသည်။ စကားနှစ်ချက်မှာ အစိုးရသသူ အရှင့်ရွှေနလုံးတော်နှစ်သက်ရာ ဥပဒေပြု၍ သုံးစွဲသည်ကိုသာ ထုံးဖြစ်စေသင့်သည်။

"ဟောင်းသာ ဟောင်း၍ မကောင်းသည့်အရာလည်း ရှိသည်။

ဟောင်းလည်း ဟောင်း၍ ကောင်းလည်း ကောင်းသည့်အရာလည်း ရှိသည်။

သစ်ကား သစ်၏ မဖြစ်ရသည့်အရာလည်း ရှိသည်။

သစ်လည်း သစ်၍ ဖြစ်လည်းဖြစ်ရသည့်အရာလည်း ရှိသည်"။

အကြောင်းလေးချက်ကို ဆင်ခြင်ပြီးလျှင် ရှေးအစဉ်လည်း မပျောက်၍ နောက်သုံးစွဲသည့်အရာလည်း ကောင်းလျှင် ရွှေနန်း၏အဖွယ်အရာ လိမ္မာကျွမ်းသိ နားလည်သဖြင့် ကေရာဇ်မင်းမြတ် ရွှေနလုံးတော် မင်းရိပ်မင်းခြည်ကို ကြည့်ရှုတွေးတောဆင်ခြင်၍ စာဟောင်းစာတမ်းစွဲလမ်းလျက် အစဉ်မော်ကွန်းဖြစ်စိမ့်သောငှာ စီရင်ခင်း စီရင်ဖွယ်တို့ကို စီရင်နိုင်သည်သာလျှင် အမှုကံတွင်သည်ဆိုရန်ရှိသည်။ မင်းမပေးသော်သာ ရာဇဝတ်လွတ်ကင်းသည်။ အရှည်ရှိသည်၊ အချင်းရှိသည်၊ အရင်းဖြစ်သည်၊ အမျိုးဖြစ်သည် မကိုးစားသင့်။ ကမ်းနား သစ်ပင်ကဲ့သို့ဖြစ်သည်။ အစိုးရသသူ အရှင်သနားချစ်ကြည်တော်မူသော် လိုရာရွှယ်တိုင်း ပြီးစီးနိုင်သည်။

သို့ဖြစ်၍ ပညာရှိတို့စပ်ဆိုသည်မှာ -

အရှည်အချင်း အရင်းအမျိုး၊ မကိုးသာချေ၊ ကမ်းခြေသစ်ပင်၊ ရောက်သောသွင်သို့၊ ပုံပြင်တူဖြား၊ သနားတော်သာ၊ လိုရာရွှယ်နိုင်၊ အပြီးတိုင်ရှင့်။

ဟူ၍ စပ်ဆိုလေသည်။ သည်စကားသည် မင်းခစားသူတို့အား *အနုသာသနီ ဖြစ်သည်။

* ပါဠိ၊ ဆုံးမစကား။

**ငှက်ခတ်တဲ**။ နန်းတော်မိုး၌ ငှက်ခတ်တဲထားသည်မှာ ကောသမ္ဗီပြည် ကောသမ္ဗီမင်း၏ မိဖုရားဆောင်းလအခါ ကမ္ဗလာနီကိုခြုံ၍ နေရောင်ခံသည်တွင် သားတစ်အမှတ်ဖြင့် ကေသနီမိဖုရားကို ငှက်ကြီးချီ၍ တောအရပ်သစ်ပင်တွင် တင်ထားသည်။ ပဋိသန္ဓေ အရင့်အမာပါသည်ဖြစ်၍ သားဖွားလေလျှင် ရသေ့မွေးကျွေးပြုစုသည်။ ထိုမင်းကို ဥတေနမင်းခေါ်ဝေါ်သမုတ်သည့် ရှေးအကြောင်းကိုစွဲ၍ ငှက်စောင့် ငှက်ခတ်တဲ ထားသည်ဟု ဆိုလေသည်။

တစ်ကြောင်းလည်း ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမင်း၏ နန်းပြာသာဒ်ကို ဇမ္ဗူပတိမင်းသည် ခြေနင်းပျံစီး၍ ထိခိုက်သောရန်ကြောင့် နန်းမိုး၌ အစောင့်

ထားသည်လည်း ဆိုသည်။ ထိုစကားသည် ကျန်းဂန်မလာမပါမရှိ။ အခိုင်မယူသာ။ + အနကထာဖြစ်ရုံမျှသာ ရှိသည်။
+ ပါဠိ၊ ပြောရိုးပြောစဉ်စကား။

**ပြူတံခါး။** ပြူတံခါး ပြူပြတင်းခေါ်ဝေါ်သည်မှာ ဟံသာနဂရပြည်၌ ပြူမင်းလက်ထက် မိဗ္ဗာန်၍ ပြူမင်းမျက်နှာပြုလျှင် ရတနာမိုးရွာသည်။ ရတနာမိုးရွာသောကြောင့် ထိုမင်းကို ပြူမင်းသမုတ်လေသည်။ ပြူမင်းမျက်နှာပြုရာ အပေါက်ဖောက်သည်ကို ပြူပြတင်း ပြူတံခါးခေါ်ဝေါ်လေသည်။

**ပွတ်လုံး ကျေးစေတိုင်။** ပွတ်လုံး ကျေးစေတိုင် ခေါ်ဝေါ်သည်မှာ ဗာရာဏသီပြည်၌ ဗာရာဏသီမင်း၏လက်ထက် အရှင်အာနန္ဒာအလောင်း ကျေးကိုစေသုံးသည်။ ထိုကျေးနားရာ ပွတ်တိုင်လုပ်၍ နန်းတွင်ထားသည်။ စေသုံးသည့် ကျေးနားရန်ထားသည့်တိုင်ဖြစ်၍ ကျေးစေတိုင်ခေါ်ဆိုသည်။ ထိုကျေးအစဉ်မပြတ်နားရာ တိုင်ဖြစ်၍ 'ကျေးစဉ်တိုင်'ခေါ်သည်လည်း ဆိုသည်။ ကျေးစေတိုင်ခေါ်သည်ကို သဝေထိုးကို ဉသတ်ရေးပြန်၍ ကျေးစဉ်တိုင်ဖြစ်သည်ဆိုသည်။

တစ်နည်းလည်း ဘုရားအလောင်း ကျီးမင်းမယားသည် ဗာရာဏသီမင်း၏ စားတော်ကို စားချင်၍ အရှင်သာရိပုတ္တရာ အလောင်းဖြစ်သော ကျီးသည် ပျံသွားပြီးလျှင် စားတော်သည်ကို စားတော်ဆက်တင်သည့်ကာလ မျက်နှာကို အတောင်ဖြင့်ခတ်၍ ထိုးဆွပ်ဆိတ်ဆွသည်တွင် ကျီးကိုဖမ်းမိ၍ မင်းအားဆက်လျှင် ဗာရာဏသီမင်းလည်း မေးမြန်းသော် "ကျီးမင်းမယားသည် စားတော်ကိုစားချင်သောကြောင့် စေခိုင်း၍ အရှင့်အမှုကို ရှက်ဆောင်ကြိုးပမ်းပါသည်"ဆိုလျှင် မှူးမတ်အလယ်၌ ကျီးကိုထား၍ "တိရစ္ဆာန်မျှ အရှင့်အမှုကို စွန့်စားထမ်းရွက်သည်" ဟု ချီးမွမ်းပြီးလျှင် စားတော်ကိုလည်း ပေး၍ လွှတ်လိုက်လေသည်။ "တစ်နေ့မပြတ်ယူလာလည့်" မှာထား၍ ကျီးသည် မပြတ်ချီယူလာသည်၊ ကျီးယူရန် အစာတော်တင်ထားရာ တိုင်လုပ်၍ ကျီးစာပေးသောကြောင့် ထိုတိုင်ကို 'ကျီးစာတိုင်'ခေါ်ဝေါ် သမုတ်သည်လည်း ဆိုသည်။ အခေါ်အသုံးအရေးအသားများရာလိုက်၍ ခေါ်ဝေါ်ရေးသားသင့်သည်။

**မောင်းမလည်**။ မောင်းမလည်ခေါ်သည်မှာ မောင်းမမိဿံတို့ ခစားရာနေရာဖြစ်သောကြောင့် မောင်းမလည် ခေါ်ဝေါ်သည်။ ရှေးစာဟောင်းများတွင်လည်း -

မောင်းမလည်မှာ၊ ကွယ်ရာနံပါး၊ ပြင်ကိုထား။

ဟု စပ်ဆိုလေသည်။ တစ်နည်းလည်း -

ကွန်းစင်လက်ပြင်၊ စမြင်ပတ်လည်၊ နေရာသည်မူ၊ အမည်မရ၊ ရှာစားမျှသာ။

ဟူ၍ စပ်ဆိုသည်များကိုထောက်သဖြင့် 'ရှာစားထက် အမည်ရသည့်နေရာမြင့်သည်'ကို သိရသည်။

**သဉ္ဇာလီ**။ သဉ္ဇာလီနေရာတော်မှာ မျိုးဆိုသည်ကို မင်္ဂလာဆိုဘိသကဲ့သို့သေဉ်ဆိုသည်မှာ ထင်ရှားသည်ဆိုသည်။ ရှေးစကားဟောင်းဖြစ်သည်။ 'ဇာလီ' မှာ မာဂရောင်တိုင်းသားတို့၏စကားဖြစ်သည်။ မြန်မာပြန်လျှင် ထွန်းပသည်ဆိုသည်။ 'ဇာလ'ကို ပွတ်တိုင်လည်း ဆိုသည်။ မြန်မာ ရှေးသူဟောင်းတို့စကားနှင့် မဂဓတိုင်းသားတို့ စကားဖက်တွဲခေါ်ဝေါ်သည် ယူရန်ရှိသည်။ ထင်ရှားထွန်းပသည့်နေရာ၊ ထင်ရှားသည့်ပွတ်တိုင်နေရာ ဆိုလိုသည်။ ပညာရှိတို့ စပ်ဆိုသည်မှာလည်း -

ချမ်းသာဆော်စဉ်၊ စိတ်ကိုရှဉ်၍၊ မျိုးသေဉ်မည်သား။

ဟူ၍ စပ်ဆိုလေသည်။

ပညာရှိတို့ ဝိဂြိုဟ်ဝစနတ် ကြံသည်မှာ -

သုဋ္ဌု ဇလတီတိ သဉ္ဇာလော။

ယံ - အကြင်နေရာသည်။ သုဋ္ဌု - ကောင်းစွာ။ ဇလတိ - ထွန်းပတတ်၏။ ဣတိတသ္မာ - ထိုသို့ကောင်းစွာ ထွန်းပတတ်သောသတ္တိကြောင့်။ တံ - ထိုနေရာသည်။ သဉ္ဇာ လောနာမ - သဉ္ဇာလမည်၏။ (ကိတ်ဝိဂြိုဟ်။)

သဉ္ဇာလောယေဝ သဉ္ဇာလီ။

သဉ္ဇာလောယေဝ - ကောင်းစွာ ထွန်းပတတ်သော နေရာသည်ပင်လျှင်။

သဉ္ဇာလိ - သဉ္ဇာလိမည်၏။ (ဥပမာတဒ္ဓိတ်ဝိဂ္ဂြိုဟ်။)

**သမ္မာ ဇာလော တေသာတိ သဉ္ဇာလိ။**

**တေသာ** - ထိုနေရာအား။ **သမ္မာ** - ကောင်းစွာ။ **ဇာလော** - ရွှေကွန်ရက် စသည်ဖြင့် ရစ်လှည့်ကာရံခြင်းသည်။ အတ္ထိ - ရှိ၏။ ဣတိတသ္မာ- ထိုသို့ကောင်းစွာ ရွှေကွန်ရက်စသည်ဖြင့် ရစ်လှည့်ကာရံခြင်းရှိသည်၏ သတ္တိကြောင့်။ သာ - ထိုနေရာသည်။ သဉ္ဇာလိ - သဉ္ဇာလိမည်၏။ (သမာသ်ဝိဂ္ဂြိုဟ်။)

ထိုသို့ ဝိဂ္ဂြိုဟ်ဝစနတ် ကြံသည်နှင့်အညီ သဉ္ဇာလိသည် ကောင်းစွာ ထွန်းပတတ်သော နေရာ၊ ကောင်းစွာ ရွှေကွန်ရက် စသည်ဖြင့် ရစ်ကာရံသော နေရာ၊ ထင်ရှားထွန်းပသည့်နေရာ၊ ထင်ရှားသည့်ပွတ်တိုင်နေရာဆိုလိုသည်။ သဉ္ဇာလိလက်တင် 'အုံးမှိုလက်ရန်း' အောက်ကိုလည်း 'ရွှေကွန်ရက်'ထည့်ဟန်ရှိသည်။ လုပ်ခင်းလည်း တင့်တယ်လျောက်ပတ် တော်လျော်သည်ပင် ဖြစ်သည်။ ပညာရှိတို့ စပ်ဆိုသည်မှာလည်း -

စီးဆင်တော်တွင်၊ ဆင်ယင်တန်ဆာ၊ ထွန်းဝါပြိုးပြက်၊ ရွှေကြိုးခက်၍၊ ကိုးမျက်ခြယ်စီ၊ သဉ္ဇာလိထက်။

ဟူ၍ စပ်ဆိုလေသည်။

**မျက်နှာကြက် ကြာယပ် သလွန်ညောင်ရှက်။** မျက်နှာကြက် ကြာယပ် သလွန်ညောင်ရှက်၏အကြောင်းမှာ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း မင်းပြုသောအခါ ဗြဟ္မဒတ်မင်းညီ သုဒတ္တလည်း ကောသမ္ဗီမင်း၏သမက်ဖြစ်၏။ ဂေါတမဘုရားသခင်အလောင်းတော်သည် မထင်မရှားသောအမျိုး၌ ဖြစ်၏။ အရောင်အဆင်းနှင့်ပြည့်စုံခြင်း နှစ်လိုဖွယ်ရှိသောကြောင့် နန္ဒကုမာရမှည့်ကြကုန်သည်။ အသက်တစ်ဆယ့်ခြောက်နှစ်ရွယ်ရောက်သောအခါ အိပ်မက်မြင်သည်မှာ "မြစ်ကမ်းနှစ်ဖက်တွင် ခြေနှစ်ဖက်တင်လျက် ကိုယ်မှာ မြစ်လယ်တွင်နေ၍ မျောလာသမျှ အမှိုက်ဝမ်းထဲသို့ဝင်သည်" ဟု မြင်မက်သည်။ အိပ်မက်ကို ပုရောဟိတ်ပုဏ္ဏားအား ပြန်ကြားမည် သွားလေလျှင် ဗန္ဓုလကုမာရအမည်ရှိသော သူငယ်ချင်းအဖော်ပါ၏။ ပုဏ္ဏေးမကို ပြန်ပြောလျှင် ဖျဉ်းအနှာစွဲလိမ့်မည် နိမိတ်ဖတ်လေသည်။ ပြန်ခဲ့၍ လမ်းတွင် ပုဏ္ဏားနှင့်တွေ့လေသော် အကြောင်းမျိုးကို မေးမြန်းပြီးမှ ပုဏ္ဏေးမခံထုံးကို လိုး၍

ပစ်လိုက်သည်တွင် မိုးကြိုးပစ်လေသည်။ ပုဏ္ဏားလည်း "သည်အိပ်မက်သည် အတုမရှိသော အိပ်မက်ဖြစ်သည်၊ မင်းခစားရမည်၊ မရှည်မကြာ မဟာ သမုဒ္ဒရာနား၌ ပြည်ကြီးမြို့ကြီးတွင် မင်းဖြစ်လိမ့်မည်" ဟောပြောလိုက်၍ နန္ဒကုမာရလည်း ဗာရာဏသီမင်းဝယ် ဗန္ဓုလကုမာရနှင့်အတူ ခစားကြလေသော် ဗာရာဏသီမင်းလည်း နန္ဒကုမာရ၏အရောင်အဆင်း၊ အင်္ဂါလက္ခဏာ၊ အကျင့်အာစာရ၊ အပြုအမူ၊ အပြောအဆို၊ အနေအထိုင်၊ အစားအသောက် တို့ကိုမြင်လျှင် ချီးမွမ်းနှစ်လိုဖွယ်ရှိ၍ သား၏အမှတ် ချစ်ကြည်မြတ်နိုးလေသည်။ ပုဏ္ဏေားမဆိုသည့် နှုတ်နိမိတ်အတိုင်းလည်း ဝမ်း၌ ဖျဉ်းအနာစွဲ၍ ခုနစ်ရက်ခန့်မျှ မင်းမခစားနိုင်။

နန္ဒကုမာရမရှိသည်အခိုက် ဗန္ဓုလကုမာရသည် ချုပ်ချယ်လိုသည့်စိတ်ဖြင့် နန္ဒကုမာရ အိပ်မက်မြင်သည့်အကြောင်း၊ ပုဏ္ဏေားမဟောပြောသည့်အချက် များကို ဗာရာဏသီမင်းအား လျှောက်ထားလေလျှင် ဗာရာဏသီမင်းလည်း နန္ဒကုမာရကို သားကဲ့သို့ ချစ်ကြည်သည်၏ အဖြစ်ကြောင့် အလိုအလျောက် သေလေစေရည်၍ ဗာရာဏသီပြည်၏မြောက်ငါးယူဇနာကွာသော တော အရပ်တွင် ကုမုဒြာကြာပန်းကို ဆောင်ယူရမည်စေ၍ နန္ဒကုမာရ သွားရ လေသော် ငါးယူဇနာခရီးအလွန်၌ ဟိမဝန္တာတောစပ်သို့ရောက်၍ ညောင်ပင် ကြီးအရိပ်တွင် နားနေ၏။

ဟိမဝန္တာတောစပ် အရပ်တစ်ပါးဝယ် သစ်သီးမျိုး၊ ပန်းမျိုးတို့ဖြင့် ခြံရံ လျက် အိုင်ကြီးတစ်ခု၌ သိကြားနတ်တို့ ရံဖန်ရံခါ ပျော်မြူးလာ၏။ ကဿပ ဘုရားသခင်လက်ထက်တော်၌ မိဖုရားလေးယောက်တို့သည် ကုမုဒြာကြာ လက်စွဲလျက် တရားနာသောအဆုံး၌ "အမိဝမ်းမှာ ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှသည်၊ ပဋိသန္ဓေနေရခြင်း ကင်းစေသော" ဟု ဆုပန်ယူဖူးသော ကြောင့် ထိုအိုင်တွင် လေးရိုးလေးဖြာ နွယ်မြွာ၍ ပွင့်သော ကုမုဒြာကြာပွင့်၌ ကြာနတ်သမီးလေးယောက် သံသေဒဇဖြစ်လာ၏။

သိကြားနတ်လည်း ကြာနတ်သမီးလေးယောက်ကို ပြာသာဒ်လေးဆောင် ဖန်ဆင်း၍ အခြွေအရံနှင့်တကွ ရက္ခစိုးနတ်၊ ဆင်၊ ခြင်္သေ့၊ နွားလားဥသဘ တို့ကို တစ်ဦးစီအပ်၍ အစောင့်အရှောက်ထား၏။ နန္ဒကုမာရလည်း ပညောင် ပင်ကြီးရိပ်၌ နားလေသည်ကို နွားလားဥသဘတွေ့လေ၍ ကုမုဒြာကြာပွင့်

ယူလာကြောင်းကို ပြန်ပြောလျှင် လူသာမညကား ရောက်နိုင်မည်မဟုတ်။ သည်အရပ်သို့ ရောက်လာနိုင်သူသည် ဘုန်းတန်ခိုးရှိသသူဖြစ်သည် အောက်မေ့၍ နွားလားဥသဘစောင့်သော နတ်သမီးပြာသာဒ်လမ်းသို့ ညွှန်ပြလိုက်၍ သွားလေလျှင် ကြာနတ်သမီးမြင်လသော် ရေးကုသိုလ်ကံ စီမံကြံကြိုက်ကြသည့် အချိန်ရောက်သဖြင့် တစ်ကိုယ်တစ်စိတ်တည်း ဖြစ်ကြလေ၏။

- ဆင်၊ ခြင်္သေ့၊ ရက္ခစိုးနတ်တို့နှင့်လည်းတွေ့၍ ရေးနည်းသွားလေလျှင် ဆင်၊ ခြင်္သေ့၊ ရက္ခစိုးတို့ စောင့်ရှောက်သော ကြာနတ်သမီးတို့နှင့် နန္ဒကုမာရ တစ်ကိုယ်တစ်စိတ်တည်း ရှိသည်ဖြစ်၍ ကုမုဒြာကြာပန်းယူလာကြောင်းကို ပြောဆိုလျှင် ကြာနတ်သမီးတို့ကလည်း "ကုမုဒြာကြာပန်းသည် ကျွန်ုပ်တို့အမိပင် ဖြစ်သည်"ပြောဆို၍ ကုမုဒြာကြာပန်းကို ဆောင်ယူပြီးလျှင် နန္ဒကုမာရနှင့် ကြာနတ်သမီးလေးယောက် မိတ္တာန်သစ္စာပြုကြလေသော် ဘုရားလောင်း၏ သစ္စာအာနုဘော်၊ ကြာနတ်သမီးတို့၏ မိတ္တာန်ခြင်းကြောင့် သိကြားနတ်လည်း ပြာသာဒ်ဖန်ဆင်း၍ ကောင်းကင်ခရီးဖြင့် ကြာနတ်သမီးလေးယောက်နှင့်တကွ နန္ဒကုမာရ ပြန်လာခဲ့၏။

ဘုရားအလောင်းတို့ သစ္စာမိတ္တာန်ပြုသမျှသည် အပြီးတိုင်မြဖြစ်တုန်သည်ကို ရည်၍ ပညာရှိတို့စပ်ဆိုသည်မှာ -

ဗောဓိသတ္တာ၊ ဗျာဒိတ်ရတို့၊ မြွက်ဟဆောက်တည်၊ မိတ္တာန်သည်ကား။
သွေဖည်မလွဲ၊ မချွတ်ဘဲလျှင်၊ ပြီးမြဲကေန်၊ စင်စစ်မုန်၏။

ဟူ၍ စပ်ဆိုလေသည်။ ပြာသာဒ်စီးလျက် ကြာနတ်သမီးလေးယောက်နှင့် ကောင်းကင်ခရီးကိုလာခဲ့၍ ဗာရာဏသီပြည်အနီးသို့ရောက်လျှင် ပြာသာဒ်မှ သက်၍ ကုမုဒြာကြာပန်းကို ဆောင်ယူပြီးလျှင် နန္ဒကုမာရလည်း ဗာရာဏသီမင်းအား ဆက်၏။ ကြာနတ်သမီး လေးယောက်ပါကြောင်းကိုလည်း လျှောက်ထား၏။

ဗာရာဏသီမင်းလည်း မှူးမတ်ဗိုလ်ပါတို့နှင့် ထွက်လေသော် ဗာရာဏသီမင်းထွက်လာသည်ကိုမြင်လျှင် ကြာနတ်သမီးတို့စီးသည့် ပြာသာဒ်လေးဆောင်သည် ကောင်းကင်သို့ မြင့်၍ပျံလေ၏။ "နန္ဒကုမာရကို ခေါ်ပါလော့"ဆိုလျှင် "အရှင့်အား ထိုက်လျှောက်သည်ဖြစ်၍ ဆောင်ယူခဲ့ပါသည်၊ ကံကြမ္မာ ဖန်ပါ

လျှင် ခေါ်တော်မူသည့်ကာလ အထံတော်သို့ရောက်ပါလိမ့်မည်”လျှောက်လေသော် ဗာရာဏသီမင်းခေါ်သည်ကို ပြာသာဒ်လေးဆောင် မြေသို့ မနိမ့်ရှိလေလျှင် “နန္ဒကုမာရကို ခေါ်ပါလော့”ဆို၍ နန္ဒကုမာရခေါ်လေသော် လေးဆောင်သော ပြာသာဒ်တို့သည် ဝါဂွမ်းလဲပွင့်ကျသကဲ့သို့ နန္ဒကုမာရ ရှေ့ရောက်လာ၍ နန္ဒကုမာရကို ပြာသာဒ်လေးဆောင်ယှဉ်လျက် တင်ဆောင် ပြန်လေ၏။

ဗာရာဏသီမင်းတွင်လည်း သားမြေးမရှိ၍ သား၏အမှတ်ဖြင့် ကြာနတ်သမီးလေးယောက်နှင့်တကွ နန္ဒကုမာရကို “ငါနှင့်အတူ တိုင်းနိုင်ငံပြည်ရွာကို အုပ်ချုပ်စောင့်မ၍ ငါ၏ကိုယ်စားဖြစ်စေ” နင်းအပ်၏။ ဗာရာဏသီမင်း မရှိနောက် နန္ဒကုမာရမင်းဖြစ်လေလျှင် ဗာရာဏသီမင်း၏ညီ ကောသမ္ဗီမင်း၏သမက်ဖြစ်သော သုဒတ္တလည်း နန္ဒကုမာရကို အကြိမ်ကြိမ်လုပ်ကြံသည်။ အလိုမပြည့်ရှိလေ၏။ နန္ဒကုမာရမင်း၏ဘုန်းသမ္ဘာကြောင့် ရက္ခစိုးနတ်တို့ ကုမုဒြာကြာရိုး၊ ကြာနွယ်၊ ကြာရွက်၊ ကြာမှုံ၊ ကြာပွင့်၊ ကြာချပ်၊ ကြာယပ် တို့ကိုဆောင်ယူ၍ တစ်နေ့မပြတ် နန်းဦး၌ စုပုံဆက်ထားလာ၏။

ဟိမဝန္တာတောစပ်၌ နားနေခဲ့ဖူးသော ညောင်ပင်၌ ညောင်စောင့်နတ်လည်း ညောင်ညွန့်၊ ညောင်ရွက်တို့ကို တစ်ရက်မကင်း ကုမုဒြာကြာပန်းနှင့်အတူ ဆက်ပို့စုပုံလာ၏။ နန္ဒကုမာရမင်းလည်း ကုမုဒြာကြာပန်းကျေးဇူးကြောင့် မင်း၏အဖြစ်ကိုရခြင်း၊ ဘေးအန္တရာယ်ကင်းခြင်း အကြောင်းအကျိုးကို အောက်မေ့ဆင်ခြင်၍ ထိုကြာရွက်ကို မျက်နှာကြက်ပြုပြီးလျှင် ကြာပွင့်၊ ကြာချပ်၊ ကြာယပ်တို့ကို ပတ်လည်ဆွဲထားလျက် ညောင်ညွန့်၊ ညောင်ရွက်တို့ကိုလည်း ကြာချပ်၊ ကြာယပ်၌ ချပ်ကာချပ်ကာ ဆွဲထားရ၏။ တစ်နေ့တပြတ် တစ်ရက်မကင်း လဲလှယ်ရသည်။

“သူကောင်းဖြစ်ရာ၊ ချက်မြှုပ်ရာ၊ မိဘတို့အရပ်ဌာန သုံးပါးသောအရပ်ကို မမေ့အပ်”ဆိုသည်နှင့်အညီ လေးနွယ်၊ လေးမြွှာ၊ လေးဖြာသော ကြာရိုးတို့ကို လေးသွယ် လေးချက်ကန့်၍ ညောင်ခက်၊ ညောင်ခွတို့ကို အခြေပြု၍ ခေါင်းရင်းက ကြာရွက်အဖျားလိပ်သည့်သဏ္ဍာန်၊ ခြေရင်းက ကြာရွက်အရင်း သဏ္ဍာန် နေရာပြု၍ အိပ်၏။ ထိုနေရာကို အခြားနေရာထက် သာလွန်၍ မြတ်နိုးသည်ဖြစ်သောကြောင့် သာလွန်နေရာသမုတ်သည်။ ရှည်လျားသဖြင့်

သလွန် **ခေါ်ဝေါ်လေသည်။**

**နောက်နောက်** မင်းတို့လက်ထက် သစ်ပျဉ်၊ ရွှေ၊ ငွေ **အစရှိသည်တို့ကို** လုပ်**လေသည်။** မျက်နှာကြက် ကြာယပ်မှာလည်း နောက်နောက်မင်းတို့ လက်**ထက်** ရွှေဖျင်၊ ငွေဖျင်၊ ပိတ်ရမထီ၊ ခါသာ၊ ပင်ကလာ အစရှိသည်တို့ကို ကုမ္ပြာကြာချပ်၊ ကြာယပ် သဏ္ဍာန်ထုလုပ်၍ မျက်နှာကြက် ကြာယပ် သုံးဆောင်လေသည်။ ထိုညောင်ရွက်သဏ္ဍာန်လည်း ရွှေအစရှိသည်တို့ကို ညောင်ရွက်လုပ်၍ ဆွဲထားသည်။ ကြာရိုး၊ ကြာရွက်၊ ကြာပွင့်၊ ကြာချပ်၊ ညောင်ရွက်၊ ညောင်ခက်၊ ညောင်ညွန့် အစရှိသည်များကို သုံးဆောင်ပြုလုပ်သည်ဖြစ်၍ သလွန်ညောင်စောင်း ခေါ်ဝေါ်လေသည်။

**အစ**ဖြစ်ရင်း ကြာညောင်ရွက်ကို အစွဲပြု၍ ရေးစာဟောင်းများတွင် -

ဝန်းယုက်ကြာညောင်၊ လရောင်ပြက်ကာ၊ မွေ့ရာကြက်ရုံး၊ သင်ဇင်အုံးထက်။

ဟူ၍လည်းကောင်း။

သလွန်ကြာညောင်၊ ခန်းသာချောင်ဝယ်၊ ကိုယ်ရောင်နှင့်သာ၊ ဆီမီးပါဟု။

ဟူ၍လည်းကောင်း စပ်ဆိုသည်များကိုထောက်၍ သိရသည်။ သည်မှတစ်ပါးလည်း ကြာညောင်ကို အစပ်အဟပ် အများရှိသည်။ သူကောင်းဖြစ်ရာ၊ ချက်မြှုပ်ရာ၊ မိဖတို့အရပ် သုံးပါးကို မမေ့သင့် မမေ့ရာဆိုခဲ့သည့်အတိုင်း ပညာရှိတို့ စပ်ဆိုသည်မှာ -

သုံးဆင့်ရပ်ရွာ၊ မမေ့ရာဟု၊ စဉ်လာဆိုမူ၊ ထုံးတန္တဟု။

စပ်ဆိုလေသည်။ ညောင်ရွက်ကို *လုဇရွဲခေါ်သည်မှာ ရာမညတိုင်းသားတို့သည် အရွက်ကို 'လု'ခေါ်သည်။ ညောင်ကို 'ဇရွဲ'ခေါ်သည်။ ညောင်ရွက်ပင်ဖြစ်သည်။ အကြောင်းကြောင်း အချက်ချက်ကို ထောက်သဖြင့် ယူဖွယ်ယူသင့် ဆိုရန်ဆိုခွင့်ရှိလေသည်။ ရခိုင်ရာဇဝင်တွင် တောကရစ်သတ္တဝါကို ရ၍ ကြာရိုးကြာရွက်တို့ကို အမိုးအကာပြုသည်။ ကြာပွင့်၊ ကြာချပ်တို့ကို ပတ်လည်ဆွဲထား၍ မဆိုးယူခဲ့သည်တို့ကို အစွဲပြုသဖြင့် ကြာယပ်လုပ်ဆောင်ခေါ်ဝေါ်သည်ဆိုသည်။

* မွန်-သုဗြ၊ ညောင်ရွက်။

သလွန်။ နန်းမနန်းဦး၌ တည်ထားမြဲ အလျားခုနစ်တောင်၊ အနံခုနစ်တောင်၊ ခြေခြောက်ချောင်းတပ်သော သလွန်တော်ကို စာဟောင်းစာတမ်းများတွင် ဆိုသည်။ ထိုသလွန်တော်၏အကြောင်းယုတ္တိမှာ ပျူစောထီးကို ခမည်းတော် နေမင်းက လေး၊ မြားအပ်၍ ငှက်၊ ဝက်၊ ဘီလူး၊ ဖူး၊ ရှူးပျံ၊ ကျား ခြောက်ပါး သောရန်တို့ကို နှိမ်နင်းအောင်မြင်၍ မင်း၏အဖြစ်သို့ရောက်ခြင်း၊ ခြောက်ပါး သောရန်တို့ကို အောင်မြင်ခြင်းနိမိတ် ထင်ရှားစေလို၍ ငှက်၊ ဝက်၊ ဘီလူး၊ ဖူး၊ ရှူးပျံ၊ ကျားတို့သဏ္ဍာန် ခြောက်ရုပ်လုပ်၍ မပြတ်အိပ်ရာနေရာတွင် အောက်အခံဖြစ်သော ခြေခြောက်ချောင်းတပ်လေသည်ဆိုသည်။ ငှက်၊ ဝက်၊ ဘီလူး၊ ဖူး အစရှိသော ရန်တို့ကို လေးဖြင့်အောင်သည်ကို အကြောင်းပြု၍ ပညာရှိတို့ စပ်ဆိုသည်မှာ -

သိပ္ပခနေ၊ လေးမှုတတ်ပွန်၊ လက်ရုံးအန်နင့်၊ နိုင်ဟန်ရှေးဦး၊
ငှက်ဘီလူးက၊ စားကြူးဆိခဲ၊ ဝက်ထီးရဲကို၊ ရန်ပွဲခွင်းလွှတ်၊ အရိမဒ်ဝယ်၊
ပစ်သတ်ဥမျိုး၊ ရန်ညွန့်ချိုးသည်၊ တန်ခိုးရည်မှူ-ပင်ကိုသော။

ဟူ၍လည်းကောင်း။

လွှေ့လွှေ့ဖြူထွား၊ ဥမြတ်ဖွားက၊ တရားရန်နင်း၊ ပြူမင်းဖြစ်စ၊
လေးနတ်သနင့်၊ ကြီးလှငှက်ဆင်၊ အောင်မြင်ဝက်ထီး၊ သတ်ခဲ့ပြီးမှ။

ဟူ၍လည်းကောင်း စပ်ဆိုလေသည်။ ခြောက်ပါးသော ရန်ကို အကုန်မဆို ငှက်၊ ဝက်၊ ဘီလူးကို ဆိုခြင်းသည် အာဒိကမ္မိကနည်းဖြင့် ဆိုခြင်းဖြစ်သည်။ ယင်းသည့်စကားကဲ့သို့လည်း စကြဝဋ္ဌာတစ်ဝှန်းလုံးတွင် သုံးကျွန်းကိုမဆို။

ဘုရားငါးမည်၊ တည်လေရာကား၊ ကမ္ဘာရှေ့ကျွန်း၊ ပေါ်လတ်
ထွန်းက၊ ကြငှန်းဖြစ်စ။

ဟူ၍ ဇမ္ဗူဒီပါကျွန်းကိုသာ ဆိုလေသည်။ စည်ဝန်း၊ စည်ပြော၊ နံ၊ ခရာ၊ သပြေသား၊ လက်ချပ်၊ တံပိုး၊ ဒုံမင်း၊ ခရုသင်းတို့ကို မဆို။

လွလွရောင်ဖြူ၊ ပဇ္ဇူမိုးကြက်၊ နန်းရိုးဆက်၍၊ နန်းထွက်နန်းဝင်၊
သံလွင်လက်မြောက်၊ နန်းချင်းကောက်လျက်။

ဟူ၍ သံလွင်နှင့် မြောက်စည်ကိုသာ ဆိုလေသည်။ နန်းအဆောင်ဆောင်ကို မဆို။

ရာ့တစင်းကို၊ နိပ်နင်းပိုင်သ၊ **နရိန္ဒ**လျှင်၊ နန်းမအလယ်၊

ဘုန်းကြွယ်နေ၊ လ၊ နှစ်စုံပသို။
ဟူ၍ နန်းမဆောင်ကိုသာ ဆိုလေသည်။ ယင်းသည့်စကားများသည်လည်း အာဒိကမ္မိကနည်းပင်ဖြစ်သည်။ ယင်းသို့ အကြိမ်ကြိမ်ဆိုခြင်း စကားသည် ဝစနဝါရစကားဖြစ်သည်။

**ကြေးပြာသာဒ်တော်။** နန်းမတွင် အရှေ့ကွန်းစင်အတွင်း၌ တည်ထားသည့် ကြေးပြာသာဒ်တော်၏အကြောင်းမှာ 'နဋ္ဌသာကီဝင်၊ တိဏာသာကီဝင်၊ ကဋ္ဌ သာကီဝင်' သုံးမျိုးကွဲပြားကြသည်နှင့် တိဏာသာကီဝင်မျိုးသည် မဇ္ဈိမဒေသ ကထွက်၍ တကောင်းတည်ဟောင်းအရပ်၌ ပြည်တည်သည်။ သတိုး ၁၇- ဆက်အတွင်း သတ္တဝါတို့ကံကြောင့် နဂါးပေါ် ရှိသည်။ ညဉ့်အချိန်ကို နန်းသို့ ရောက်သည့် နဂါး၏အန္တရာယ်ကို ကွယ်ကာနိုင်စိမ့်သောငှာ ကြေးကို ပြာသာဒ် လုပ်၍ လေးမျက်နှာ သံကွန်ရက်ပိတ်သည်။ တံခါးပေါက်ဖောက်သည်။ တံခါး ရွက် တံခါးကျင်တပ်သည်။ ယပ်၊ သန်လျက်၊ တုတ်၊ ဓားတို့ကို လက်ဝဲ နံတောင်းကထားသည်။ ညဉ့်သန်းခေါင်အခါ အနုရာဓ၊ ဇေဋ္ဌ၊ မူလနက္ခတ် သုံးလုံးတွင် တစ်လုံးလုံး တည့်မတ်သည့်ကာလ နဂါးပေါ်ရောက်မြဲအတိုင်း လာရောက်သည်နှင့် သံကွန်ရက်ကို တုတ်၊ ဓားဖြင့် ချင်ချင်ခတ်သည်ကို နဂါးအဆိပ်ဖြင့် မှုမ်း၏။ မင်းလည်း ယပ်ဖြင့် ကာသည်။ တံခါးကိုဖွင့်၍ သန်လျက်နှင့်နိပ်နင်းလေလျှင် နဂါးသေလေသည်။ နဂါးကိုနိုင်သောကြောင့် နဂါးနိုင်မင်းခေါ်လေသည်။ ထိုနဂါး၏အရေကို အသပြာတစ်ရာပေး၍ ဆုတ် စေသည်။ အသပြာတစ်ထောင်ပေး၍ ချုပ်စေသည်။ နဂါးရေကို အင်္ကျီချုပ်၍ ဝတ်ဆင်ရသည့်သူတို့သည် သူရဲကောင်းမှ ဝတ်ဆင်ရသည်။ ထိုကိုအစွဲပြု၍ နောက်နောက်မင်းတို့လက်ထက် နဂါးကြေးကဲ့သို့ သံကိုလုပ်၍ ချုပ်လေသည်။ ယခု သံချပ်အင်္ကျီခေါ်ဝေါ်လေသည်။

တကောင်းပြည်တွင် အစဉ်ပြောဆို သုံးဆောင်ကြသည်မှာ "ရာပေး၍ဆုတ်၊ ထောင်ပေး၍ချုပ်" ဟူ၍ ပြောဆိုကြလေသည်။ နဂါးတို့သည် ရေနေဖြစ်လျက် ကြည်းကုန်းသို့ ရောက်နိုင်သည်။ ရေ၌ အဘယ်ဆိုဖွယ်ရှိအံ့နည်း အပယူရှိ၍ ရေကြောင်းသဘင်ခံသည့်ကာလ လုံခြုံစိမ့်သောငှာ ကြေးပြာသာဒ်လုပ်ရန် ပြန်၍ လှေတွင်ထည့်သည်။ ရွှေထီးရွှေနန်း အဆက်ဆက် ရွှေနန်းတက်သိမ်း

လျှင် ကြေးပြာသာဒ်တွင် ခုနစ်ရက် စက်တော်ခေါ်သည်။ ယင်းသို့ စက်တော်ခေါ်ပြီးမှ အလိုတော်ရှိရာ စက်တော်ခေါ်သည်။

ကြေးပြာသာဒ်တော်မှာ အရှေ့သို့ ခေါင်းရင်းထားသည်။ သလွန်တော်မှာ တောင်သို့ ခေါင်းရင်းထားသည်။ အိပ်သည့်ကာလ ဦးခေါင်းပြုရာသောအရပ်ကိုလည်း ကမ္ဘာ့တန်ဆာ ဗေဒင်ကျမ်းများ၌ အရှေ့အရပ်၊ တောင်အရပ်သို့ ဦးခေါင်းပြုသင့်ကြောင်းကိုဆိုသည် ယင်းသို့ဖြစ်၍လည်း ဟိတကာရီ ဗေဒင်ကျမ်းလင်္ကာတွင် -

အိပ်စက်သောခါ၊ ဒက္ခိဏာနှင့်၊ ပြုဗ္ဗာကိုကား။ ဦးခေါင်းထားလော့။

ဟူ၍ စပ်ဆိုလေသည်။

ပုဗ္ဗေ သိရောသိ မေဓာဝီ၊ ဒက္ခိဏေ သိရောသိ အာယု။ ။

အစရှိသော ပါဠ်ကိုထောက်၍ သိရာသည်။

ဟံသာဝတီ ဆင်ဖြူများရှင်လက်ထက် သီဟဠဒီပကျွန်းက သပိတ်တော်၊ စွယ်တော်၊ သမီးကညာ ဆက်ရောက်သည်။ သပိတ်တော်နှင့် စွယ်တော်ကို သိန်းယိုင်ဠ်ကျွန်း ကျည်းမင်းက ပြာသာဒ်နှင့်တင်၍ ပို့ရောက်လာသည်။ ကျည်းပြာသာဒ် အလုပ်အဆောင် ပုံပန်းတို့သည် တင့်တယ်လျောက်ပတ် ဖွယ်ရာ ကျစ်လျစ်သည်ဖြစ်၍ ထိုကျည်းပြာသာဒ်သဏ္ဌာန်လုပ်၍ သုံးဆောင်လေသည်။ သိန်းယိုင်ဠ်ကျွန်းက သပိတ်တော်၊ စွယ်တော်၊ သမီးကညာ ဆက်ရောက်ကြောင်းကိုလည်း ရှေးစာပေဟောင်းများတွင် -

သိန်းယိုင်ဠ်မင်းက၊ မှန်ကင်းစွယ်တော်၊ သပိတ်တော်နှင့်၊ မှနော်နတ်သွေး၊ သမီးထွေးကို၊ မြတ်လေးညွှတ်ခ၊ ဆက်လာသ၏။

ဟူ၍လည်းကောင်း။

တဆူမြတ်စွာ၊ သိန်းယိုင်ဠ်မှာသို့၊ တေဇာနံ့မွှေ၊ ဆောင်ရစေဟု၊ ကြံထွေစိတ်တွင်း။ ရှေ့နောက်ခင်းမှ၊ ကျည်းမင်းရှိရာ၊ မိန့်အာဏာကြောင့်၊ ခြောက်ဖြာ ရောင်လွှတ်၊ စွယ်တော်မြတ်ကို၊ ဘုံထွတ်မိုးက၊ နတ်တို့သသား၊ စိမ်းမြရောင်ဖိတ်၊ သပိတ်ရတနာ၊ ပြင်လျာနွဲ့နှောင်း၊ သမီးနှောင်းကို၊ လျှင်ကြောင်းမကြာ၊ သက်ရောက်လာသည်။

ဟူ၍လည်းကောင်း။

ဇမ္ဗူကျွန်းကို၊ ရံဝန်းများစွာ၊ ကျွန်းငါးရာတွင်၊ တစ်ပါးဝင်သား၊ ကျော်ထင်ဒီပ၊ သိန်းယိုင်ဠ်ကလျှင်၊ ညွှန်းထဗျာဒိတ်၊ သုံးလူ့မိတ်၏၊

သပိတ်စွယ်တော်၊ ပူဇော်စရာ၊ သကုန်လှာ၍၊ သည်းချာနှင်းဆက်။
ဟူ၍လည်းကောင်း စပ်ဆိုလေသည်။

ကျည်းပြည်က ပြာသာဒ်ကိုအစွဲပြု၍ 'ကျည်းပြာသာဒ်'ခေါ်ဝေါ်သည်။ တကောင်းမင်းလက်ထက် လေ့တွင် ကြေးပြာသာဒ်လုပ်၍ တင်သည်။ ဟံသာဝတီ **ဆင်ဖြူ**ရှင်လက်ထက် သာရဗိမာန်လှေတွင် တင်သည်ကို ကျည်းပြာသာဒ် ခေါ်ဝေါ်ပြန်သည်။ ကြေးပြာသာဒ်၊ ကျည်းပြာသာဒ် နှစ်ချက် အခေါ်အဝေါ် အရေးအသား ကွဲပြားသည်မှာ ကြေးပြာသာဒ်၏အလုပ်အဆောင်၊ ထားရာအရပ်၊ သုံးဆောင်ရာမှုလကို ဆင်ခြင်၍ ကြေးပြာသာဒ်ခေါ်ဝေါ်ရေးသားသင့်သည်။ ကျည်းပြာသာဒ်၏အလုပ်အဆောင်၊ ထားရာအရပ်၊ သုံးဆောင်ရာသို့ လိုက်၍ ကျည်းပြာသာဒ် ခေါ်ဝေါ်ရေးသားသင့်သည်များကို ဆင်ခြင်ထောက်ရှု၍ ကြေးပြာသာဒ်၊ ကျည်းပြာသာဒ် ခေါ်ဝေါ်ရေးသားသင့်သည်။ (သာရဗိမာန်၊ သာရကာ၊ အီကင်း၊ ကမကော် - လှေတော်လေးစင်းနှင့် မင်းစီးလှေ တစ်ဆယ့်ကိုးစင်းမှစ၍ ဖောင်စုလှေစုတို့ကို အထက်မှာမှ ဆိုမည်။)

**နန်းစဉ်မင်းရုပ်။** ရွှေကိုထုလုပ်၍ နန်းစဉ်မင်းရုပ်တုဗထားသည့် အကြောင်းမှာ အဇာတသတ်မင်းသည် ခမည်းတော် ဗိမ္ဗိသာရမင်းအား ပြစ်မှားမိသော် ပဉ္စာနန္တရိယကံ - ထိုက်လေသောကြောင့် ဘုရားသခင် အမိန့်တော်အတိုင်း ခမည်းတော်အရုပ် ရွှေကိုထုလုပ်၍ ပူဇော်ကန်တော့ပြုရာတွင်မှ "ဒုသုပိန၊ ဒုန္နိမိတ္တ၊ ဒုသဒ္ဒ" တို့သည်ပျောက်၍ "သုသုပိန၊" သုနိမိတ္တ၊ သုသဒ္ဒ" - တို့ ထင်မြင်လေသည်ဆိုသည့်စကားသည် ကျမ်းဂန်မလာမရှိ။ အစဉ်ပြောဆိုသည့် ဗဟုသုတ ဝစနမျှသာ ဖြစ်သည်။

အလောင်းစည်သူမင်းသည် သက္ကာယရာဇမာန် တက်သဖြင့် "ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့သည် ငါကဲ့သို့ ဘုန်းအာဏာမရှိ" ဟု ပြစ်မှားသော အတိဘာရိယကြောင့် မျက်လုံးမကြည်မလင်ရှိလေသည်။ ဟူးရားဖြူ ဟူးရားညိုတို့အား မေးမြန်းလျှင် ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ကို ပြစ်မှားမိသောကြောင့် မျက်လုံးတော် မကြည်မလင် ဖြစ်ချေသည်။ ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ အရုပ်သဏ္ဌာန် ရွှေကိုထုလုပ်၍ ပူဇော်ပြုစုတော်မူလျှင် သန့်ရှင်းကြည်လင်စွာရှိမည့်အကြောင်းကို လျှောက်လေလျှင်

ပုဂံပြည်တွင် မင်းအဆက်ဆက်တို့ ရုပ်တုရွှေကိုလုပ်၍ ပူဇော်ကန်တော့ရာ တွင် ပျူစောထီးအရုပ်၊ နော်ရထာမင်းစောအရုပ်၊ ဘိုးတော်ကျန်စစ်သား အရုပ် သည်သုံးရုပ်သာ မလဲမပဒိုင် ခိုင်ခံ့တဲ့စားနိုင်လေသည်။ ထိုမှတစ်ပါး မင်းရုပ်တုတို့သည် တိမ်းမပ်လဲယိုင်ကြကုန်၏။ မျက်လုံးဝေဒနာလည်း သန့်ရှင်းစင်ကြယ်လေသည်။ သည်ကိုအကြောင်းပြု၍ ရွှေထီးရွှေနန်း အဆက်ဆက် ရွှေကို မင်းရုပ်တုလုပ်၍ ထားလေသည်ဆိုသည်။

မင်းရုပ်တုထားသည်မှာလည်း တန်ဆောင်းသုံးထပ် ကြာယပ်နှင့် လေး မျက်နှာ သံကွန်ရက် ရွှေချတံခါးသော့ခတ် ဇေတဝန်ဆောင်တော် ကွန်းစင် အတွင်းတွင် အနောက်သို့ မျက်နှာပြု၍ စီစဉ်ခင်းကျင်းထားလေသည်ကို အကြောင်းပြု၍ ပညာရှိတို့ စပ်ဆိုသည်မှာ -

> မျက်မြတ်စီဆင်၊ ပေါင်းဖျင်ရတနာ၊ မင်းတန်ဆာနှင့်၊ စဉ်လာ ရေးတီး၊ နည်းပြည်မှီးသား၊ ဘုန်းကြီးမင်းပေါင်း၊ ဘေးလောင်းမင်းကျော်၊ ဘိုးတော်မင်းချစ်၊ မြတ်စစ်သည်ချည်း၊ ခမည်းတော်တိုင်၊ မယ်တော်ပြိုင်လျက်၊ ရောင်စိုင်ရွှေဥ၊ မင်းရုပ်တုကို၊ သာဓုကော်ရော်၊ ပူဇော်သက္ကာ၊ ကြည်ညွတ်စွာ မှ။

ဟူ၍ စပ်ဆိုလေသည်။

♥ ♥ ♥

## စည်တူရိယာများအကြောင်း

**စည်တော်စုံ**။ ဇမ္ဗူသပြေ ထွက်တော်စည်ဖြစ်သော စည်တော်စုံ၏အကြောင်းမှာ အလောင်းစည်သူ ဇမ္ဗူလှည့်သည့်ကာလ ကျွန်းဦးသပြေပင်သို့ ရောက်သည်။ ဘုရားငါးဆူတို့ နေတော်မူရာ ကျောက်ဖျာကိုလည်း ဘုရားသခင်ရုပ်တုတော် ဖန်ဆင်း၍ ကိုးကွယ်စိမ့်သောငှာ သိကြားနတ်တို့ အပ်လိုက်သည်။ သပြေပင် အရပ် ယူဇနာတစ်ရာ၊ ခက်မအခွတိုင် ယူဇနာငါးဆယ်၊ ထိုဇမ္ဗူသပြေပင်ကို လေခတ်သည့်ကာလ တူရိယာငါးပါးအသံကဲ့သို့ ရှိ၏။ ယူဇနာတစ်ရာရှိကြောင်း ကိုလည်း ရေးစာဟောင်းများတွင် စပ်ဆိုသည်မှာ -

> မြင့်သွန်းတရာ၊ ယူဇနာဟု၊ ကျွန်းချာမှန်ကူ၊ သပြေဟူသား၊ ဇမ္ဗူရုက္ခ။

ဟူ၍ စပ်ဆိုလေသည်။

ဘုရားနှစ်ဆူ၊ ရှင်ဖြူ၊ ရှင်လှ ရုပ်တုတော်အကြောင်းကိုလည်း ရေးစာများ၌ စပ်ဆိုသည်မှာ -

အလောင်းစည်သူ၊ မည်တော်မှုသား၊ ဇမ္ဗူကျွန်းခွင်၊ လည်ရာတွင်၌၊
ဖြူစင်သလင်း၊ ကျောက်ဖျာခင်းကို၊ ရုပ်ဆင်းပီသ၊ ထုလုပ်မှလျှင်၊ မာဃ
ကိုယ်ကြပ်၊ နှင်းလာအပ်သည်၊ ဘေးခပ်သိမ်းပယ်၊ ရှင်တော်နယ်လျှင်။

ဟူ၍ စပ်ဆိုလေသည်။

ထိုဇမ္ဗူသပြေပင်ကို လေလာ၍ လေခတ်သည့်အသံ၊ အခက်အရွက်ချင်း ထိခိုက်သည့်အသံ၊ ဇမ္ဗူသပြေသီး ရေသို့ကျသည့်အသံ၊ ရေမှပေါ်သည့်အသံ တို့သည် အညီအညွတ် မရှေးမနှောင်းဖြစ်ကြ၍ သာယာနာပျော်ဖွယ်ရှိလေ သည်များကို နှုန်းစံနှိုင်းယှဉ်၍ 'တံရှည်၊ တံမြွာ၊ သပြေသာ၊ ခရာ၊ လင်းကွင်း' များမှာ လေလာ၍ ပင်စည်အကိုင်းအခက်တို့ကို လေခိုက်သည့်အဟုန်၏ အသံ၊ 'တံပိုး၊ ဒုံမင်း'မှာ အကိုင်းအခွ အကွေးအဝိုက်ကို လေခတ်၍ မြည်သည့် အသံ၊ 'ခရသင်း'မှာ မပြင်းမပြသော လေညင်းလေညှံ့၏အသံ၊ 'နှဲကြီး၊ နှဲငယ်' များမှာ လေပြင်းလေဟုန်တွင် အခက်အရွက် တစုတအုပ်တည်း ပြိုင်ပြိုင် သဖြင့် မပြင်းမညှံ့ မြည်သည့်အသံ၊ 'လက်ချပ်'မှာ ရွက်ချင်း ခက်ချင်း ထိခိုက်ကြသည့်အသံ၊ 'မြှောက်စည်'မှာ ဇမ္ဗူသပြေသီးတို့သည် ရှေ့နောက် မရှေးမနှောင်း ကြွေကျသည့်အသံ၊ 'စည်ဝန်း'မှာ ဇမ္ဗူသပြေသီးတို့သည် အများ အပြား တစ်ပြိုင်နက် ရေသို့ကျသည့်အသံ၊ 'စည်ဖြော'မှာ ဇမ္ဗူသပြေသီး ရေထဲမှပေါ်သည့်အသံများကို သဒ္ဒသဏ္ဌာန်ပြု၍ တီးမှုတ်ဆောင်ရွက်လေ သည်။

သည်ကို အကြောင်းပြုသဖြင့် ရေးစာဟောင်းများတွင် စပ်ဆိုသည် မှာ -

ဝေဠုအညို၊ စိမ်းလဲ့စိုသား၊ မြင်းမိုရ်ထုတ်သန်း၊ မြခါးပန်းမှ၊
မယွန်းပေါ်ထူး၊ မြောက်စူးစူးဝယ်၊ ကျွန်းဦးသပြေ ညှာမှကြွေသား၊ ကျပေတုံလှာ၊
ရေမျက်နှာထက်၊ သံဝါကျူးလွန်၊ နစ်လေဟန်တူ၊ ပြုတ်ပြုတ်ဟူ၍၊ ပေါ်မူ
ထူးလည်၊ ပြုန်းပြုန်းမည်ရှင့်၊ နတ်စည်အစ၊ ပေး၍ရသား၊ သာလှပေဘိ၊
ဘုန်းဇာတိနှင့်၊ အရိမဒ္ဒနာ၊ ပေါက္ကာရာမ၊ ဥက္ကာသ်ဝယ်၊ မြန်မာ့ထိပ်မို့၊ တီးဆော်
နှိုးသည်၊ ဘေးဘိုးသည်က ပင်ကိုသော။

ဟူ၍လည်းကောင်း။

ပြုတ်ပြုတ်ဟူသည်၊ ထိန့်ဆူထပ်မွမ်း။ စည်တော်ရွမ်းလျက်၊
သာချမ်းညွှန့်လူ၊ ထွက်တော်မူရှင့်။

ဟူ၍လည်းကောင်း။

တီးမျိုးပြောက်စည်၊ ခုနစ်မည်နှင့်၊ တံရည်တံမြွာ၊ သပြေသာတည့်၊
သဒ္ဒါဟူပြီ၊ နှစ်စင်းစီလျှင်။

ဟူ၍ ပြောက်စည်အရံနှင့်တကွ တစ်တန်တစ်ခန်းဖြစ်သည်။

စုံညီတန်းတန်း၊ သည့်နောက်ထွန်းသား၊ စည်ဝန်းလုံးလုံး၊
တဆယ်သုံးတွင်၊ ပတ်ကုံးရံမြဲ၊ တလိုင်းနဲနှင့်၊ မလွဲလက်ချပ်၊ နှစ်စီကြပ်၍၊
သံထပ်တံပိုး၊ ငါးစင်းဖြိုးလျက်။

ဟူ၍ စည်ဝန်းအရံနှင့်တကွ တစ်တန်တစ်ခန်းဖြစ်သည်။

သည့်နောက်ဆက်ကား၊ သံထွက်ညွှန့်လူ၊ စည်ပြောဟူသည်၊
ရည်တူမပြား၊ နှစ်ဆဲ့ငါးနှင့်၊ မြည်အားကြီးဖြိုး၊ နဲတံပိုးတည့်၊ မြည်ရှိးစည်ပုတ်၊
မြည်ထုတ်ပုံသာ၊ မြည်စွာလင်းခွင်း၊ တစ်စီကျင်း၍ သံညင်းနဲငယ်၊ ငါးစင်း
သွယ်မှ၊ တဆယ်ငါးတန်၊ ခရာရံလျက်။

ဟူ၍ စည်ပြောအရံနှင့်တကွ တစ်တန်တစ်ခန်းဖြစ်သည်။

အောင်သံကျူးကြွေး၊ ရှေ့တော်ပြေးတို့၊ နက်လေးသာယာ၊ ရေး
ဘာသာဖြင့်၊ ခြင်းရာအောင်ဆု၊ နန်းရတုကို၊ တီးမှုမှတ်ထွေ၊ ညီညွတ်စေဟု၊
သံခြေဟမြွက်၊ အမှုထွက်က၊ ငြိမ်သက်နားခံ၊ ဖွင့်သံခါကျော်၊ နန်းကိုမြော်
သည်၊ စည်တော်သုံးသွယ် ရပ်ဟန်တည်း။

ဟူ၍ စပ်ဆိုလေသည်။ တစ်ကြောင်းလည်း -

ဘုန်းစက်ပတ်ရိပ်၊ ဥကင်ထိပ်ဖြင့်၊ ရှစ်ကျိပ်ခုနစ်ယောက်၊ နန်းချင်း
ကောက်မှ။

ဟူ၍လည်းကောင်း။ တစ်နည်းလည်း -

မြန်မာတို့စည်၊ ပိတ်ကျည်ရှိးကောက်၊ အချင်းထောက်၍၊
လက်ပြောက်စည်ရှင်၊ မြည်သံလွင်နှင့်၊ ဥကင်စွင့်စွင့်၊ နန်းသစ်ဖွင့်မှ။

ဟူ၍လည်းကောင်း။ တစ်သွယ်လည်း -

သံလွင်ဒုံမင်း၊ ခရာသင်းနှင့်၊ ခွက်ခွင်းလက်ပြောက်၊ နန်းချင်း
ကောက်၍ အရောက်မယ့်ဆီ၊ တာထားပြီကို။

ဟူ၍လည်းကောင်း။ တစ်ချက်လည်း -

တံပိုးသံကျာ၊ စိန်ခရာလည်း၊ နှစ်မြွာကွေးလည်၊ ဧကျူးမြည်လျက်၊

ပိတ်ကျည်သနဲ၊ ရင့်နွဲ့ပဥ္စင်၊ မြောက်သံလွင်နင့်။
ဟူ၍လည်းကောင်း၊ တခြားလည်း -

စည်ကြီးထိန်းထိန်း၊ စည်မုဒိန်းလည်း၊ မြည်ဟိန်းကြားကျယ်၊ အိုင်အိုင်ကယ်မျှ၊ မိုးလယ်ရိုက်ချွန်း၊ တဖြုန်းဖြုန်းတည့်၊ တုန်းတုန်းတင်းတင်း၊ ခရုသင်းနှင့်၊ ဒုံမင်းရီရော၊ ထက်မုနောတို့၊ မြေကြောထုတ်သန်း၊ ပြတ်ဘနန်းလျှင်၊ ဖြန်းဖြန်းသံထင်၊ ရေးဖျားတင်၍၊ အောင်မြင်သုရာ၊ သိကြားလာသို့။

ဟူ၍ စပ်ဆိုလေသည်။

**ဝင်စည်တော်**။ ဝင်စည်တော်၏အကြောင်းမှာ ဓမ္မစေတီမင်းလက်ထက် ဘိသိက်ခံမည်ဖြစ်၍ ပုဏ္ဏားရှစ်ယောက် လာပါစေမည့်အကြောင်းကို လက်ဆောင်ပဏ္ဏာရာဇသံ ကျည်ပျံရွှေပေနင့် သိန်းယိုင်ဌကျွန်းသို့ စေလွှတ်သည်တွင် သီဟဋ္ဌဒီပမင်းက လက်ဆောင်ပဏ္ဏာ၊ ရှေ့သိုင်း၊ နောက်သိုင်း ဆောင်၍ သိန်းယိုင်ဌစည်တီးလူနှင့်တကွ ဆက်လိုက်၏။ ပုဏ္ဏားစစ်ခုနစ်ယောက်တို့ကိုလည်း ထည့်လိုက်၏။ ပုဏ္ဏားတစ်ယောက်မစေ့၍ သမန်းမြက်ကို ပုဏ္ဏားသဏ္ဍာန် လုပ်ဆောင်ရသည်ဆိုသည်။

**စမြောင်**။ ပုဏ္ဏားခုနစ်ယောက်လည်း "ဗ၊ ရ၊ ဟ၊ မ၊ ဏ ဟူသော ငါးလုံး အက္ခရာနင့်အညီ ဂုဏ်ကိုးမည်၊ သိဒ္ဓိခုနစ်မည်၊ ခုတင်တစ်ဆယ့်နစ်ပါးတို့ဖြင့် ပြည့်စုံခြင်းရှိသည်ဖြစ်၍ ဒေါဗညာ.မှူးမတ်သမီးနှင့် ပေးစားထိမ်းမြား၍ ချီးမြှောက်ပြုစု၏။ ရှေ့သိုင်း၊ နောက်သိုင်းကိုင်ဆောင်၍ ပါသသူတို့ကိုလည်း တစ်ကျွန်းသားဖြစ်သည် ရိက္ခာစားနပ်လုံလောက်အောင်ပေးကမ်း၍ စားကာ နေကာသာ စားသောက်နေထိုင်စေဆိုသည်။ စားသည်၊ နေသည်၊ မြန်မာ ဘာသာဆိုသည်ကို ရာမညတိုင်းသားတို့မှာ * စမောင်ဆိုသည် ရှည်လျား သဖြင့် စကားရွေ့လေလျှင် စမြောင်ခေါ်ဝေါ်ရေးသားလေသည်။

စည်ငါးလုံး၊ နဲလေးစင်း၊ ပုံတစ်၊ စည်းစုပ်တစ်၊ စည်ချင်းမှာ သမိန်းဖြမ်း တီးသည်။ + သမိန်မှာ မြန်မာပြန်လျှင် 'မင်း'ဆိုသည်။ ဖြမ်းမှာ 'ဘုန်း တန်ခိုးကြီးသည်'ဆို၏။ ဘုန်းတန်ခိုးကြီးသော မင်းဆိုလိုသည်။ နဲချင်းမှာ 'သီရိပဝရအဂ္ဂမဓမ္မရာဇာမဟာစက္ကဝေါ သမိန်ထောလွတ်တရ'ဟူ၍ မှတ်သည်။ ပါဠိမှာ မြန်မာ၊ တလိုင်း၊ ယွန်း အက္ခရာအတူတူပင်ဖြစ်သည်။ သမိန်ထော

မှာ 'မင်းတရား'ဆိုသည်။ § လွတ်တရမှာ 'ဝင်တော့'ဆိုသည်။ မင်းတရားဝင်တော်မူတော့ဆိုသည့်စကားပင် ဖြစ်သည်။

ပြာသာဒ်တော် မြောက်ကန္နားတွင် ငွေနဲ့ယ်တစ်နှင့် လူတစ်ယောက်စောင့်နေသည်။ နာရီမှူး ငွေမောင်းငါးချက်တီးလျှင် လက်ဝဲတော်တွင် အတွင်းဝန်တို့က အမှတ်ပေးသည်။ လေးဆယ်တော်သားတစ်ယောက်သည် ပြာသာဒ်တော် မြောက်လှေကားက သက်၍ စည်တော်ခေါ်လျှင် ငွေနဲ့ယ်တစ်နှင့် ကန္နားတွင်စောင့်နေသသူသည် နဲ့ယ်ကိုမှတ်စေလျက် လာသည်ကိုမြင်လျှင် ဝင်စည်တော်ချီသည် ဝင်တော်မူသည်။

သည်ကိုရည်၍ ပညာရှိတို့စပ်ဆိုသည်မှာ -

ဝေးရပ်ပြည်ထောင်၊ မင်းကုန်အောင်က၊ လက်ဆောင်ဆက်လာ၊ ဦးတင်စာကို၊ သာယာကျဲကျဲ၊ သံခံကျူးရင့်၊ သံဆင့်ကျူးဘေး တခြေခြေတိ၊ နန်းရေးစုပေါင်း။ မသာတောင်းတွင်၊ ငွေမောင်းကျူးမြောက်၊ ငါးချက်လောက်က၊ မင်းနောက်ခစား၊ သူကောင်းသားတို့၊ မှတ်သားမြဲသိပ်၊ တင်ဦးထိပ်ဖြင့်၊ မင်းရိပ်ရှုမျှော်၊ စည်တော်ခေါ်၍၊ လက်ပေါ်တင်ကာ၊ ငွေနဲ့လာသော်၊ ကောဒသ၊ လူထိုမျှတို့၊ မွန်ညဘာသာ၊ သံဝါစုံညီ၊ လက်အုပ်ချီလျက်၊ သီရိပဝရ၊ စသည့်ခြင်းရာ၊ သာယာရင့်ရှု၊ လူလူသံပြိုင်၊ အိုင်အိုင်ခြိမ့်ခြိမ့်၊ ငြိမ့်ငြိမ့်သာထူး၊ နန်းချင်းကျူးသည်။

ဟူ၍ စပ်ဆိုသည်။

* မွန်-စမင်၊ စဒ္ဒင်။

\+ မွန်-သိုင်၊ သို။

§ မွန်-လုပ်ရ။

**ထွက်စည်တော်**။ ထွက်စည်တော်စုံမှာ မြန်မာမင်းမှု၊ ဝင်စည်တော်မှာ ကျည်းမင်းမှု၊ ပတ်ချင်း နဲ့ချင်းတို့မှာ ဥဿာမင်းမှုဖြစ်သည်ကို အကြောင်းပြု၍ ရေးစာပေါင်းများတွင် စပ်ဆိုသည်မှာ -

ကျဲကျဲတီးမြည်၊ ကျည်းပြယ်ဥဿာ၊ မြန်မာမင်းမှု၊ ဇယတုပာ၊ ခရတံပိုး၊ မုရိုးလက်မြောက်၊ တံကောက်ခရာ၊ တံမြွာတံရှည်၊ ပိတ်ကျည်ဒုံမင်း။ ခွက်ခွင်းရီရော၊ စည်ပြောတဆန်း၊ စည်ဝန်းသံလွင်၊ ပဍ္ဍင်တုလောင်၊ တောတောင်ကိုင်းကျွန်း၊ ရိုက်မွန်းပဲ့တင်။

ဟူ၍ စပ်ဆိုလေသည်။

**ငွေမောင်း။** ငွေမောင်းငါးချက်တီးသည်မှာ "ဝင်တော်မူတော့တော်" အရှင်မိဖုရားက လျှောက်ဟန် အက္ခရာငါးလုံးကိုရည်၍ ငါးချက်တီးသည် ဆိုသည်။ တစ်ကြောင်းလည်း "ညောင်းတော်မူတော့မည်"၊ တစ်နည်းလည်း "ဝင်တော်မူဘုရား" မှူးတော်မတ်တော်တို့က လျှောက်ဟန် တီးသည်ဆိုသည်။ လောကဝတ်၊ ရာဇဝတ်နှစ်ဖြာသင့်ရာ မှတ်ယူရမည်။

**ပဟိုရ်စည်။** ပဟိုရ်စည်တော်၏အကြောင်းမှာ တကောင်းပြည်တွင် သတိုးတိုင်းရမင်း မင်းပြုသည်ကာလ ခေါင်းလောင်းကြီးငါးလုံး၊ စည်ကြီးငါးလုံး ရှိ၏။ ခေါင်းလောင်းကြီးငါးလုံးအမည်ကား 'နားတော်လျှောက်၊ နားတော်တင်၊ နားတော်ပါး၊ နားတော်စောင့်၊ နားတော်သန့်' ဟူ၍ သမုတ်၏။

စည်ကြီးငါးလုံးအမည်ကား 'ပေါက်ချိုစည်ကြီး၊ ကပြင်းစည်ကြီး၊ စံကားစည်ကြီး၊ ပိတောက်စည်ကြီး၊ ကျွန်းစည်ကြီး' ထိုစည်ကြီးငါးလုံးသည် အဝလေးတောင်စီရှိ၏။ နတ်တို့က ပို့ဆက်လာသည့် မုရိုးစည်ကြီးနှစ်လုံးမှာ ကနက္ကဒဏ် ထီးဖြူအပါးတွင် တစ်ဖက်တစ်လုံးစီ ထားသည်။ စည်ကြီးငါးလုံးအနက် စံကားစည်ကြီးကို ပဟိုရ်စည်ဆိုသည်။ လေးလုံးစည်မှာ မြို့လေးမျက်နှာ 'တံခါးစည်'ဆိုသည်။

အချို့လည်း ခေါင်းလောင်းငါးလုံး၊ စည်ကြီးငါးလုံးကို တစ်လုံးစီဖက်၍ အလှည့်အလည်တီးသည်လည်း ဆိုသည်။ သရေခေတ္တရာပြည် ဒွတ္တပေါင်မင်းတွင် စည်ကြီး၊ ခေါင်းလောင်းကြီး တီးသည်။ လုံ့ပျံစေလွှတ်သည် ဆိုသည်များကို ထောက်၍လည်း ခေါင်းလောင်းကြီး၊ စည်ကြီးရှိကြောင်းကို သိရသည်။ ဒဂုန်ဆင်ပျံရှင်လက်ထက် ခေါင်းလောင်းကြီးရှိကြောင်းကို ယခုတိုင်ကျော်စောထင်ရှားခြင်းဖြစ်လေသည်။

**ပဟိုရ်စည်တီးပုံ။** ပဟိုရ်စည်ကို စ၍တီးလျှင် နေတက်တစ်ချက်တီးကာစ၍ နှစ်ချက်တီး၊ သုံးချက်တီး၊ လေးချက်တီး အချက်ကိုတိုး၍ တီးသဖြင့် ဝမုန မင်္ဂလာအညွန့် အတိုးကိုယူ၍ တီးလေသည်။ တစ်ချက်တီးကို တစ်ဆယ့်

တစ်ချက်၊ နှစ်ချက်တီးကို နှစ်ဆယ့်နှစ်ချက်၊ သုံးချက်တီးကို သုံးဆယ့်သုံးချက်၊ လေးချက်တီးကို လေးဆယ့်လေးချက် လေးရပ်ကိုပေါင်းသော် အချက်ပေါင်း တစ်ရာ့တစ်ဆယ်ဖြစ်သည်။ တစ်ရာ့တစ်ဆယ်ဂဏန်းကို လေးခုနှင့်စားလျှင် လာဘ်နှစ်ဆယ့်ခုနစ်ခုရသည်။ သေသနှစ်ခုကြွင်းသည်။ လာဘ်နှစ်ဆယ့်ခုနစ်ခုမှာ သတ္တာဗီသနက္ခတ် နှစ်ဆယ့်ခုနစ်လုံး၊ အကြွင်းနှစ်ခုမှာ နေ၊ လ နှစ်ပါး၊ စားခြေလေးခုမှာ ဓာတ်လေးပါး ဆိုလိုသည်။ ကမ္ဘာတည်စ နေ၊ လ နက္ခတ်တို့ မရှေးမနှောင်း ပေါ်ထွန်းသည့် ဓာတ်လေးပါးဖြစ်သည်။

ကမ္ဘာတည်စ နေ၊ လနက္ခတ်ဓာတ်ကိုရည်၍ နေ့ ညဥ့်တို့၌ တစ်ချက်တီးခြင်း၊ နှစ်ချက်တီးခြင်း၊ သုံးချက်တီးခြင်း၊ လေးချက်တီးခြင်း အချိန်နာရီဖြင့် ပိုင်းခြားရာဝယ် တစ်ဆယ့်တစ်ချက်၊ နှစ်ဆယ့်နှစ်ချက်၊ သုံးဆယ့်သုံးချက်၊ လေးဆယ့်လေးချက် မှတ်သား၍ ဥပဒေပြုသည်။ တစ်ချက်တီး၊ နှစ်ချက်တီး၊ သုံးချက်တီး၊ လေးချက်တီးတို့တွင် နောက်ဆုံးတစ်ချက်၌ ရပ်ငံ့၍ ခေါင်းလောင်းစည်တို့ကို တီးသည်မှာ တစ်လျှောက်တည်း ခေါင်းလောင်းသံ၊ စည်သံ အသံမပြတ်စေရ အရှည်အလျား အညွန့်အသားငင်၍ 'ဒီဃ သဒ္ဒကုံရ - မင်္ဂလာ' ကိုလိုက်သဖြင့် တီးလေသည်။

**မင်းကြားစည်၊ မင်္ဂလာစည်။** မင်းကြားစည်၊ မင်္ဂလာစည်၏အကြောင်းမှာ မင်းကြားစည်ကိုပင် မင်္ဂလာစည် ခေါ်ဝေါ်လေသည်။ မင်္ဂလာစည်ကိုပင် မင်းကြားစည် ခေါ်ဝေါ်သည်။ မင်းကြားစည်၊ မင်္ဂလာစည် ခေါ်ဝေါ်သမှတ်ကြောင်းမှာ နရာယဉ်ပြည်၌ ဓမ္မရာယဉ်မင်းလက်ထက် ပြည်သူပြည်သားတို့ မလျှောက်မကြားနိုင်ရာ လျှောက်ကြားလိုလျှင် စည်ကြီးကို တီးစေရအောင် ရည်၍ နန်းဦးရှေ့ရင်ပြင်၌ အဆောက်အအုံလုပ်၍ စည်ကြီးဆွဲထားသည်။ ထိုစည်ကြီးကို တရားသဖြင့် ထားသောကြောင့် တရားစည်ကြီး ခေါ်ဝေါ်သမှတ်သည်လည်း ဆိုသည်။ သဘင်ခံသည့်ကာလ ကြိုးကြာငှက် ဖို၊ မတို့သည် ကောင်းကင်မှ ပွဲသဘင်ရှုသည်ကို ဓမ္မရာယဉ်မင်း၏ သားတော် သူရိယကုမာရ၊ စန္ဒကုမာရ မင်းသားညီနောင်တို့သည် "ငါတို့အထက်က တိရစ္ဆာန်မျှ နေရမည်လော" ဟုရည်၍ လေးနှင့်ပစ်သည်တွင် ကြိုးကြာဖိုသေလေလျှင် ကြိုးကြာမသည် ငှက်တို့ဘာသာ ကောင်းကင်ခရီးသွားမြဲဖြစ်၍ ပျံသွား

ရပ်တန့်ပါသည်။ "အပြစ်မရှိပါဘဲလျက် မင်းသား လေးနှင့်ပစ်၍ အကျွန်ုပ် လင်သေခဲ့သည်"ဆိုခြင်းအမှတ်ဖြင့် စည်ကြီးကို နှုတ်သီးဖြင့် ခေါက်သည့်တွင် ဓမ္မရာဇ၌မင်း ကြား၍ တရားနှင့်ညီညွတ်စွာ ဆုံးဖြတ်ခြင်း၊ တိုင်းသား ပြည်သူတို့ မင်းကြားအောင်တီးရန် ထားသည့်စည်ဖြစ်၍ မင်းကြားစည် ခေါ်ဝေါ်သမုတ်သည်။ တရားသဖြင့် ဖြစ်အောင်တီး၍ မင်းသိလျှင် တရား သဖြင့် စီရင်သောကြောင့် 'တရားစည်ကြီး' ခေါ်ဝေါ်သမုတ်သည်လည်းဆိုသည်။ နောက်နောက်မင်းတို့လက်ထက် အကြီးအကျယ် အရံအကာလုပ်လေလျှင် အရံအကာ၏အတွင်း၌ စည်ကြီးရှိလေသည်။ ရှေးဖြစ်ဟောင်း အကြောင်းကို စွဲသဖြင့် နောက်နောက်မင်းတို့ဝယ် ထွက်တော်မူကြီး ထွက်တော်မူ၍ ဝေါတော် ယဉ်က ဝေါတော်ရွေ့သည်ကိုမြင်လျှင် တစ်ဆယ့်တစ်ချက်တီးသည်။ မင်္ဂလာ ကြီးထွက်တော်မူလျှင် တီးသည့်စည်ဖြစ်၍ 'မင်္ဂလာစည်'ခေါ်ဝေါ်သည်။ မင်း ထွက်တော်မူကြောင်းကို ကြားသိအောင် တီးသောကြောင့် 'မင်းကြားစည်' သမုတ်သည်လည်း ဆိုသည်။

**ရွှေပြည်စိုး**။ ဝတ်ကောင်း နားဥဘောင်း အပေါင်းအထုပ်နှင့် ရွှေပြည်စိုး တစ်ဆယ့်တစ်ချက်တီးသည့်အကြောင်းမှာ "အချိန်သင့်ပြီ ထွက်တော်မူဦး တော့ ဘုရား" တစ်ဆယ့်တစ်လုံးသောအက္ခရာစကား လျှောက်ထားဟန် တစ်ဆယ့်တစ်ချက် တီးလေသည်။ တစ်နည်းလည်း "အခါတော်ပြည့်စုံပြီ ထွက်တော်မူဘုရား" ဟူ၍လည်း ဆိုသည်။ ယခင်အောက်ကဆိုခဲ့သည့် တကောင်းမင်းတွင် ကနက္ကဒဏ်ထီးဖြူအပါးတွင် လက်ဝဲလက်ယာ တစ်လုံးစီ ထားသည့် မုရိုးစည်သည် မင်းထွက်စံတော်မူသည့်ကာလ တီးသည့်စည် ဆိုသည်။ ရှေးစာဟောင်းများတွင် -

ကျော်သည်းဖိမ့်ဖိမ့်၊ မိုးမြေသိမ့်မျှ၊ ရောက်လိမ့်စကြာ၊ ရောစည်
ကြီး၊ ဒြိမ့်ဒြိမ့်တီးသည်၊ ရန်ဆီးလွှဲကြမည်။-

ဟူ၍ စပ်ဆိုသည်။

**စည်ကြီး**။ ဝါဆိုလဆန်း ၁၅-ရက်နေ့ စည်ကြီးတီးလျက် ဆင်ရဲက ထက်အမိန့် တော်တင်၍ ဖတ်ပြန်သည်မှာ သဗ္ဗညုတဘုရားသခင်သည် ဝါဆိုလဆန်း ၁၅-

ရက်နေ့ မဟာဗောဓိမဏ္ဍိုင်ကသည် မိဂဒါဝုန်တောသို့ ဝါကပ်တော်မူသည့် နေ့ဖြစ်၍ မကောင်းမှုကို မြစ်တားခြင်း၊ ရွှေထီး ရွှေနန်းအဆက်ဆက် အမိန့်တော်ဖတ်ပြန်၍ စည်ကြီး လည်လေသည်။ သည်ထုံးသည် သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်းများတွင် မရှိ။ ဟံသာဝတီ ဆင်ဖြူများရှင်လက်ထက်တွင် ရှေးထုံးကိုလိုက်၍ စီစဉ်သည်ဆိုသည်။

**ဓာတ်စည်**။ တီးသည့်စည်လည်း 'သူရဋ္ဌ၊ ပါပ၊ အမြိတ္တ၊ ကောလီ'၊ ဓာတ်လေးရပ်မြို့လေးမျက်နှာ ဓာတ်တံခါးများတွင် ဆွဲထားတီးသည့် ဓာတ်စည်လေးလုံး အနက် သူရဋ္ဌတေဇောဓာတ်ဖြစ်သော အရှေ့မျက်နှာ ဓာတ်စည်ကနတ်၍ တီးသည်။ အခြားဓာတ်စည်ကို မတီး။ မီးဓာတ်ဖြစ်သော ဓာတ်စည်ကိုတီးသည်မှာ ဘုန်းတန်ခိုးကြီးသောမင်းတို့ အမိန့်တော် အာဏာတော်သည် အလျှံပြောင်နေမီးကဲ့သို့ဖြစ်၍ အကြောင်းနိမိတ်ကိုထောက်သဖြင့် တီးသည်။ ဘုန်းအာဏာကို နေမီးနှင့် ခိုင်းနှိုင်းသည်ကိုထောက်၍ သိသာသည်။

ရှေးစာဟောင်းများတွင်လည်း -

ဘုန်းတော်ကြီးသည်၊ နေမီးလဝါ၊ မနှန်းသာရှင့်။

ဟူ၍ လည်းကောင်း။

အာဏာနေမီး၊ ဘုန်းတော်ကြီးသား၊ ဝေးနီးကြားကျော်။

ဟုလည်းကောင်း။

အာဏာစက်မီး၊ ဘုန်းတော်ကြီးကို၊ ထံနီးတော်ရောက်၊ ချဉ်းကပ်လျှောက်မည်။

ဟူ၍လည်းကောင်း။

မိုးညှင်းသတိုး၊ ဘိုးတော့ဘိုးလျှင်၊ တန်ခိုးစက်မီး၊ ဘုန်းတော်ကြီးသည်။

ဟူ၍လည်းကောင်း စပ်ဆိုလေသည်။

သည်မှတစ်ပါးလည်း ဘုန်းအာဏာကို နေမီးနှင့်နှိုင်းခိုင်းစပ်ဆိုသည်မှာလည်း အများပင်ရှိသည်။ ကမ္ဘာတည်ဦး အရှေ့က နေထွက်သည်ဖြစ်၍ နေကို အာဒိစ္စသမုတ်ခြင်း 'ဥဒေ'အနက်ယူ၍လည်းကောင်း၊ နေဗိမာန်လည်း တနင်္ဂနွေဖြစ်၍လည်းကောင်း၊ အရှေ့ကို 'ဥဒည်း'ခေါ်ဝေါ်သမုတ်သည်ဖြစ်၍

လည်းကောင်း ဥဒည်းအက္ခရာလည်း တနင်္ဂနွေ၊ စနေဓာတ်ဖက်ဖြစ်လေသည်ကိုရည်၍ ဓာတ်အစထားလေသည်။

မောရသုတ် ပရိတ်တော်တွင်လည်း ဥဒေတာယံ ပါဠိရှိသည်။ ရှေးစာပေါင်းများတွင် စပ်ဆိုသည်မှာလည်း -

ငါးထွေမာရ်လည်း၊ အောင်မြေဇည်းဝယ်၊ ဥဒည်းပြုဗ္ဗာ၊ ရှေ့
မျက်နှာက။

ဟူ၍လည်းကောင်း။

ဥဒည်းစက်ရှင်၊ အာကာခွင်က၊ ယာဉ်လျှင်စီးမှတ်၊ နောက်ကျွန်း
ပတ်သား။

ဟူ၍လည်းကောင်း စပ်ဆိုသည်များကိုထောက်၍ သိရမည်။

**မော်ကွန်းတိုင်။** မြို့တံခါးပြင် အဝင်လက်ယာ အထွက်လက်ဝဲက မော်ကွန်းတိုင်ဆောက်၍ မော်ကွန်းရှက်တွင် စာခြောက်ကြောင်း အက္ခရာတစ်လုံးစီကူး၍ ရေးသည့်အကြောင်းမှာ သရေခေတ္တရာပြည်ကို ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ ပရမေသုရာ၊ မဟာပိန္နဲ၊ လူမင်း သူမြတ်ခုနစ်ပါးတို့စောင်မ၍ တည်သည်ဖြစ်သောကြောင့် လူမင်း၏မြို့နန်းကို ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ ပရမေသုရာ၊ မဟာပိန္နဲ သူမြတ်ခြောက်ပါးတို့ လူမင်းအား စောင်မ၍ မြို့နန်းတည်ခြင်း အရင်းနိမိတ်ကို ထင်ရှားစေလို၍ ခြောက်ပါးကိုအစွဲပြုသဖြင့် စာခြောက်ကြောင်း အစုံရေးသားလေသည်။

အက္ခရာတစ်လုံးစီကူး၍ ရေးသားသည့်အကြောင်းမှာ အခြားစကဲ့သို့မဟုတ်။ သာသနာတော်၏အဆက် ကေရာဇ်မင်းမြတ်တို့ သားတော်အစဉ်မြေးတော်အဆက် မြစ်တော်အညွန့် အဓွန့်ရှည်စွာ မပြတ်ကူးယှက်ဆက်လက်တည်ထွန်းမည့် အနုသာသန ရာဇဝံသ နိမိတ်မင်္ဂလာကိုလိုက်၍ အက္ခရာမပြတ်စေရ။ တစ်ကြောင်းကကို တစ်ကြောင်းသို့ အက္ခရာကူး၍ ရေးသားထုလုပ်လေသည်ဟု သုတနင့်ပြည့်စုံသော ပညာရှိသောသူတို့ ဆိုကုန်သည်။

သည်ကိုရည်၍လည်း -

ရွှေပြည်မြို့ဝယ်၊ လူတို့ထွက်ဝင်၊ တံခါးပြင်၌၊ ထင်ထင်ကြံ့နိုင်၊
မော်ကွန်းတိုင်တွင်၊ မြိုင်မြိုင်သိသာ၊ အက္ခရာဆန်းထူး၊ တလုံးကူးစီ၊ ဖြောင့်စူး

မစောင်း။ ခြောက်ကြောင်းယဉ်ယဉ်၊ ထက်တစဉ်မှာ၊ စီလျဉ်ကွက်ကွက်၊ ထင်ပြက်ပြက်လျှင်၊ ရေးလျက်သိသာ။

ဟူ၍ စပ်ဆိုလေသည်။

**နရည်း**။ ရွှေနန်းတက်စ ဥကင်မဖွင့်မီ အတွင်းတော်နှင့် ဝင်းလေးမျက်နှာ ငါးရပ်တွင် နဲခရာတီးမှုတ်သည့် နရည်းဆရာသည် 'ဆ-ရာသီ' ဆိုလိုသည်။ ဆ-ရာသီ ဆိုကြောင်းလည်း ဆ-မှာ ခြောက်ခု၊ ရာသီ-မှာ အစုဖြစ်သည်။ ခြောက်စု၊ ခြောက်ရပ်၊ ခြောက်မည်၊ ခြောက်ပါး စကားသုံးသင့်ရာယူ၍ ခြောက်စုအစုံ ဆိုလိုသည်။

ပတ်သာ၊ ပုံ၊ မောင်း၊ နဲ၊ ကြေးနင်း၊ လင်းကွင်း ခြောက်ရပ်ဖြစ်သည်။ ခြောက်ပါးအစုကို နရည်း ဆ-ရာခေါ်ဝေါ်သည်။ သီသဒ္ဒါကျေလေသည်ဖြစ်၍ ဆ-ရာသာ ရေးသားခေါ်ဝေါ်လေသည်။

ရေးစာပေါင်းများတွင်လည်း -

ပျော်မွေ့ဖွယ်ချည်း၊ ငြိမ့်ငြိမ့်ကြည်းမှု၊ နရည်းဆ-ရာ၊ ငြိမ့်ငြိမ့်သာသား၊ သံဝါစည်ကြီး၊ လိုက်ဖက်တီးလျက်။

ဟူ၍လည်းကောင်း။

မြေပြင်တောင်ကမ်း၊ မွှမ်းမွှမ်းထိတ်ထိတ်၊ ပိတ်မျှရေကြီး၊ နရည်းပုံမောင်း၊ ပဲ့တင်စောင်းမှု။

ဟူ၍လည်းကောင်း။

လေညှင်းလာထ၊ ပဥ္စင်လည်း၊ မြမြခြည်းခြည်း၊ ရွှေဆည်းလည်းသို့၊ နရည်းဆ-ရာ၊ မနှန်းသာသား။

ဟူ၍လည်းကောင်း စပ်ဆိုလေသည်။

ညဉ့်၌ ပြောသံဆိုသံနာစေ၍ မှတ်သားစေသည်ကို 'စနည်း'ဆိုသည်။ သူငယ်တို့ ဆိုမြည်သည်ကို 'တဘောင်'ဆိုသည်။ ရေးစာပေါင်းများတွင်လည်း-

ငလျင်တော်လည်း၊ စနည်းတဘောင်၊ တိမ်တောင်နီပြောက်။

ဟူ၍ စပ်ဆိုသည်။

ပါးသည်ကို 'ရထည်း'ဆိုသည်။ ရေးစာပေါင်းများတွင်လည်း -

ရွှေမယ်နည်းနှင့်၊ ရထည်းပိတ်လုပ်၊ ရင်ချင်းအပ်၍။

ဟူ၍လည်းကောင်း။

လုပ်လုပ်ရထည်။ သိုရင်းချည်းနှင့်၊ သည်းတုန်အူတုန်။
ဟူ၍လည်းကောင်း။

နရည်းတိတ်ကြဲ၊ စနည်းမြိတ်သံ၊ ရထည်းပိတ်ရုံ။
ဟု စပ်ဆိုသည်များကိုလည်းကောင်း ထောက်၍ နရည်းခေါ်ဝေါ်ခြင်း၊ **စနည်း** ခေါ်ဝေါ်ခြင်း၊ ရထည်း ခေါ်ဝေါ်ခြင်းများသည် ပညတ်အမည်ဖြစ်သည်ဟု သိရာသည်။

♥ ♥ ♥

## မင်းမှုထမ်းများအကြောင်း

**ရုံး၊ လွှတ်၊ ဝန်ကြီး။** ရုံး၊ လွှတ်၊ ဝန်ကြီး လေးယောက်တို့၏အကြောင်းများမှာ ပုဂံပြည်ဝယ် ပျူစောထီးလက်ထက် မယ်တော်ရေနတ်နဂါးက နဂါးအမတ် စောင့်ရှောက်လာရသည်။ ခမည်းတော်နေမင်းက လေးမြားအပ်သည်။ မဇ္ဈိမဒေသ၌ စန္ဒဂုတ္တမင်း၏အနွယ်အမျိုးဖြစ်သော မင်းမျိုးလေးယောက်တို့သည် ဆင်အစီးရှစ်ဆယ် ဆင်သည်ရှစ်ကျိပ်နှင့် ပုဂံပြည်သို့ရောက်လာရာ ထိုလူတို့ကို စုရုံးနေစေ၍ မင်းမျိုးလေးယောက်တို့ကိုလည်း သစ္စာကတိအမှတ်ဖြင့် စားတော်တစ်ဆုပ်စီ ပေး၏။ ထီးလည်း တစ်စင်းစီ ပေး၏။ ရာဇဝမုန်၊ နာမဝမုန်၊ ဒေဝဝမုန်၊ ဇေယဝမုန် အမည်ဟူကုန်၏။ ထိုမင်းမျိုး လေးယောက်ကို ဆင်အစီး လေးဆယ်နှင့် မြို့လေးမျက်နှာ နဂါးပြည်တိုင်အောင် စီရင်စေ၊ အခွင့်လွှတ်၍ စီရင်ရ၏။ ထိုသူတို့ရောက်သည့်ကာလ စုရုံး၍နေရာ အဆောက်အအုံကို 'ရုံး'ဟူ၍ ခေါ်ဝေါ်ခြင်း၊ ပြည်ထဲလေးမျက်နှာကို စီရင်စေခွင့်လွှတ်၍ စီရင်တက်နေရသည့် အဆောက်အအုံကို 'လွှတ်'ခေါ်ဝေါ်သမုတ်ခြင်း ဖြစ်လေသည်။

တစ်ကြောင်းလည်း နရပတိစည်သူမင်းတွင် သားတော် ဇေယသူ၊ သိခ်သူ၊ ရာဇသူ၊ ပျံချီဇေယ၊ ဇေယသိခ် ငါးယောက်ရှိသည်။ သားတော်အငယ် ဇေယသိခ်မင်း မယ်တော်သည် နရပတိစည်သူမင်း၏ လက်ညှိုးခူအနာကိုက်ခဲလှ၍ နှုတ်ဖြင့်ငုံသည့်အခိုက် အကိုက်သက်သာ၍ ပြည်ပေါက်သည်ကို နှီးမည်စိုးသောကြောင့် ဝမ်းထဲသို့ မျိုသည့်အရေးကြောင့် မိဖုရားဆုပန်လိုရာ ခွင့်ပေးသည်။ သားတော်ငါးယောက်တို့ကို နေစေပြီးလျှင် အလယ်၌ ထီးဖြူ

ဆောက်သည်။ လုံ့လပယောဂကြောင့် ဇေယသိဒ်ရှိရာ ထီးညွှတ်သည်။ နောက်ကို မြော်ထောက်၍ မင်း၏အဖြစ်ကို ခွင့်လွှတ်သည်။ နောင်တော်လေးယောက်တို့သည်လည်း ထီးနိမိတ်ကိုထောက်သဖြင့် မဖောက်မပြန် ခွင့်လွှတ်သည်။ နန်းဦးတွင် ထီးဆောက်ရန်လုပ်ဆောင်၍ ထီးဆောက်ပြီးလျှင် ခွင့်လွှတ်သည်ကို အစွဲပြု၍ အခွင့်လွှတ်ရာအရပ်ဖြစ်သောကြောင့် လွှတ်ဟု ခေါ်ဝေါ်သမုတ်လေသည်။

ခမည်းတော် နရပတိစည်သူမရှိသည့်နောက် ညီတော်၊ နောင်တော် ငါးယောက် စုရုံး၍ ပြည်ထဲရေးကို စီရင်သည့်အဆောက်အအုံအရပ်ကို 'ရုံး' ဟူ၍ ခေါ်ဝေါ်သမုတ်သည်။

တစ်ကြောင်းလည်း ညီတော်သည် ကေရာဇ်မင်းဖြစ်လျက် နောင်တော်တို့ကို အားနာဝော်မှု၍ ညီတော်၊ နောင်တော် ငါးယောက်တို့ တစ်နေ့မပြတ် စုရုံးရသည်။ "ညီတော်မှာ မင်း၏အဖြစ်ဖြင့်သာ နေတော်မူတော့၊ နောင်တော်လေးယောက်တို့ ပြည်ထဲရေးစီရင်မည်"ဆိုလျှင် "နောင်တော်လေးယောက်တို့သာ စီရင်ပါတော့"အခွင့်လွှတ်သည်ဖြစ်၍ အခွင့်လွှတ်ရာအရပ် အဆောက်အအုံကို 'လွှတ်'ဟူ၍ ခေါ်ဝေါ်သမုတ်သည်လည်း ဆိုသည်။

ထီးလည်းလိုသည် မင်းလည်းလိုသည်ကို အကြောင်းပြု၍ ထိုမင်းကို ထီးလိုမင်းလိုဆိုသည်။ ဇေယသိဒ်မယ်တော်သည် သားတော်အား မင်း၏ အဖြစ် ရွှေထီးရွှေနန်း စံမြန်းရမည့်ဆုကို ခွင့်တောင်းဖန်များသောကြောင့် ထိုမင်းကို 'နန်းတောင်းများ' ဟု ခေါ်ဝေါ်သည်။

ဝံလက်ညှိုးအနာကို ငုံသည့်အရေးကြောင့် ဆုပေးသည်။ ထီးလည်း လိုသည်။ မင်းလည်း လိုသည်ကို ရည်၍ ပညာရှိတို့ စပ်ဆိုသည်မှာ -

ရွှေလက်တော်ထွတ်၊ ငုံဆုမြတ်ကြောင့်၊ ရစ်ဆတ်သူဟန်၊
နတ်ညွှန်ပြန်သည်၊ နိမိတ်ရည်ကြောင့်။

ဟူ၍ စပ်ဆိုလေသည်။ နောင်တော်လေးယောက်တို့ ပြည်ထဲရေးကို စီရင်သည်ကိုအစွဲပြုသဖြင့် နောက်နောက်မင်းတို့လက်ထက် ဝန်ကြီးခန့်လေသည်။

ပျူစောထီးလက်ထက် မဇ္ဈိမဒေသက စန္ဒဂုတ္တအမျိုး မင်းမျိုးလေးယောက်ကို ခန့်ထားသည်ဆိုသည့်စကားနှင့် ထီးလိုမင်းလိုလက်ထက် နောင်တော်တို့ကို အစွဲပြု၍ ဝန်ကြီးခန့်သည်ဆိုသည့် စကားနှစ်ချက်တွင် ပျူစောထီး

လက်ထက် ခန့်သည်ဆိုသည့်စကားမှာ သက္ကရာဇ်ရှင့်လေသည်။ ဝိဒေဟရာဇ် ပြည်တွင် အမတ်ကြီးလေးယောက်ရှိကြောင်း ဇာတ်တော်တွင် ပါသည်ကို ထောက်၍ သိရ၏။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တမင်းလက်ထက် တိက္ကမန္တရီအမတ်၊

ဗာရာဏသီပြည်တွင် နန္ဒကုမာရမင်းလက်ထက် လက်ယာ သုဝဏ္ဏ အမတ်၊

မာရ်အောင်ကျွန်းတွင် မာရ်အောင်မင်းလက်ထက် အိမ္မသန္တရီအမတ်၊

အာဠဝီပြည်တွင် ကပိလကုမာရမင်းလက်ထက် အဂ္ဂစန္ဒီအမတ်၊

ဒဂုန်ပြည်တွင် ဥက္ကလာပမင်းလက်ထက် အဂ္ဂမန္တရီအမတ်။

ထိုအမတ်တို့သည် မင်းကေရာဇ် မေးမြန်းတော်မူသည့်ကာလ ထုံးစံ သက်သေ နိမိတ်နှင့်တကွ အကြောင်းအကျိုးပြသ၍ လျှောက်ချက်စကား များကိုထောက်လျှင် မင်းတိုင်ပင်ပညာရှိအမတ် အတွင်းဝန်ဖြစ်သည် ယူရ မည်။

ကေရာဇ်မင်းမြတ်အဆက်ဆက် မည်သည့်အမတ်၊ မည်သည့်သူဟူ၍ အမည်ထုတ်ဖော် မေးတော်မူမှသာ မေးတော်မူသူ လျှောက်ထားရသည်။ မည်ရည်ထုတ်ဖော်၍ မေးတော်မမူလျှင် စကားများစွာ မဆိုသင့်။ အတွင်း ဝန်တို့သာ အမှုနှင့်လျော်စွာ လျှောက်ထားရသည်။ မင်းရိပ်သိ၍ ပြောဆို သည်သာ မူလရင်းဖြစ်သည်။ အသကမင်း၌ နန္ဒိသေနအမတ်၊ အာဒါသမုခ မင်း၌ ဂါမဏိစန္ဒအမတ်တို့သည် ပြည်ကို အုပ်ချုပ်စီရင်သည့် အမတ်ကြီး များပင် ဖြစ်သည်။ ဝန်ကြီး၊ အတွင်းဝန်တို့ အင်္ဂါလည်း ရှစ်ပါးချင်း ရည်တူ ကြလေသည်။ ပညာရှိတို့ စပ်ဆိုသည်မှာ -

ရာပိုင်စီဖန်၊ ဝန်တွင်းဝန်လည်း၊ ခန့်ရန်သင့်လျော်။

ဟူ၍လည်းကောင်း။

များသည်အာတ်တွေ၊ စောင့်နှင့်စေဟု၊ သပြေစိုးမှန်၊ ဝန်တွင်းဝန်ကို၊

ခန့်ရန်ပိုင်းခြား၊ မိန့်မှာထားမှ။

ဟူ၍လည်းကောင်း။

သေနာပတိ၊ အစရှိသည်၊ မသိတိုင်းရှည့်။

ဟူ၍လည်းကောင်း။

ဂုဏ်ရည်မချို့၊ တွင်းဝန်တို့ကို၊ နစ်လိုကြည်ဖြူ၊ မိန့်တော်မူ၏။

ဟူ၍လည်းကောင်း။

မြင်သိဂုဏ်ဉာဏ်၊ အတွင်းဝန်ကား၊ အလွန်လွယ်ကူ။

ဟူ၍လည်းကောင်း စပ်ဆိုလေသည်။

**ဝင်းမှူး။** ဝင်းမှူးလေးယောက်အကြောင်းမှာ သိကြားစံရာ တာဝတိံသာဝယ် အရှေ့မျက်နှာ စေတရဋ္ဌ၊ တောင်မျက်နှာ ဝိရူဋ္ဌက၊ အနောက်မျက်နှာ ဝိရူပက္ခ၊ မြောက်မျက်နှာ ကုဝေရ အစောင့်အရှောက် နတ်လေးယောက် ထားလေ သည်ကို အကြောင်းပြုသဖြင့် လူ့ပြည်၌ လူမင်းတို့တွင်လည်း ဝင်းမှူး လေးယောက် ထားလေသည် ယူရမည်။

ဝိသကြုံနတ်မှာ အမှုမှမျိုးကို ဖန်ဆင်းစီရင်ရသည်ဖြစ်၍ လူမင်းတို့မှာ ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်ကဲ့သို့ ဖြစ်သည်ယူရန်ရှိသည်။

သည်ကိုရည်၍ ပညာရှိတို့ စပ်ဆိုသည်မှာ -

ရွှေနန်းတင်မူ၊ စောင့်ကြပ်ရှုလျက်၊ စတုမဟာရာဇ်၊ ငါးဆစ် စောင့်ထား၊ နတ်လေးပါးလည်း၊ တံခါးရံကာ၊ လေးမျက်နှာတွင်၊ ကောင်းစွာ စောင့်ကြပ်၊ ဝင်းမှူးထပ်၍၊ စေအပ်မှုကံ၊ ဝိသုကြုံလည်း၊ ခုံခုံမင်မင်၊ စီဆင် သမျှ၊ ဖန်ဆင်းပြလျက်၊ တညတည်းချင်း၊ ပြီးစေလျှင်းမူ။

ဟူ၍ စပ်ဆိုလေသည်။

**ဝင်းအလံ။** မြင်းမိုရ်တောင်ဝယ် အရောင်လေးပါးကို အစွဲပြု၍ ဝင်းလေးမျက်နှာ ဝင်းအမှတ် အလံလေးစင်းရှိသည်။ အရှေ့ဝင်း အလံဖြူ၊ လက်ယာဝင်း အလံ စိမ်း၊ အနောက်ဝင်း အလံချိပ်၊ လက်ဝဲဝင်း အလံဝါ မှတ်သားဆောင်ယောင်လေ သည်။ သို့ဖြစ်၍ ပညာရှိတို့ စပ်ဆိုသည်မှာလည်း -

ရှေ့ဝင်းငွေဝါ၊ လက်ျာအစိမ်း၊ ချိပ်ရှိမ်း နောက်စွဲ၊ လက်ဝဲ ရွှေလျှံ၊ အလံလေးစင်း။

ဟူ၍ စပ်ဆိုလေသည်။

**မှန်ကူ။** အထွတ်အမြတ်ဖြစ်စေခြင်းငှာ မှန်ကူသီး၏သဏ္ဌာန် နဖူး၌ မှန်ကူ သောကြောင့် 'မှန်ကူ'ခေါ်ဝေါ်သည်။ ကျည်းကုလားပုဏ္ဏားတို့မှာ မှန်ကူခြင်း၊

စလွယ်တင်ခြင်းသည် မင်္ဂလာကြီးပင်ဖြစ်သည်။ မှန်ကူရာသောအကြောင်းကို ဆိုသည့် ဗေဒင်ကျမ်းလင်္ကာများတွင်လည်း -

နံ့သာဖြူနှစ်၊ ဥသျှစ်မြစ်လွှာ၊ ဂေါရာဇဦးယူ၊ အောက်မည်းဖြူမြစ်၊ ဆေးစစ်မြတ်ကျော်၊ ဤလေးဖော်ကို၊ ရှင်တော်ပရိတ်၊ ရေနှင့်ကြိတ်ပြီး၊ ပိတ်ချင်းသီးတု၊ အတောင့်ပြု၍၊ ရိပ်တွင်သွေ့သော်။

ဟူ၍လည်းကောင်း။

မှန်ကူရှုမူ၊ တေဇကျက်သရေ၊ ရွှန်းရွှန်းဝေလျက်၊ မြတေဖြိုးမြင့်၊ လန်းလန်းပွင့်၍။

ဟူ၍လည်းကောင်း စပ်ဆိုဇလေသည်။

မှန်ကူကို အထွတ်အမြတ်နှင့် နှိုင်းခိုင်းစပ်ဆိုသည့် ရှေးစာဟောင်းများ တွင်လည်း -

လောကမှန်ကူ၊ လိုက်ဆူသတင်း။

ဟူ၍လည်းကောင်း။

နရမှန်ကူ၊ နေတဆူသို့။

ဟူ၍လည်းကောင်း သည့်ပြင်လည်း မှန်ကူကို အများပင်စပ်ဆိုသည့်အရာ ရှိသည်။

**ခိုနန်း**။ ခိုနန်းမှာ စိတြဂိဝါခိုမင်း နေသည့် နန်းနှင့်တူသည်ကိုအကြောင်း ပြု၍ 'ခိုနန်း'ခေါ်ဝေါ်လေသည်။

**စက်ဝန်း**။ စက်ဝန်းမှာ ဝရဇိန်လက်နက်လည်း အသွားပတ်လည် စက်ကွင်း အဝန်းပင်ဖြစ်သည်။ စက္က သဒ္ဒါလည်း အဝန်းကို ဟောသည်။ အဝန်း လက်နက်ဖြစ်၍ 'စက်'အမည်ခေါ်ဝေါ်သမုတ်ခြင်းဖြစ်သည်။

**ပုံနန်း**။ ပုံနန်းမှာ နန်းပုံဆိုလိုသည်။ နန်းပုံဆိုကြောင်းလည်း တဂေ. ]း၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ တောင်ငူ၊ ဟံသာဝတီ၊ မုတ္တမ ပြည်ကြီးမြို့ကြီးများ၌ အဆောင်ဆောင်များစွာ မရှိ။ ယခု ရွှေဘုံ ရွှေနန်းကဲ့သို့ ကြီးကျယ်သည်မဟုတ်။ ရွှေနန်းကြော့ရှင်မင်း နရပတိနန်းလည်း အကြီးအကျယ်မဟုတ်။ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ အစရှိသည့်ပြည်

များ၌ နန်းဆောက်လုပ်ခြင်းသည် ပုံနန်းကဲ့သို့သာ ဖြစ်သည်။ ထိုနန်းတို့၏ ပုံကို အစွဲပြု၍ ပုံနန်းဟူ၍ သုတနှင့် ပြည့်စုံသော လူကြီးသူကြီးတို့ ပြောဆိုလေသည်။

နန်း၏ပုံကို အစွဲပြု၍ ပုံနန်းခေါ်ဝေါ်ခြင်း အကြောင်းကြောင့် နန်းလောင်းနန်းလျာဖြစ်သော အိမ်ရှေ့မင်းအဆောင် ကွမ်းခွက်တော်သည် အကြောင်းနိမိတ်ကိုစွဲ၍ ပုံနန်းကွမ်းခွက် ဆောင်ယောင်ရလေသည်။

မှန်ကူခေါ်ဝေါ်ခြင်း၊ ခိုနန်းခေါ်ဝေါ်ခြင်း၊ စက်ဝန်းခေါ်ဝေါ်ခြင်း၊ ပုံနန်းခေါ်ဝေါ်ခြင်းများသည် နိမိတ်မင်္ဂလာ လျော်ရာအခွင့်ကို ထောက်၍ ဝင်းမှူးလေးယောက်တို့ ဆောင်သည့်စားတွင် အရှေ့ဝင်းမှူး မှန်ကူ၊ လက်ယာဝင်းမှူး ခိုနန်း၊ အနောက်ဝင်းမှူး စက်ဝန်း၊ လက်ဝဲဝင်းမှူး ပုံနန်းထုလုပ်၍ ရှေးရှေးသော မင်းတို့လက်ထက် ပေးအပ်စွဲဆောင်စေသဖြင့် အစဉ်ထုံးဥပဒေဖြစ်လေသည်။

ရွှေထီးရွှေနန်း၏ အခြင်းအရာကို မှတ်သားသူတို့သည် -

အရှေ့မှန်ကူ၊ ဇမ္ဗူမျက်မြှား၊ လက်ျာခိုနန်း၊ နောက်စက်ဝန်းနှင့်၊
ပုံနန်းလက်ဝဲ၊ ရဲရဲလျှံပတ်၊ အမှတ်ရှေးလျှောက်၊ စဉ်မဖောက်သည်၊
လေးယောက်ဝင်းမှူး၊ ဆောင်စားတည်း။

ဟူ၍ လင်္ကာအားဖြင့် မှတ်သားလွယ်သည်ပင် ဖြစ်သည်။

**ဝင်းကိုယ်ရံ**။ ဝင်းကိုယ်ရံများမှာ ပုဂံပြည်ဝယ် သားတော်ကို မှာထားခဲ့သည် "အတောင်ရှည်သော ဖြတ်၊ နှုတ်သီးရှည်သော လီး၊ အတက်ရှည်သော တိ" ဟူ၍ အမှတ်ပေးခြင်း ထုံးဖြစ်စေသည့် နရပတိစည်သူမင်းလက်ထက် ဝင်းလုည့်အိပ်ဖန် ကိုယ်ရံထားသည်။

**ထောင်မှူး**။ ယုံမှတ်နိုးရင်းသည့် မင်းဆွေစိုးမျိုးကို ရွေးချယ်၍ မြို့လေးမျက်နှာကို လေးယောက် လူတစ်ထောင်စီနှင့် မှူးကဲစောင့်နေရသောကြောင့် 'တစ်ထောင်မှူး'ခေါ်ဝေါ်သည်။ နောက်နောက် စကားရွေ့သဖြင့် ထောင်မှူးခေါ်ဝေါ်လေသည်။

မြို့ကွပ်။ ပြဟ္မဒတ်မင်းမွေးကျွေးသည့် ဝေသန္တရာဥဩသည် မင်းကျင့်တရားကို ဟောပြော၍ မြို့ကွပ်အရာထားလေသည်ဟု ပသေနဒီ ကောသလမင်းအား ဟောတော်မူသည်ကိုထောက်လျှင် မြို့ကွပ်သည် အဆက်များစွာကပင်ရှိသည်ကို သိရသည်။ ရာဇဝင်၌လည်း တကောင်းပြည်ဝယ် တောင့်တော်သားတောင့်တယ်ကို မြို့ကွပ်တင်မည်ဆို၍ ခေါ်စေသည်ကိုထောက်လျှင် မြို့ကွပ်သည် မြို့စောင့်ပင်ဖြစ်သည် ယူရမည်။

လှေစုဖောင်စုတို့ကို အထက်မှာမှ ဆိုမည်။

♥ ♥ ♥

## လှေစုအကြောင်း

အောက်က ဆိုခဲ့သည်အတိုင်း ယက်ပြားရွှေချည်၊ သတောင်းလည်ကဲ့သို့ လှေစုဖောင်စုတို့ကို ဆိုပေအံ့။

'သာရဗိမာန်၊ ကမကော်၊ သာရကာ၊ အီကင်း' လှေတော်လေးစင်း၏ အကြောင်းမှာ သထုံမင်းတို့လက်ထက် သထုံပြည် တောအရပ်၌ သစ်ပင်ကြီး တစ်ပင်သည် လုံးပတ်ညီညွတ်သည်။ ခက်မလေးဖြာရှိသည့်အကြောင်းကို ကြည့်ရှုစေသည်တွင် တစ်ကိုင်း၌ သာလိကာနား၍ အသံသာယာစွာ ကြွေးကြော်သည်။ တစ်ကိုင်း၌ ရှူးပျံနားလျက်ရှိသည်။ တစ်ကိုင်း၌ ကင်းကြီး ကန့်လန့်ရှိသည်။ တစ်ကိုင်း၌ သစ်ကြော အဆင့်ဆင့်ရှိသည်။ ထိုလေးကိုင်း လေးခက်တို့ကို လှေလေးစင်းလုပ်သည်။

**သာရဗိမာန်လှေ**။ သစ်အကြော အဆင့်ဆင့်ရှိသည့် အကိုင်းကို ဖြတ်ခုတ်လုပ်ဆောင်လျှင် အနစ်အကြောသည် ဘုံဗိမာန်ကဲ့သို့ ထူးဆန်းတင့်တယ်သည်ကို အစွဲပြု၍ 'သာရဗိမာန်'ခေါ်ဝေါ်သမုတ်လေသည်။

**ကမကော်လှေ**။ ရှူးပျံနားလျက်ရှိသည့်အကိုင်းကို ရာမညတိုင်းသားတို့ လုပ်ဆောင်ရသောကြောင့် ထိုလှေကို ကမကော်ခေါ်ဝေါ်သမုတ်လေသည်။ ရှူးပျံကို ရာမညတိုင်းသားတို့မှာ * ကမကော်ခေါ်ဝေါ်သည်။ ကျားမျက်နှာနှင့် တူသည့် သတ္တဝါဆိုလိုသည်။ ရည်လျား၍ ကမကော်ခေါ်ဝေါ်လေသည်။

· တစ်နည်းလည်း ထိုအကိုင်းတွင် ငါးကြီးရသည်ဖြစ်၍ ကမကော်ခေါ်ဝေါ် သမုတ်သည်။ 'က'မှာ ငါးဆိုသည်။ 'မကော်'မှာ ကမ္ဘာဆိုသည်။ ကမ္ဘာငါးကြီး ဆိုလိုသည်။ ကမကော် လေ့နစ်နည်းအကြောင်း ရှိသည်တွင် သုရာငါးကြင်း ရုပ်လေ့တော်လည်း ရှိသည်ဖြစ်၍ ကမ္ဘာငါးကြီးဆိုသည့်စကားနှင့် ညီလျော် သည်။

* မွန်-ကမကရ်။

**သာလီကာလေ့**။ သာလီကာနားသည့်အကိုင်းကို လေ့လုပ်သည်မှာ သိကြား၊ ဗြဟ္မာတို့ သာလိကာငှက်အယောင် ဖန်ဆင်းပြ၍ ကြွေးကြော်သည်။ ဟူးရားဖြူ ဟူးရားညိုတို့ ဟောပြောသည်ကိုထောက်သဖြင့် ထိုလေ့ကို 'သာလိကာ' သမုတ်သည်။ ရှည်လျား၍ စကားရွေ့လေလျှင် 'သာရကာ'ခေါ်ဝေါ်လေသည်။ သိကြား၊ ဗြဟ္မာတို့ ငှက်အယောင်ပြသည့်နိမိတ်ကိုလိုက်၍ ဦးကား သိကြား ခရုသင်းကိုင်လျက် ရေစင်ဖျန်းဟန်၊ ပဲ့ကား ဗြဟ္မာရုပ် ဇိမာန်ကပ်လျက် ထုလုပ်လေသည်။

**အီကင်းလေ့**။ ကင်းကြီးကန့်လန့်နေသည့်အကိုင်းကို ရာမညတိုင်းသားတို့ လုပ်ဆောင်ရလေသောကြောင့် ထိုလေ့ကို 'အကင်'သမုတ်ခေါ်ဝေါ်လေသည်။ ကင်းကို ရာမညတိုင်းသားတို့မှာ 'အကင်'ခေါ်ဝေါ်သည်။ ရှည်လျားလေလျှင် အီကင်းခေါ်ဝေါ်ပြန်လေသည်။

**မင်းစီးလေ့**။ ပင်စည်သည် ကြီးမားထူထဲလှသည်ဖြစ်၍ ဝန်တင်ရန် လေ့လုပ်သည်။ ထိုလေ့ကို 'မင်းလေ့' သမုတ်သည်။ ရှည်လျားသဖြင့် မင်းစီး လေ့ခေါ်ဝေါ်ပြန်လေသည်။ ရှည်လျားသောကြောင့် စကားရွေ့လျှင် 'နန်းစဉ်လေ့' ခေါ်ဝေါ်ပြန်လေသည်။ 'ဇမ္ဗူအုံ့လေ့'ပင်ဖြစ်သည်။ ထိုလေ့ငါးစင်း အရင်း သစ်ပင်သည် တောင်ပိန္နဲမ သစ်ပင်ဟူ၍ ဆိုသည်။ သာရဇိမာန်၊ ကမကော်၊ သာရကာ၊ အီကင်း လေ့တော်လေးစင်းတွင်သည်ကို ပညာရှိတို့ စပ်ဆိုသည် မှာ -

သာရဇိမာန်၊ ရောင်ဝှန်ဖြာပတ်၊ ကြေးပြာသာဒ်နှင့်၊ တုလွတ်စံကျော်၊

ကမကော်မူ၊ ဝေါတော်တင်ရာ၊ သာရကာကား၊ သဒ္ဒါကြည်ဖြူ၊ အလှူတော်
ကျင်း၊ အီကင်းလေ့တွင်၊ စည်စုံတင်မှ။

ဟူ၍ စပ်ဆိုလေသည်။

(လက်ရွေးကြီး၊ ပွဲတိုင်းကျော်၊ ပြည်လုံးကျော်၊ အင်းမ၊ ဘုန်းတော်နိုင်ငံ၊ သလွန်ဖြူ၊ လက်သစ်၊ ပြည်လုံးအုံ၊ ရန်နိုင်၊ ပဲခူးနိုင်ငံ၊ ပြည်အင်းမ၊ သဖြူး၊ မင်းတရားစက်ကြီး သည်လေ့များသည် အကြောင်းသင့်ရာခေါ်ဝေါ်သမုတ်သည် ယူရန်ရှိသည်။)

**သုံးလူ့ပူဇော်လှေ**။ သုံးလူပူဇော်လှေမှာ ဝေသာလီပြည်ဝယ် ဘေးသုံးပါး ရောက်လေလျှင် သိကြားနတ်တို့ ဖန်ဆင်းသည့်လှေဖြင့် ဘုရားသခင် ရေကြောင်းကြွတော်မူသည်။ လူ၊ နတ်၊ ဗြဟ္မာတို့ ရှိခိုးပူဇော် ကန်တော့ခြင်းကို ပြုလေသောကြောင့် ထိုလှေကို ဥပစာအားဖြင့် 'သုံးလူ့ပူဇော်'သမုတ် ခေါ်ဝေါ်သည်ဆိုသည်။ ထိုလှေသည်ဦးကား လူမင်း၊ သိကြားမင်း၊ ဗြဟ္မာမင်း ပေါင်း သရုဖူမကိုင်ဆင်ယင်လျက် နောက်ပုံ့မြီး ထီးသုံးစင်းစိုက်၍ လုပ်ဆောင် သည်ဆိုသည်။

**ပြည်ကြီးမွန်လှေ**။ ပြည်ကြီးမွန်လှေမှာ မြန်မာမင်းကို တစ်ရာသောမင်းမျိုး တို့ ဦးညွှတ်ဟန်၊ ဦးကကိုလျှောက်၍ ပဲ့ကုန်အောင် လက်ဝဲက အရုပ် ငါးဆယ်၊ လက်ယာကကို အရုပ်ငါးဆယ်ထုလုပ်သည့်လှေဖြစ်သည် ဆိုသည်။ ရေကြောင်းထွက်တော်မူကြီး ထွက်တော်မူလျှင် ဖောင်တော်ရှေ့က သုံးလူ့ ပူဇော်လှေ၊ ပြည်ကြီးမွန်လှေ ခင်းကျင်းကြောင်းကို ရွှေနန်းကြော့ရှင်မင်း နရပတိပုံတောင်သို့ ချီသည့်အခြင်းအရာကို ဖွဲ့ဆိုသည့် ပုံတောင်နိုင် မော်ကွန်း တွင် -

သုံးလူ့ပူဇော်၊ လှေကျော်လွှဲ့ထင်၊ အောင်မြင်တန်ခိုး၊ မြတ်မျိုးမင်းစဉ်၊
လှေယဉ်ရတနာ၊ ရှေ့မကွာတည့်။

ဟူ၍လည်းကောင်း။

ပြည်ကြီးမွန်လည်း၊ ဗိမာန်ကြပတော့၊ ဖောင်တော်ရှေ့ဝယ်၊
ပျော်မွေ့ဖွယ်ချည်း၊ ငြိမ့်ငြိမ့်ကြည်းမျှ။

ဟူ၍လည်းကောင်း စပ်ဆိုသည်ကိုထောက်လျှင် သုံးလူပူဇော်လှေ၊ ပြည်ကြီး

မွန်လေ့သည် လက်ဝဲလက်ယာ ခင်းကျင်းလိုက်ရသည် ယူရမည်။ 'သုံးလူ့တောက်ပ'လေ့သည် သုံးလူ့ပူဇော်လေ့ပင် ဖြစ်သည်ဆိုသည်။

**နဝရာလေ့**။ နဝရာလေ့မှာ 'နဝရူပ'လေ့ကိုပင် နဝရာခေါ်သည်ဆိုသည်။ နဝရူပဖောင်လေ့အကြောင်းကို အထက်မှာမှ ပဥ္စရူပ၊ သတ္တရူပ၊ နဝရူပ၊ ဒသရူပ၊ ဒွါဒသရူပ ဖောင်လေ့စတို့ကို ဆိုမည်။ အချို့လည်း နဝရာလေ့သည် နဝရာဇာဆိုလိုသည်။ နဝရာဇာ = မင်းကိုးပါးဆိုလိုသည်။ မင်းကိုးပါးဆိုကြောင်းလည်း ကမ္ဘာတည်ဦး ပြဟ္မာကိုးဘုံကိုးယောက်ကို အစွဲပြု၍ ကမ္ဘာ၏ နိမိတ်ထင်စေခြင်းတွာ ထိုဖောင်လေ့သည် ဦးကား ပြဟ္မာရုပ်ငါး၊ ပဲ့ကား ပြဟ္မာရုပ်လေး ထုလုပ်၍ မဟာသမ္မတမင်းကစ၍ သုံးဆောင်သည် ဆိုသည်။

**သက်န်းနက်လေ့**။ သက်န်းနက်လေ့မှာ သက်န်းနက် သစ်ပင်ကို လုပ်သည်ဖြစ်၍ "သက်န်းနက်လေ့"ခေါ်ဝေါ်သည်။ စကားရွှေ့လေလျှင် သင်းကနက်ခေါ်ဝေါ်ပြန်သည်။ သာရဂန္ဓနံ့သာကို သရကန္ဒနက်ဆိုသကဲ့သို့ ယူရမည်။ သင်းကနက်သစ်ပင်မရှိ။ သက်န်းနက်သစ်ပင်သာ ရှိသည်။

**လင်းဇင်းလေ့**။ လင်းဇင်းလေ့မှာ 'လာဇာလေ့' ဆိုလိုသည်။ လာဇာလေ့ဆိုသည်မှာ မာဂဓဘာသာ၌ ပေါက်ပေါက်ဆိုသည်။ ပေါက်ပေါက်ပွင့်ကဲ့သို့ အတွန့်အလိမ် ဦးနိမ့်၊ ပဲ့မြင့်လုပ်သည့် လေ့ဆိုလိုသည်။ ထိုလေ့ကို လဝရဋ္ဌတိုင်း လင်းဇင်းတို့ အသုံးအဆောင်ပြုသောကြောင့် 'လင်းဇင်းလေ့' ခေါ်ဝေါ်သည်။

**ပသုံလေ့**။ ပသုံလေ့မှာ ပြသုံဖြစ်၏။ * ပြဆိုသည်။ ပြမ်းဆိုသည် စကားများသည် ရာမညတိုင်း သုံးရပ်သားတို့မှာ ဘုန်းတန်ခိုး ကြီးသည်ဆိုသည်။ ရာမညတိုင်း၌ သုံးဆောင်သည့်ဘွဲ့ပုံများတွင်လည်း မင်းဆွေစိုးမျိုးနှင့် စပ်သသူတို့ကို စောပြ၊ သမိန်ပြမ်း အစရှိသဖြင့် ပေးလေသည်။ အယုဒ္ဓယတိုင်း၊ လဝရဋ္ဌတိုင်း၊ ဟရိဘုဥ္စတိုင်းများမှာလည်း ဘွဲ့အမည်များသည် ပြနရစ်၊ ပြစဲစစ်၊ ပြသာမိရာဇာ အစရှိသည်ဖြင့် သုံးဆောင်သည်။

ကျော်မျိုးဖြစ်သော မဟူရာမမင်းတို့လက်ထက် မြစ်ကြီးငါးသွယ်မှ စီးဝင်သည့် ရေဖြစ်သည်ကို နိမိတ်အမှတ်ပြု၍ + ပွန်စလိုင်မြစ်မှာ သကြန်ရေသောက်ရေ တို့ကို ခပ်ရသည်။ ရုံဖန်ရုံခါ မှူးမတ်ဗိုလ်ပါတို့နှင့် ပွန်စလိုင်သို့ကူး၍ ပွဲ သဘင်ခံသည်။ ထိုရေကိုသုံးဆောင်လျှင် ဘေးအန္တရာယ်ကင်းသည်ဟူ၍ ဒိဋ္ဌာနုဂတိပြုလေသည်။

* မွန်-ဗရမ်၊ ပါဠိ-ဗလံမှ လနှင့်ရ ပြောင်းသည်။ (ပြသုံရာမရ)

\+ မွန်-ပဉ္စသွာင်၊ မြစ်ငါးစင်းဆုံရာ၊ ခေါင်းဆေးကျွန်းအနီး မြစ်ဝဖြစ်သည်။ ပန်သွာင် (မြစ်လေးစင်းဆုံရာ) နှင့် ပိုမိုနီးစပ်၏။

* မြင်းနတ်ဘုရားတည်ရာ တောင်သည် ဘီလူးတို့ နေရာဟောင်းတောင် ဖြစ်၍ ဘီလူးတို့သည် အသဿမုခီကို ကြောက်ရွံ့သည်ကို အစွဲပြု၍ ပွဲသဘင် ခံမည်။ ပွန်စလိုင်ရေကို သုံးဆောင်မည်။ ကူးသွားသည်ကာလ အသဿမုခီရုပ် လုပ်သည့်လှေကို မင်းတို့စီးနင်းလေသည် ဆိုသည်။ ထိုလှေသည် ဦးကား အသဿမုခီရုပ်၊ ပဲ့ကား မင်းစီးလှေဖြစ်သောကြောင့် လော်ကားပဲ့ကဲ့သို့ လုပ်ဆောင်သည်ယူရန်ရှိသည်။ ရွှေထီးရွှေနန်းအဆက်ဆက် သကြန်တော်ကြီး ခေါ်တော်မူလျှင် ပွန်စလိုင်ရေကိုလည်း ခပ်ယူသည်ပင်ဖြစ်သည်။ ပွန်စလိုင် မြစ်သည် မြစ်ငါးသွယ်ဆုံရာ ဖြစ်သည်။ ရေးစာဟောင်းမှာလည်း -

အရှေ့ဖက်သို့၊ ရွှေစက်ပြောင်ဝင်း၊ ထိန်ထိန်လင်းမျှ၊ မြစ်မင်း ယှဉ်ပြိုင်၊ ပွန်စလိုင်ဟု၊ ငါးဆိုင်ဆုံကြ၊ ပင်လယ်ဝကို။

ဟူ၍ စပ်ဆိုလေသည်။

ဘုန်းရှိသောမင်းတို့ ထိုရေကို သောက်သည်ဆိုသည်။ ထိုရေဖြင့် ကူးသန်း သွားလာသည်ကို အကြောင်းပြု၍ ပြသုံလှေခေါ်ဝေါ်သမုတ်သည်။ ပြ-ဆိုသည် မှာ ဘုန်းတန်ခိုးကြီးသည်ဆိုသည်။ သုံဆိုသည်မှာ သောက်သည်ဆိုသည်။ ရှည်လျားသဖြင့် စကားရွေ့လေလျှင် ပသုံ-ရေးသားခေါ်ဝေါ်လေသည်။

* မွန်-ပြုနာဂ်၊ နဂါးမ၏ ဥတည်ရာတောင်၊ ဇင်းကျိုက်တောင်။

**အဇလုံလှေ**။ အဇလုံလှေမှာ အဇလုမ္ဗနီဆိုလိုသည်။ အဇမှာ ဆိတ်၊ လုမ္ဗနီ-မှာ ခရမ်းသီးဆိုသည်ကိုထောက်လျှင် ဦးကား ဆိတ်ရုပ်ခရမ်းသီး ငုံဟန် လက်နစ်ဖက်၊ ပဲ့ကားအမြီး၊ ခြေနစ်ဖက်လုပ်သည့် လှေဖြစ်သည် ယူရမည်။

**ပြည်ကုံးလေ့**။ ပြည်ကုံးလေ့မှာ ပြည်သူတိုင်းသားတို့ ရှိနိုးတင်လျှောက်ရာ လေ့ဆိုလိုသည်။ ပြည်သူတိုင်းသားအများ လူတကာတို့ ရှိနိုးဦးတင်ရာဆိုသည်ကိုထောက်လျှင် ကမ္ဘာဦးသူတို့ ရှိနိုးတောင့်တပြုသဖြင့် နေ၊ လပေါ်ခြင်း နိမိတ်ကိုထောက်၍ ဦးကား လဗိမာန်၊ လနတ်ရုပ်၊ ပဲ့ကား နေဗိမာန်၊ နေနတ်ရုပ်လုပ်သည့် လေ့ဖြစ်သည်ယူရမည်။

**သယောင်လေ့**။ သယောင်လေ့မှာ 'သူယောင်လေ့'ဆိုလိုသည်။ ရှည်လျား၍ သယောင်ရေးသားခေါ်ဝေါ်လေသည်။ ဦးကား သူယောင်ရုပ်၊ ဓား၊ လှံ၊ တုတ်၊ ဒိုင်း၊ လေး၊ လက်နက် ငါးပါးကိုင်ဟန် 'ပဲ့ကား မင်းစီးလေ့ဆိုသမျှသည် လော်ကားပဲ့ကဲ့သို့ လုပ်မြဲဖြစ်သည်' လော်ကားပဲ့လုပ်သည် ယူရမည်။

**ဂင်္ဂါဧယျလေ့**။ ဂင်္ဂါဧယျလေ့မှာ ကျီးလေ့ဆိုလိုသည်။ ကျီးရုပ်လေ့ဖြစ်သည်။ ဧယျမှာ အောင်ခြင်းနိမိတ်ကိုလိုက်၍ မင်္ဂလာစကားမှည့်လေသည်။

**သရဘူလေ့**။ သရဘူလေ့မှာ ရှည်လျား၍ အရေးအသား အခေါ်အဝေါ် ရွေ့သောကြောင့် သရဘ ခေါ်ဝေါ်သည်။ ဦးကား သရဘူကဲ့သို့ အနိမ့်၊ ပဲ့ကား သရဘူကဲ့သို့ အမြင့်လုပ်သည့် လေ့ဖြစ်သည် ယူရမည်။ အချို့လည်း သရပတ်လေ့ဖြစ်သည်ဆိုသည်။ ပွဲ့လျက်၊ ရေနံ၊ ငါးဆီ အစရှိသည်တို့ကို ရောနှော၍ ချက်သည်ကို သရပတ်ဟူ၍ ခေါ်ဝေါ်သည်။ သည်ကိုအစွဲပြု၍ လေ့ထေးလူစတို့ကို သရပတ်အစုသားဆိုသည်။

**စကားတောင်စား အတ္တုပ္ပတ္တိ**။ အဝကို စည်သူကျော်ထင်မင်း မင်းပြုသည့်ကာလ ရှင်ဖြူရှင်လှသို့ ဘုရားရှိနိုးထွက်သည်တွင် ညနေသုံးချက်တီးကျော်၌ အဝဘက်သို့ ကူးမည်ဟု ဖောင်ပန်းလေ့တက် ခင်းကျင်းသည်အတွင်း အနောက်တောင်ထောင့်က မိုးသက်လေဆင်သည်ကို မြင်သောကြောင့် မကူးဖြစ်။ မှူးမတ်တို့နှင့် တိုင်ပင်နေကြစဉ်တွင် လေ့ငယ်နှင့် သရပတ်သားတို့ ပါသည့် ဖောင်တော်ပဲ့နားက သရပတ်သားတစ်ယောက်သည် အကြိမ်ကြိမ်

တက်ခေါ်သည်ကို အင်းဝဘုရင် စည်သူကျော်ထင် ကြား၍ "တက်ခေါ်သသူသည် မည်သည့်သူနည်း။ မည်သည်ကို အကြောင်းပြု၍ တက်ခေါ်သနည်း" မေးတော်မူလျှင် သရပတ်သားလည်း "ဖောင်တော်ကူးမည် * စီဆင်ခင်းကျင်းရှိမှ မိုးသက်လေကိုမြင်၍ မကူးဖြစ်ရှိတော်မူခဲ့လျှင် ရှင်ဖြူရှင်လှဆိပ်တွင် တစ်ညဉ့်စက်တော်ခေါ်ရမည်ဖြစ်သောကြောင့် တက်ခေါ်ပါသည်" လျှောက်လေလျှင် "မောင်မင်းစီဆင်၍ ကူးနိုင်မည်လော" မေးတော်မူပြန်သည်တွင် "ဘုရားကျွန်တော်စီဆင်၍ ကူးရလျှင် တကောင်းဈေးဆိပ်သို့ ဖောင်ပန်းလှေတော်ဆိုက်ရောက်မှ မိုးသက်လေရောက်မည်ဖြစ်ပါသည်" ဟု လျှောက်သည်တွင် "အဘယ်အကြောင်းကြောင့် သိရသနည်း" မေးပြန်သော် သရပတ်သားလည်း "တိမ်တော၊ လေ ဇော်၊ လျှပ်စစ် ပဥ္စော၊ သံ တယော" ဆိုသည်ကိုထောက်၍ လျှောက်ခြင်းဖြစ်ပါသည်။ တိမ်တက်သည်ကို သုံးယူဇနာက မြင်ပါသည်။ လေဆင်သည်ကို တစ်ယူဇနာက မြင်ပါသည်။ လျှပ်စစ်ပြက်သည်ကို ငါးယူဇနာက မြင်ပါသည်။ မိုးဆင်သည်ကို သုံးယူဇနာက မြင်ပါသည်။ ပညာရှိတို့စကားကိုထောက်၍ လျှောက်ပါသည်ဆိုလျှင် အားရတော်မူ၍ သရပတ်သားကိုပင် "မောင်မင်းစီဆင်၍ ကူးတော့" ဆို၍ ရှင်ဖြူရှင်လှဆိပ်ကသည် ရွှေကြက်ယက်ကိုပန်း၍ ကူးလေလျှင် တကောင်းဈေးဆိပ်သို့လည်း ဖောင်ပန်းလှေတော် တက်ရောက်လေတော့သည်။ မိုးသက်လည်း ရောက်လာတော့သည်။ သည်ကို အားရတော်မူ၍ ဆုလာဘ်ပေးတော်မူသည်။ "မည်သည့်အကြောင်းကိုစွဲ၍ တကောင်းဈေးခေါ်ဝေါ်သနည်း" မေးတော်မူပြန်သည်တွင် "တကောင်းမင်းရိုး သတိုးမင်းဖျား မြို့ရာကြည့်ရှုမည်လာသည့်ကာလ သည်ဆိပ်က ဖောင်ဆိုက်၍ တက်သွားကြည့်ရှုသည်။ ပထမမင်းလမ်းဖြစ်သည်။ မြို့တည်၍ ဈေးနှာရှိပြန်လေသောကြောင့် တကောင်းဈေးခေါ်ဝေါ်သမုတ်သည်။ တကောင်းမင်းလက်ထက် တက်ရာလမ်းဈေးဆိုလိုပါသည်။ အတီးအမှုတ် ကြိုးချင်းများတွင်လည်း "တကောင်းဖောင်ငင်၊ တကောင်းဖောင်လား၊ တကောင်းဖောင်ဆိုက်" ဟူ၍ သုံးဆောင်တီးမှုတ်ကြလေသည်" ဟု လျှောက်လေလျှင် ထိုသူကို သရပတ်အစုက နုတ်ယူ၍ မြစ္စဲထမ်းရွက်ရသည်။ ဗဟုသုတနှင့် ပြည့်စုံသည်။ စကားစမြည် ယဥ်ကျေးတတ်လိမ္မာသည်ဖြစ်၍ စကားတောင်ရွာကို ပေးတော်မူသည်။ ယခုတိုင် "စကားတောင်စား" ဟူ၍

ထင်ရှားလေသည်။ တကောင်းအိုးခွက် အများတည်၍ ရောင်းသောကြောင့် တကောင်းဈေးခေါ်ဝေါ်သည် ဆိုကြသည်။

သရာဘလေ့သည် သရပတ်လေ့ ဖြစ်သည်ဆိုကြသည်။ သရာဘူလေ့ကို သရပတ်လေ့ဆိုသည်မှာ သရာဘူလေ့သည် အခြားလေ့ကဲ့သို့ မဟုတ်။ သရပတ် လုံခြုံလှသည်ဖြစ်၍လည်း သရပတ်လေ့ ခေါ်ဝေါ်ပြန်သည်လည်း ဆိုသည်ဟု ယူရန်ရှိသည်။

* ရွှေကွန်းစင်ဝယ်၊ စီဆင်ခင်းကျင်း၊ လက်တွင်းသွင်းမှ ဟူသော အစပ်ကို ထောက်၊ စီစဉ် စီဆင် နှစ်ရပ်လုံးသင့်၏။

**လောကဗိမာန်လေ့**။ လောကဗိမာန်လေ့မှာ လူမင်းဗိမာန် ဆိုလိုသည်။ လူမင်းဗိမာန်ဆိုလိုသည်ကိုထောက်လျှင် ဦးကလည်း ဗိမာန်၊ ပဲ့ကလည်း ဗိမာန် လုပ်ဆောင်သည့်လေ့ဖြစ်သည် ယူရန်ရှိသည်။

**ဒွါလောင်းလေ့**။ ဒွါလောင်းလေ့မှာ ဦးနှစ်မွှာ၊ ပဲ့နှစ်မွှာ လုပ်သည့်လေ့ဖြစ်သည် ဆိုလိုသည်။

**သုဝလေ့**။ သုဝလေ့မှာ ကြက်တူရွေးကျေးလေ့ဖြစ်သည်။

**သံသုမာရလေ့**။ သံသုမာရလေ့မှာ မွေ့လျော်ဖွယ်ရှိသော မိကျောင်းလေ့ ဆိုလိုသည်။ ပညာရှိတို့ စပ်ဆိုသည်မှာလည်း -

ရွှေဒွါ၊ ရွှေလောင်း၊ မိကျောင်းမြင်းဆင်၊ ရုပ်သွင်ပီသ၊ ရဲလေ့စသား၊ တောက်ပဝင်းဝင်း။

ဟူ၍ စပ်ဆိုလေသည်။

**မနသီဟလေ့**။ မနသီဟလေ့မှာ လူ့မျက်နှာ လူ့လက်၊ ခြသေ့်ကိုယ်နှစ်မွှာ ခြသေ့်ခြေနှစ်ဖက်ဖြစ်သည်တွင် လက်နှစ်ဖက်ထိသည်။ ရင်အုပ်နှင့်လက် ထိသည်။ ပေါင်နှင့်ကိုယ်နှင့်ထိသည်ဖြစ်၍ ထိသုံးပါးဆိုသည်။ 'မနသီဟရုပ် လေ့'ပင်ဖြစ်သည်။ ပညာရှိတို့ စပ်ဆိုသည်မှာလည်း -

မနသီဟ၊ ရှုပထင်ရှား၊ ထိသုံးပါးနှင့်၊ ကြွားကြွားထင်ပြဲ၊

ဟောက်သကဲ့သို့။
ဟူ၍ စပ်ဆိုလေသည်။ မန-သီဟသည် လူခြင်္သေ့ ဆိုလိုသည်။

မနဝိယ သီဟော မနသီဟော။ ။ မနဝိယ - လူ့ကိုယ်ကဲ့သို့။ သီဟော - ခြင်္သေ့တည်း။ မနသီဟော - လူ့ကိုယ်ကဲ့သို့ ခြင်္သေ့။ တပ္ပုရိသ် သမာသ် ဝိဂြိုဟ် ပညာရှိတို့ ကြံကြလေသည်။

**နာဂဒေဝလေ့။** နာဂဒေဝလေ့မှာ ဦးကနတ်ရုပ်တွင် ထိပ်၌ နဂါးရုပ်တပ်၍ လုပ်သည့်လှေဖြစ်သည် ယူရမည်။

**ဒွါဒသရူပလေ့။** ဒွါဒသရူပလေ့မှာ တစ်ဆယ့်နှစ်ရုပ်ပေါင်း၍ လုပ်သည့် လှေဆိုလိုသည်။ ဒွါဒသရူပလေ့ကို ရုပ်စုံလုပ်သော ဖောင်စုတို့နှင့် အထက်မှာမှ ဆိုမည်။

**သုံးဆယ့်နှစ်လံလေ့။** သုံးဆယ့်နှစ်လံလေ့မှာ သုံးဆယ့်နှစ်လံအလျား ရှိ၍ သုံးဆယ့်နှစ်လံလေ့ ခေါ်ဝေါ်သမုတ်သည်။ ယင်းသည့်လှေကိုပင် မဟာပါသာဒလှေဆိုသည်။ ဦးမှာ ရုပ်စုံလုပ်လိုသမျှ ပဲ့မှာ မင်းစီးလှေဖြစ်၍ လော်ကားပဲ့လုပ်ရသည်။ ပါသာဒ = သဒ္ဓါသည် ကြည်ညိုခြင်းကို ဟောသည်။
ပါသာဒံ ဇနေတီတိ ပါသာဒေါ။ ။ ပါသာဒံ - ကြည်ညိုခြင်းကို။ ဇနေတိ - ဖြစ်စေတတ်၏။ ဣတိတသ္မာ - ထိုသို့ကြည်ညိုခြင်းကို ဖြစ်စေတတ်သောသတ္တိကြောင့်။ ပါသာဒေါ - ပါသာဒမည်၏။ ကိတ်ဝိဂြိုဟ်၊ ပသာဒဓာတ်၊ ဏပစ္စည်းဖြစ်သည်။
ပညာရှိတို့ကြံသည်ကိုထောက်၍ သုံးဆယ့်နှစ်လံ မဟာပါသာဒလှေသည် ကြီးသော ပြာသာဒ်ဆောင် တင်သောလှေဖြစ်သည် ယူရမည်။

**လော်ကား။** လော်ကား၏အကြောင်းမှာ အလောင်းစည်သူမင်းသည် သက်န်းနက်ဖောင်နှင့် ဇမ္ဗူလှည့်လည်သည့်ကာလ ကျွန်းကြီးတစ်ခု၌ ကင်းကြီးတစ်ခုသည် ဆင်ကိုသတ်၍ ဆင်စွယ်ကို အသိုက်ပြုလျက်နေ၏။ ထိုအသိုက်

သည် တတ်လုစွာသောလူတို့ လုပ်ဆောင်သကဲ့သို့ အကန့်အကွက် အဝန်းအယုက်တို့သည် ရှိ၏။ ကင်းကြီးအစာရှာမည် တောသို့သွားသည့် အခိုက် ကင်းသိုက်ကိုတွေ့၍ ထူးဆန်းတင့်တယ် လျှောက်ပတ်သည်ဖြစ် သောကြောင့် ပုံပန်းရေးသား၍ ယူခဲ့စေ၏။ ဆင်စွယ်လုပ်ရင်း အကြောင်းကို အစွဲပြု၍ ယခုထက်တိုင် ထိုအလုပ်အဆောင် အရေးအသားတို့ကို ဆင်စွယ် ဝန်းယုက်ခေါ်ဝေါ်လေသည်။ အသိုက်ဖြစ်သော ဆင်စွယ်ကိုလည်း ဆောင်ယူ ခဲ့စေသည်။ ကင်းကြီးလည်း အစာရှာရာကရောက်၍ အသိုက်ပျက်သည်ကို မြင်လျှင် သမုဒ္ဒရာကိုကူး၍လိုက်၏။ ကောလာဟလ = အုတ်အုတ်ကျက်ကျက် သဲသဲရုတ်ရုတ်မျှရှိသော အသံကို အလောင်းစည်သူမင်း ကြားလျှင် "မည်သည့်အသံဖြစ်မည်နည်း" မေးသော် မှူးတော်မတ်တော်တို့က ကင်းကြီး လိုက်လာကြောင်းကို လျှောက်ကြ၏။ ဘုန်းအာနုဘော်ကြောင့် မမီနိုင်လျှင် *သမီးလှ၊ ရည်ရ၊ ပင်ထွက်ခန့်ရှိသော ထန်းတစ်ရပ်မျှ ခေါင်း၊ အမြီးထောင် လျက် ခြေလက်ကားကားပြု၍ ကြည့်မျှော်လိုက်၏။ အလောင်းစည်သူမင်း လည်း "သင်းမျှသတ္တဝါသည် လော်ယက်ရန်ကားကား ခေါင်း၊ အမြီး ထောင်လျက် ပြဝံ့သည်"ဆိုလေလျှင် ဟူးရားဖြူ၊ ဟူးရားညို၊ မှူးမတ်တို့က "ကင်း၏သဏ္ဍာန် လေ့လုပ်၍စီးတော်မူစေလိုသောကြောင့် ပြခြင်းအကြောင်း ဖြစ်ပါသည်"လျှောက်ကြလျှင် ထိုကင်း၏သဏ္ဍာန် လေ့လုပ်သည်။ လော်ယက် ၍ကားကား ခေါင်း၊ အမြီးထောင်လျက် ပြဝံ့သည်ဆိုရင်းနိမိတ်ကိုအစွဲပြု၍ ထိုလှေကို 'လော်ကား'သမုတ်ခေါ်ဝေါ်လေသည်။

* ထန်းပင်အမည် ၆-မျိုးကား ကျေးမြီး၊ လက်မျှော်၊ ဆင်ခြေပေါ်၊ သမီးလှ၊ ရည်ရ၊ ပင်ထွက်။

**လက်သင်လှေ**။ လက်သင်မှာ ကင်းငယ်သဏ္ဍာန် လုပ်ဆောင်သည်။

လက်သင်သမုတ် ခေါ်ဝေါ်ကြောင်းမှာ ရွှေထီးရွှေနန်း အဆက်ဆက် လော်ကားတော်တွင် လော်ရသည်။ -

**တက်ရေးသုံးဆယ့်ခုနစ်ချင်း**

၁။ ဘုရားရှိခိုး

၂။ ရွှေလောင်းချီ
၃။ ရွှေလောင်းထွက်
၄။ ရွှေဖောင်ယှဉ်
၅။ တက်ကောက်
၆။ တက်မြှောက်
၇။ တက်တန်း
၈။ တက်စောင့်
၉။ တက်ထောင်
၁၀။ တက်ယှက်
၁၁။ တက်ဝှက်
၁၂။ တက်ခပ်
၁၃။ တက်လှ
၁၄။ အိမ်မိုးခြင်တင်
၁၅။ စင်ရော်သုတ်
၁၆။ စင်ရော်ဝဲ
၁၇။ ဝမ်းပဲတောင်ဖြန့်
၁၈။ ဝမ်းပဲကန့်
၁၉။ လက်မြန်
၂၀။ ခေါ်တော်မူ
၂၁။ နတ်သမီးပန်းခိုး
၂၂။ နတ်သမီးပန်းဆွတ်
၂၃။ နတ်သမီးပန်းလှမ်း
၂၄။ နတ်သမီးပန်းတောင်း
၂၅။ သန်လျက်ထမ်း
၂၆။ ဆေးတော်ထိုး
၂၇။ ရာဇမတ်ကြီး
၂၈။ ရာဇမတ်ငယ်
၂၉။ နေရောင်ကာ

၃၀။ နေရောင်ပြ
၃၁။ တင်းတိမ်ရံ
၃၂။ တင်းတိမ်လုစ်
၃၃။ သုံးချက်ပေါက်မြန်
၃၄။ စံပယ်ငုံ
၃၅။ ဆင်စွယ်ဝန်းယုက်
၃၆။ ကိန္နရာတောင်ယှက်
၃၇။ ရွှေငှက်တောင်ခတ်

တက်ချင်းတို့ကို လော်ကားတော်သို့တက်၍ မလော်မီအကြား ယင်းသည့် လော်ချင်းများကို လက်တက်အောင်သင်ရသည့်လှေဖြစ်၍ ထိုကင်းငယ်၏ သဏ္ဍာန်လုပ်သည့်လှေကို 'လက်သင်လှေ' ခေါ်ဝေါ်သမုတ်လေသည်။

လော်ကားတော်လော်သူ လှေသင်းသားတို့မှာလည်း ဦးထုပ်ရွှေ၊ လက်ကျပ်ငွေ၊ အဝတ်ပုဆိုးမှာ အနီ၊ ခြူးပန်း ဒက်ဒယက် ဆင်ယင်၍ လော်ရသည်။ နောက်နောက် မင်းတို့လက်ထက် လှေသင်းသားတို့ကိုပေးရင်း ရွာမှာ ချထား နေထိုင်ရသည်။ ရေးစာဟောင်းများတွင်လည်း -

> ဦးထုပ်ကား ရွှေ ငွေကား လက်ကျပ်၊ နီလုပ်ဝတ်စား၊ ပေးရင်း သားတို့၊ ရွှေပြား ရိုးရဲ၊ ခြူးဆွဲတက်လှ၊ ချလည်း တညီ၊ ချီလည်း တညွတ်၊ သတ်သည်း ညီအောင်၊ ဟန်ရေးဆောင်သည်။

ဟူ၍ စပ်ဆိုလေသည်။

**သမ္ဗန်လှေ။** * သမ္ဗန်လှေမှာ ပဋိက္ကရားမင်းကို ကျည်းကုလားတို့က ဆက်သည့်လှေဆိုသည်။ အဖိုးပေး၍ ဝယ်လိုက်သည်လည်း ဆိုသည်။ ထိုသမ္ဗန်လှေကို ပဋိက္ကရားမင်းတွင် စည်အလုံးလေးဆယ်ရသော မိဖုရားကြီး အားပေး၍ မိဖုရားစီးနင်းသည်။ ပဋိက္ကရားမင်းက နော်ရထာမင်းစောအား ဆက်၍ မိဖုရားမောင်းမမိသံတို့ စီးနင်းရသည်။ နောက်နောက်မင်းတို့လက်ထက် သမ္ဗန်လှေကို မိဖုရား၊ မင်း ကိုယ်လုပ်တို့သာ အစီးအနင်းများလေသည်။

သမ္ဗန်ခေါ်ဝေါ်ခြင်းသည် မာဂဓဘာသာဖြစ်၏။ မြန်မာပြန်လျှင် စပ်သည် ဆိုလိုသည်။ မိဖုရား၊ မင်း ကိုယ်လုပ်တို့နှင့်စပ်သည့်လှေဆိုသည်။ တစ်ကြောင်း

မှာလည်း "တလိမ်း မထေး၊ သစ်စေး မဖာ၊ ကုလားရွာက၊ ပါသည့်လှေ" ဟူ၍ လူကြီးသူအိုတို့ အစဉ်ပြောဆိုသည့်စကားကို ထောက်လျှင် တလိမ်း မထေး၊ သစ်စေးမထည့်၊ အုန်းဆံမရိုက်၊ ပျဉ်ကိုပျဉ်ချင်း စူးရဲသပ်နက်၍ စေ့စပ်အောင်လုပ်သည့်လှေဖြစ်၍ ထိုလှေကို သမ္ဗန်ခေါ်ဝေါ်သည်လည်း ဆိုသည်။ စကားနှစ်ချက်ပင် တော်သင့်သည် ယူရန်ရှိသည်။

SAMPAN တရုတ်ဘာသာ၊ ပျဉ်သုံးချပ်စပ်သော သံပန်၊ သမ္ဗန်လှေ ဟူ၍လည်း အနက်ကြံကြသည်။

**သက္ကဒါန်လှေ။** သက္ကဒါန်လှေ၏အကြောင်းမှာ မလ္လာယုကျွန်းသို့ အလောင်းစည်သူ ဖောင်ဆိုက်သည့်နေ့ ညဉ့်မိုးသောက်ယံ၌ အိပ်မက်မြင်သည်မှာ ထူးဆန်းသော အဝတ်တန်ဆာဆင်ယင်လျက် လူတစ်ယောက်သည် နီလာအရောင်အဆင်းနှင့်တူသော တိမ်ပြင်တွင် ငွေအဆင်းနှင့်တူသော အက္ခရာကိုးလုံး ရေးသည်ကို မြင်မက်သည်။ ကိုးလုံးအက္ခရာတို့ကား 'စတုအဏ္ဏဝ သာမကဌာ' ဖြစ်သည်ဆိုသည်။ အချို့လည်း 'ဓဇအဏ္ဏဝ သာမတုလ္လာ' ဟူ၍လည်းဆိုသည်။ အချို့လည်း အက္ခရာကိုးလုံးစီ စာနှစ်ကြောင်း ဖြစ်သည်ဆိုသည်။ စတုအဏ္ဏဝ သာမကဌာ - အက္ခရာ၏အရမှာ အင်းလေးအင်းခြံရံလျက် ရွှေသောသစ်ဆိုလိုသည်။ ဓဇအဏ္ဏဝ သာမတုလ္လာ- အက္ခရာအရမှာ တမ်းခွန်နှင့်တူသောအင်း၊ ရွှေသောနှုတ်သီးရှိသောငှက် ဆိုလိုသည်။ နှစ်ကြောင်းနှစ်သွယ် အစဉ်ပြောဆိုလေသည်။ အလောင်းစည်သူမင်းလည်း အိပ်မက်အကြောင်းကို ဟူးရားဖြူ၊ ဟူးရားညိုတို့အား ပြန်ပြောလျှင် ယခင်ဆိုခဲ့သည့်စကားအတိုင်း နိမိတ်ဖတ်လျှောက်လေသော် မင်းချင်းတို့ကိုလွှတ်၍ ကြည့်ရှုရှာဖွေသည်တွင် လျားသောအင်းလေးအင်း ခြံရံလျက် ထက်အောက်လုံးပတ် ညီညွတ်သော သစ်ပင်ထက်တွင် ရွှေသောနှုတ်သီးရှိသော ငှက်သည် သစ်ကိုင်းကို နှုတ်သီးဖြင့်ခေါက်၍ ကြွေးကြော်မြည်တမ်း၏။ ထိုသစ်ပင်၏အသား၊ အခေါက်တို့သည်လည်း ရွှေသောအဆင်းရှိသည်များကို သိမြင်ကြောင်းနှင့် လျှောက်လေလျှင် ဟူးရားဖြူ၊ ဟူးရားညိုတို့လည်း "လှေလုပ်၍ စီးတော်မူစေလိုသောကြောင့် သိကြားနတ်တို့ အိပ်မက်ပြခြင်း၊ သိကြားနတ်ပင် ငှက်အယောင်ဆောင်၍ ကြွေးကြော်ခြင်းဖြစ်သည်" လျှောက်လေ

ပုံကား လွန်းကြင်ငှက်အမြီးယက်လျက် လုပ်ဆောင်လေသည်ဟူ၍ အစဉ်ပြောဆိုကြသည်။

တစ်ကြောင်းလည်း အလောင်းစည်သူမင်းသည် ဇမ္ဗူလှည့်လည်သည့်ကာလ နံ့သာကျွန်းတွင် လွန်းကြင်ငှက် ဖို၊ မကိုရ၍ တိရစ္ဆာန်သတ္တဝါတို့တွင် ထိုငှက်ကဲ့သို့မရှိ။ လည်ချင်းယှက်လျက် နေသည်ကို စုံမက်တော်မူ၍ ထိုငှက်သဏ္ဍာန် လေ့လုပ်သည်။ ထိုလေ့ကို မနာပလေ့ သမုတ်သည်ဟူ၍ သုတနှင့်ပြည့်စုံသောသူတို့ ပြောဆိုကြကုန်သည်။

**ကတ္တူလှေ**။ ကတ္တူလှေအကြောင်းမှာ ခတုလှေဟူ၍ ဆိုသည်။ ရာမညတိုင်းသားတို့ဘာသာ လကို ခတုခေါ်သည်။ လဆန်းဖြစ်သော လ၏သဏ္ဍာန် ဦးပုံလုပ်သည့်လှေဆိုသည်။ ကမ်းယံပြည်ကို သုပဉာနဂရဆိန္နမင်းလုပ်ကြံ၍ရလျှင် ရွှေကိုသွန်းလုပ်သည့် ဘုရားသခင် ရုပ်တုတော်ကို သဒ္ဓါကြည်ညိုလှသည်ဖြစ်သောကြောင့် လရှည်၊ နှစ်ကြာ သရေခေတ္တရာပြည်သို့မပြန်မလည်ရှိသည်နှင့် ဘုရားသခင်ရုပ်တုတော်ကို လေ့နှင့်တင်ပြီးလျှင်လှည့်၍ မော်တင်ရစ်ကို ဆောင်ယူမည်။ သုပဉာနဂရဆိန္နမင်းကြံတော်မူရာကတ္တူလှေသည် အခြားဝန်ကို များစွာဆောင်နိုင်သော်လည်း ဘုရားသခင်ရုပ်တုတော်ကို တင်ဆောင်နိုင်မည်မဟုတ်ဟု မှူးမတ်ဗိုလ်ပါတို့သည် ဘိုင်ပင်ညီညွတ်သဖြင့် အကြံကိုလျှော့၍ ဘုရားရုပ်တုတော်၏ အောက်၌ တွင်းကြီးတူးလေလျှင် ဘုရားသခင်ရုပ်တုတော် လဲယိုင်လေ၍ ဘုရားပရိနိဗ္ဗာန်ပြုတော်မူလေသည်။ နေပြည်တော်သို့ ပြန်လည်တော်မူသင့်ကြောင်းကို နိမိတ်ပြသည်ဟူ၍ မီးဖြင့်သဂြိုဟ်သည့်အဟန် ဖိုကျင်ထိုးစေ၍ ရွှေကိုဆောင်ယူခဲ့ရသည်။ လူဆိုးသူသွမ်းတို့ ဘုရားရုပ်တုရွှေကို ကဲ့ဝှက်ခိုးယူကြ၍ သရေခေတ္တရာပြည်၌ ရောင်းဝယ်သုံးဆောင်ကြလေသောကြောင့် မရှည်မကြာ သုပဉာနဂရဆိန္နမင်းလက်ထက် ပျက်ပြားလေသည်။ ကတ္တူလှေကို သုပဉာနဂရဆိန္နမင်းလက်ထက် ခေါ်ဝေါ်သမုတ်သည် ဆိုသည်။

ပညာရှိတို့ ဝိဂြိုဟ်ကြသည်မှာ -

ဘာရံ ကရောတိ ဝဟာတီတိ ကတ္တူ။ ။ ယာနာဝါ - အကြင်လှေသည်။ ဘာရံ - ဝန်ကို။ ကရောတိ ဝဟာတိ - ရွက်ဆောင်တတ်၏။ ဣတိတသ္မာ -

ထို့ကြောင့်။ ကတ္တူ - ကတ္တူမည်၏။ ကတ္တူ သာခနေကိတ်ဝိဂြိုဟ်၊ ကရဓာတ်၊ တုပစ္စည်းကြဲလေသည်။

ကတ္တူလေ့သော ဝန်ကိုဆောင်သည်မဟုတ်။ အခြားလေ့လည်း ဝန်ကို ဆောင်သည်ပင်ဖြစ်သည် ဆိုရန်ရှိသည်။ ဝိဂြိုဟ်သဘောသည် ထင်ရာကိုလိုက် ၍ ဆိုရခြင်းဖြစ်သည်။ ကတ္တူအမည်နှင့်လျော်စွာ ဝိဂြိုဟ်ပြုသည်ယူရမည်။

* မွန်-ဂတု (ဖတ်သံ-ခတု။)

**ပိန်းကောလေ့**။ ပိန်းကောလေ့ကိုလည်း ပညာရှိတို့ ကြံကြသည်မှာ ပိန္ဓ ကရောတီတိ ပိန်းကော။ ။ ယာနာဝါ - သည်။ ပိန္ဓ - လုံးထွင်းကို။ ကရောတိ - ပြုတတ်၏။ ဣတိတသ္မာ - သို့လုံးထွင်းကိုပြုတတ်သော သတ္တိကြောင့်။ သာနာဝါ - ထိုလေ့သည်။ ပိန်းကော - ပိန်းကောမည်၏။

ပိန္ဓပုဒ်၊ ကပစ္စည်း၊ ကရဓာတ် ကြံလေသည်ကိုထောက်လျှင် ပိန်းကော ခေါ်ဝေါ်ရေးသားသင့်သည်။ သို့သော်လည်း အခေါ်အသုံးများရာလိုက်၍ 'ပျဉ်းကော'ခေါ်ဝေါ်ရေးသားလေသည်။

♥ ♥ ♥

## ဖောင်စုများအကြောင်း

**ဖောင်များ**။ ခြင်္သေ့၊ တိုး၊ ကရဝိက်၊ စာမရီ၊ ဇော် ဖောင်များမှာ တစ်စင်း ဖောင်စုဖြစ်သည်။ လုပ်မြဲတိုင်း သိသာသည်။

**ပဉ္စရူပဖောင်**။ ပဉ္စရူပဖောင်မှာ ဆင်နှာမောင်း၊ အစွယ်နှစ်ချောင်း၊ နွားလပို့၊ ငါးကြင်းအမြီး၊ တိုးချိုနှစ်ဖက်၊ လက်တစ်ဖက်၊ နောက်ပဲ့မြီး တိုးအမြီး၊ ခြေ တစ်ဖက်၊ မြင်းနားနှစ်ဖက်၊ လက်တစ်ဖက်၊ ခြေတစ်ဖက်၊ လော်ကားပဲ့ ရုပ်ပေါင်းငါး ပဉ္စရူပဖောင်။

**သတ္တရူပဖောင်**။ သတ္တရူပဖောင်မှာ ကရဝိက်နှုတ်သီး၊ လည်ဆံ၊ ဆင်အစွယ် နှစ်ချောင်း၊ နှာမောင်း၊ နွားလပို့၊ ငါးကြင်းအမြီး၊ ကြက်တူရွေးအတောင်၊ တိုးချို နှစ်ဖက်၊ လက်တစ်ဖက်၊ နောက်ပဲ့မြီးတိုးအမြီး၊ ခြေတစ်ဖက်၊ မြင်းနားနှစ်ဖက်၊

လက်တစ်ဖက်၊ ခြေတစ်ဖက်၊ လော့်ကားပွဲ ရုပ်ပေါင်းခုနစ် သတ္တရုပဖောင်။

**နဝရုပဖောင်**။ နဝရုပဖောင်မှာ ကရဝိက်နှုတ်သီး၊ လည်ဆံ၊ နွားလပို့၊ ငါးကြင်းအမြီး၊ ဆင်စွယ်နှစ်ချောင်း၊ မကာရ်းနှာမောင်း၊ သမင်ချိုနှစ်ဖက်၊ ကြက်တူရွေးအတောင်နှစ်ဖက်၊ တိုးလက်တစ်ဖက်၊ နောက်ပဲ့မြီး တိုးအမြီး၊ ခြေတစ်ဖက်၊ မြင်းနားနှစ်ဖက်၊ လက်တစ်ဖက်၊ ခြေတစ်ဖက်၊ လော့်ကားပွဲ ရုပ်ပေါင်းကိုး နဝရုပဖောင်။

**ဒသရုပဖောင်**။ ဒသရုပဖောင်မှာ ခြသေ့်နှုတ်သီး၊ အမောက် လည်ဆံ၊ နောက်ပဲ့မြီး တိုးအမြီး၊ ခြေတစ်ဖက်၊ လက်တစ်ဖက်၊ နွားလပို့၊ ငါးကြင်းအမြီး၊ တိုးလက်တစ်ဖက်၊ မြင်းနားနှစ်ဖက်၊ ခြေတစ်ဖက်၊ ဆင်အစွယ်နှစ်ချောင်း၊ မကာရ်းနှာမောင်း၊ သမင်ချိုနှစ်ဖက်၊ ကျွဲချိုနှစ်ဖက်၊ ကရဝိက်အတောင်နှစ်ဖက်၊ လော့်ကားပွဲ ရုပ်ပေါင်းတစ်ဆယ် ဒသရုပဖောင်။

**ဒွါဒသရုပဖောင်**။ ဒွါဒသရုပဖောင်မှာ ခြသေ့်နှုတ်သီး၊ အမောက်၊ နောက်ပဲ့မြီး တိုးအမြီး၊ ခြေတစ်ဖက်၊ နွားလပို့၊ ငါးကြင်းအမြီး၊ တိုးလက်တစ်ဖက်၊ ခြေတစ်ဖက်၊ မြင်းနားနှစ်ဖက်၊ ဆင်စွယ်နှစ်ချောင်း၊ မကာရ်းနှာမောင်း၊ ကရဝိက်အတောင်နှစ်ဖက်၊ သမင်ချိုနှစ်ဖက်၊ ကျွဲချိုနှစ်ဖက်၊ ကိန္နရာလက်နှစ်ဖက် ကဟန်၊ စာမရီလည်ဆံ၊ လော့်ကားပွဲ ရုပ်ပေါင်းတစ်ဆယ့်နှစ် ဒွါဒသရုပဖောင်။

♥ ♥ ♥

## လော့်ကားစုအကြောင်း

### လော့်ကားများ

၁။ လက်မွေးကြီးလော့်ကား - အလျားတစ်ဆယ့်ရှစ်လံ၊ လှေဝရှစ်တောင်၊ ရွှေပိန်း။

၂။ လက်သစ်လော့်ကား - အလျားတစ်ဆယ့်ရှစ်လံ၊ လှေဝရှစ်တောင်၊ ရွှေပိန်း။

၃။ ပြည်လုံးအံ့လော့ကား - အလျား တစ်ဆယ့်ခုနစ်လံ၊ လော့ဝခုနစ်တောင်၊ ရွှေပိန်း။
၄။ ပြည်လုံးကျော်လော့ကား - အလျား တစ်ဆယ့်ခုနစ်လံ၊ လော့ဝခုနစ်တောင်၊ ရွှေပိန်း။
၅။ ပြည်လုံးရလော့ကား - အလျား တစ်ဆယ့်ခုနစ်လံ၊ လော့ဝ ခုနစ်တောင်၊ ရွှေပိန်း။
၆။ သုရာငါးကြွင်းရုပ်လော့ကား - အလျားတစ်ဆယ့်နစ်လံ၊ လော့ဝငါးတောင်၊ ရွှေပိန်း။
၇။ ကိန္နရာစက်လော့ကား - အလျား တစ်ဆယ့်ငါးလံ၊ လော့ဝ ငါးတောင်၊ ရွှေပိန်း။
၈။ ကိန္နရီလော့ကား - အလျား တစ်ဆယ့်ငါးလံ၊ လော့ဝ ငါးတောင်၊ ရွှေပိန်း။
၉။ ထွက်တိုင်းရလော့ကား - အလျား တစ်ဆယ့်ငါးလံ၊ လော့ဝ ငါးတောင်၊ ရွှေပိန်း။
၁၀။ စက်နရဲလော့ကား - အလျား တစ်ဆယ့်ခြောက်လံ၊ လော့ဝ ငါးတောင်၊ ရွှေပိန်း။
၁၁။ ရွှေတံငါလော့ကား - အလျား တစ်ဆယ့်ခြောက်လံ၊ လော့ဝ ငါးတောင်၊ ရွှေပိန်း။
၁၂။ ကျွဲရုပ်လော့ကား - အလျား တစ်ဆယ့်ခြောက်လံ၊ လော့ဝ ငါးတောင်၊ ရွှေပိန်း။
၁၃။ ရန်နိုင်လော့ကား - အလျား တစ်ဆယ့်ငါးလံ၊ လော့ဝ ငါးတောင်၊ ရွှေပိန်း။
၁၄။ ပွဲတိုင်းကျော်လော့ကား - အလျား တစ်ဆယ့်ငါးလံ၊ လော့ဝ ငါးတောင်၊ ရွှေပိန်း။
၁၅။ မင်းတရားစက်ကြီးလော့ကား - အလျား တစ်ဆယ့်ငါးလံ၊ လော့ဝ ငါးတောင်၊ ရွှေပိန်း။
၁၆။ ဘုန်းတော်နိုင်ငံတော်လော့ကား - အလျား တစ်ဆယ့်ငါးလံ၊ လော့ဝ ငါးတောင်၊ ရွှေပိန်း။

၁၇။ ပဲခူးနိုင်ငံလော်ကား - အလျားတစ်ဆယ့်ငါးလံ၊ လေ့ဝ ငါးတောင်၊ ရွှေပိန်း။
၁၈။ အင်းမလော်ကား - အလျားတစ်ဆယ့်ငါးလံ၊ လေ့ဝ ငါးတောင်၊ မြော့ဝမ်း။
၁၉။ စစ်လျှင်လော်ကား - အလျားတစ်ဆယ့်ငါးလံ၊ လေ့ဝ ငါးတောင်၊ စက်ငှက်ပျံ။
၂၀။ ပွဲလုံးတင်လော်ကား - အလျားတစ်ဆယ့်ငါးလံ၊ လေ့ဝ ငါးတောင်၊ ရွှေစက်ငှက်ပျံ။
၂၁။ တွေ့တိုင်းအောင်လော်ကား - အလျားတစ်ဆယ့်ငါးလံ၊ လေ့ဝ ငါးတောင်၊ စက်ငှက်ပျံ။
၂၂။ ပွဲတိုင်းအောင်လော်ကား - အလျားတစ်ဆယ့်ငါးလံ၊ လေ့ဝ ငါးတောင်၊ စက်ကိန္နရာ။
၂၃။ မြစ်တွင်းရန်နိုင်လော်ကား - အလျားတစ်ဆယ့်ငါးလံ၊ လေ့ဝ ငါးတောင်၊ စက်ကိန္နရာ။
၂၄။ သူရဲတုလွတ်လော်ကား - အလျားတစ်ဆယ့်ငါးလံ၊ လေ့ဝ ငါးတောင်၊ စက်တို။
၂၅။ တွေ့တိုင်းဝင်လော်ကား - အလျားတစ်ဆယ့်ငါးလံ၊ လေ့ဝ ငါးတောင်၊ စက်နရား။
၂၆။ သလွင်ဖြူလော်ကား - အလျားတစ်ဆယ့်ငါးလံ၊ လေ့ဝ ငါးတောင်၊ စက်အာနီ။
၂၇။ ဇင်းမယ်အင်းမလော်ကား - အလျားတစ်ဆယ့်ငါးလံ၊ လေ့ဝ ငါးတောင်၊ စက်အာနီ။
၂၈။ ပြည်အင်းမလော်ကား - အလျားတစ်ဆယ့်ငါးလံ၊ လေ့ဝ ငါးတောင်၊ စက်ဝန်း။
၂၉။ မြဲတရော်လော်ကား - အလျားတစ်ဆယ့်ငါးလံ၊ လေ့ဝ ငါးတောင်၊ အာနီ။
၃၀။ သဖြုလော်ကား - အလျားတစ်ဆယ့်ငါးလံ၊ လေ့ဝ ငါးတောင်၊ အာနီ။

(လေ့စုဖောင်စုတို့မှာ လေ့တော်လေးစင်း အရင်းစကားဆိုပြီးဖြစ်၍ စကား အလျဉ်းသင့်လေသောကြောင့် ယထာကမသချာနည်းအားဖြင့် ဆိုရခြင်းဖြစ် သည်။)

♥ ♥ ♥

## ပလ္လင်တော်အကြောင်း

အာဒိဝစန အစဆိုရင်းက ရာဇပလ္လင် ရှစ်မျိုးလုပ်ရိုး ရှိသည်။ မာရာင် ကန့်၍ ရာဇပလ္လင်ထည့်သည်ဆိုခဲ့သမျှ စကားသည် စီလျဉ်စပ်လျဉ်းသမျှ များစွာဆိုလျှင် တစ်ဌာနကကို တစ်ဌာနကူး၍ အလုမ်းအကမ်း ဝေးလံခြင်း စကားအဆက် ရှည်လျားမည်ဖြစ်သောကြောင့် ဆက်မိရုံမျှ ဆိုခဲ့သည့်စကားကို ရတနာရွှေပြားတွင် ပတ္တမြားကျောက်ရိပ်စိပ်သော ဂုန္တန်ခြံရံလျက် ကမ္ပတ်သတ် သကဲ့သို့ မိဂပဒဝလဉ္စန နည်းအားဖြင့် ဆိုပြန်အံ့။

**ရာဇပလ္လင် တစ်ဆယ့်နှစ်နေရာ။** ရာဇပလ္လင်လုပ်ရိုး၌ သီဟ၊ ဘမရာ၊ ဟံသာ၊ မောရ၊ သခ်၊ ဟတ္ထိ၊ မိဂ၊ ပဒုမာ ရှစ်မျိုးတွင် တစ်ဆယ့်ခြောက်တောင်ရှိသော မဟာပလ္လက်၊ ရှစ်တောင်ရှိသော မဇ္ဈိမပလ္လက်၊ လေးတောင် ရှိသော စူဠပလ္လက် လုပ်နည်းရှစ်မျိုး လုပ်ရိုးသုံးပါးရှိရာ 'ခြသေ့၊ ဆင်ပျံ၊ လောကနတ်၊ ဒေါင်းယပ်၊ ဆင်နား၊ တံခါးတိုင်၊ သိကြား၊ ကိန္နရာ၊ သမ္မာဒေဝ၊ ခြူးကြာ၊ ဦးဆောက်ပန်း' တစ်ဆယ့်နှစ်နေရာတို့ဖြင့် လုပ်ဆောင်၍ ပြာသာဒ်တော်၊ ရွှေလွှတ်တော်ဝယ် တည်ထားသည့် ရာဇပလ္လင်သည် မာရာင်ကိုကပ်၍ တစ်ခြမ်းသာရှိသည်။

**အပရာဇိတပလ္လင်။** ဘုရားသခင် နေတော်မူသော အပရာဇိတပလ္လင်တော် သည် မာရ်နတ်စစ်ရောက်သည့်ကာလ ရှေ့နောက် လက်ဝဲ၊ လက်ယာ မာရ် စစ်သည်တို့ တက်မည်ရှိသော်လည်း ကုသိုလ်ကံတော်ကြောင့် မတက်နိုင် ရှိသည်ကို ထောက်လျှင် ဗောဓိပလ္လင်၌ ကပ်သည့်ပလ္လင်တော် တစ်ခြမ်း မဟုတ်။ ပလ္လင်အလုံးဖြစ်ကြောင်းကို သိသာရသည်။

**ရာဇပလ္လင်။** မင်းတို့စံပယ်သည့်ရာဇပလ္လင်သည် မာရာင်မှာ ကပ်၍ တစ်ခြမ်း

သာ လုပ်ဆောင်လေသည်ကိုထောက်လျှင် ဝန်ခံသောအမှုကို ဂရုမပြုလေသောကြောင့် ရှေးရှေးသော မင်းတို့လက်ထက် ပလ္လင်ထိပ်၌ နေခြင်းကို မအောက်မေ့မူ၍ အတွင်းက သလွန်တည်လျက် ပလ္လင်တစ်ခြမ်းသာ လုပ်လေသည်။ မာရာဇင်မှာ ပလ္လင်ကပ်၍ တစ်ခြမ်းသာမြင်ရသည်မှာ လဆန်း ရှစ်ရက်လသည် ထက်ဝက်သောအရေးကို မြင်ရသည်ကိုလည်း ယူသာမည် မဟုတ်။ အလုပ်သင့်သဖြင့် မာရာဇင်ကန့်သောကြောင့်လုပ်သည်။ ဥပမာ ဆောင်၍ ဆိုပြန်လေသည်။ အောက်ကဆိုခဲ့သည့်စကားတွင် "ဟောင်းသာ ဟောင်း၍ မကောင်းသည်၊ သစ်သာသစ်၍မဖြစ်" ဆိုခဲ့သည့်စကားအတိုင်း လဗိမာန်တွင် ယုန်ရုပ်ရှိသည်။ ကပ္ပဋ္ဌိတိလေးပါးတွင် တစ်ပါးဖြစ်သည်ကို နေဗိမာန်တွင် ဒေါင်းရုပ်ရှိဟန် ရေးသားသောအရာသည် ကျမ်းဂန်မလာ မပါ မရှိ။ အစဉ်သုံးစွဲလေသောကြောင့် နောက်နောက်လူတို့ အစဉ်ရေးသားခြင်း ဖြစ်လေသည်။ အကြောင်းကိုရှာလျှင် ဥဒေါင်းမင်းသည် နံနက်ကို ဥဒေတယံ၊ ညကို အပေတယံ သစ္စာပြုသဖြင့် ဘေးလွတ်ခြင်းကို အကြောင်းပြု၍ နေဗိမာန်တွင် ဒေါင်းရုပ်ရေးသားလေသည်သာ ယူရန်ရှိသည်။

နေ၊ လ ကြွတ်သည်ကို ငပုပ်ဖမ်းသည်ဆိုသည့်စကားသည် "ဟောင်းသာ ဟောင်း၍ မကောင်းသောစကား"သို့ ရောက်လေသည်။

မင်းအဆက်ဆက်ထွက်တော်မူသည့် စာတမ်းများတွင် စစ်အင်္ဂါလေးပါး ခင်းကျင်းသည်ဟုဆိုသည်။ စာတမ်းများတွင်ဆိုသော်လည်း ရထားမပါ။ ဆင်၊ မြင်း၊ ခြေသည် သုံးပါးသာ ခင်းကြောင်းကို မျက်မြင် မင်းအဆက်ဆက် မိသသူ အများပင်ရှိသည်။ အမရပုရ ရွှေပြည်ရွှေနန်းကို တည်ထောင်စိုးအုပ် စံပယ်တော်မူ၍ အမင်းမင်းတို့၏ အရှင်ဖြစ်တော်မူသော ဘုရားရွှေလက်ထက် တော်တွင်မှ စတုရင်္ဂစစ်အင်္ဂါလေးပါး ကျမ်းဂန်ရှိသည့်အတိုင်း ရထားအင်္ဂါပါ ပြည့်စုံလေသည်ကိုထောက်၍ ရာဇပလ္လင်တစ်ခြမ်းသာရှိသည်မှာ ကာလ ရှည်လျားစွာ မကြံမစည် အမှတ်မဲ့ ဆရာစဉ်လုပ်လေသောကြောင့် လုပ်သင့်ရာ လုပ်ဆောင်ခြင်းသာဖြစ်သည်။ ရာဇပလ္လင်အလုံးတွင် မာရာဇင် တိုက်၍ ဥကင်မှခ်ဦးသို့တစ်ဝက်၊ အတွင်းသို့တစ်ဝက် လုပ်ဟန်ရှိသည်။ ရှေ့ တစ်ဝက်မှာလည်း မင်းညီမင်းသား၊ စော်ဘွားထီးဆောင်း၊ မှူးပေါင်းမတ်ရာ ကန်တော့ပူဇော် ဖူးမြော်မြင်ရာဖြစ်သည်။ နောက်တစ်ဝက်မှာလည်း အရှင်

မိဖုရားသုံးခြားသုံးသွယ်မှစ၍ ကတော်မယားတို့ ကန်တော့ပူဇော် ဖူးမြော်မြင်ရာဖြစ်သည်။ ပလ္လင်အလုံးလည်း ဖြစ်လေတော့သည်။ မာရဘင်ကန့်၍ လုပ်ဆောင်လေသည်။ သို့ရာတွင် အောက်ကဆိုခဲ့သည့်စကား၌ ရှေးအစဉ်လည်း မပျက်၊ အစိုးရသော အရှင် ရွှေနလုံးတော် နှစ်သက်တော်မူရာ ထုံးဖြစ်စေသင့်သည် ဆိုရင်းစကားအတိုင်းသာ မူလဖြစ်သည်။

ကေရာဇ်မင်းမြတ် စံပယ်တော်မူရာ ရာဇပလ္လင်ထိပ်ပြင်ဖြစ်၍ ရာဇပလ္လင် ဒိဗ္ဗမဂ်လာကြီးပင် ဖြစ်သည်။

**မာရဘင်**။ မာရဘင်ခေါ်ဝေါ်ခြင်းအကြောင်းလည်း "မာရဘဂ်"ဆိုလိုသည်။ မာရဘဂ်ဆိုကြောင်းလည်း မာရ်ကိုချိုးဖဲ့ဖျက်ဆီးသည်ဆိုသည်။ မာရ်ကို ချိုးဖဲ့ဖျက်ဆီးသည်ဆိုကြောင်းလည်း မာရဘင် အဆီးအကန့်မသန့်လျှင် မြင်သာသိလွယ်သာသည်။ မာရဘင် အဆီးအကန့်သန့်လျှင် ရန်မာန်စသည် မလွယ်မကူ ခဲခက်ခြင်းသို့ရောက်လေသောကြောင့် ကြံအပ်သော ဒုစိန္တိတ၊ ဒုကြိယ ရန်မာန်တို့ကို ချိုးဖဲ့ဖျက်ဆီးသည်မည်လေသည်။ မာနမဟုတ်။ မာရဖြစ်၍ မာရ်နတ်ကိုချိုးဖဲ့သည် စကားရောက်သည်မှာ ထိုအဆီးအကန့်သည် ဘုရားသခင်ရပ်တုတော်၊ ဆင်းတုတော်မှီရာ မာရ်နတ်ကို အောင်မြင်ခြင်း၊ ချိုးဖဲ့ခြင်းအရေးအသားတို့ကို ထိုအဆီးအကန့်တို့၌ ရေးသားလေသောကြောင့် 'မာရဘင်'ခေါ်ဝေါ်သမုတ်လေသည်။ ဤကိုအစွဲပြု၍လည်း ဆီးကန့်သမျှကို မာရဘင် ခေါ်ဝေါ်သမုတ်သည် ယူရန်ရှိသည်။

♥ ♥ ♥

## ကျမ်းနိဂုံး

ယူဇနာတစ်သောင်းရှိသော တာဝတိံသာနတ်ပြည်ကဲ့သို့ မန္တလေးရွှေတောင်အမည်ရှိသော ဘူမိနက်သန်မြေထက် သုဒဿနမြို့ကဲ့သို့ 'အမရပုရ' အမည်ရှိသော မြို့တော်သည်လည်းကောင်း။

စိတ္တကုဋ်အစရှိသော တံခါးကဲ့သို့ '*လေးကျွန်း၊ ဦးနှိမ်၊ သိမ်းဆည်း၊ ကျွန်းလုံးဝင်၊ ကုန်းမော်၊ နန္ဒမူ၊ အာဠဝီ၊ စည်ရှင်၊ ရန်နှင်၊ ရန်မျိုးအောင်၊ လေးသိန်း၊ မှခ်ဦး' မော်ကွန်းကမ္ပည်းတပ်သော လေးရပ်သုံးမည် လှည့်လည်

သော ၁၂-တံခါးတို့သည်လည်းကောင်း။

'တံခါးပြ၊ မြို့ထောင့်ပြ၊ မြို့တန်ဆောင်း' အစရှိသည်တို့ဖြင့် သာယာ ဆန်းကြယ် ကြီး၊ ငယ်၊ နိမ့်၊ မြင့် တင့်တယ်လျောက်ပတ်စွာ တန်ဆာဆင် အပ်သော ပြလက်ရန်းတည်းဟူသော 'နရန်း'တို့သည်လည်းကောင်း။

နရန်းအထက် ခိုင်ခံ့စွာ ခင်းထားလျက် လက်ရန်းတပ်သော 'ပစ္စင်'တို့ သည်လည်းကောင်း။

နရန်းရှေ့လွတ်ထားသော 'ရင်လျှောက်'တို့သည်လည်းကောင်း။

တံခါးတိုင်၌ ဖြောင့်မတ်စွာလျှောက်သန်းသော 'ရှောင်ဆွဲ'တို့သည်လည်း ကောင်း။

တံခါးတိုင်၌ ဇီလာသန်း၍ လျောက်ပတ်စွာသော 'နဖား'တို့သည် လည်းကောင်း။

ထိုရှောင်ဆွဲနဖားတို့၌ ဖုံးဖိအပ်သော 'နဝရတ်'တို့သည်လည်းကောင်း။

တံခါးပြင်၌ သုံးဆင့်လျှိုသော 'ရင်တား'တို့သည်လည်းကောင်း။

တံခါးအတွင်း၌ သုံးတန့်လျှိုသော 'ရက်ဖောက်'တို့သည်လည်းကောင်း။

တံခါးရွက်နှစ်ဖက်၌ သံကွင်းတပ်သော 'ကျည်းလျှို'သည်လည်းကောင်း။

'မင်းတုပ်'တို့သည်လည်းကောင်း။

တံခါးအတွင်း၌ စိုက်ရန်လိုခါရအောင် စုပုံထားသော 'တုရိုဏ်တိုင်'တို့ သည်လည်းကောင်း။

အဝင်လက်ယာ၊ အထွက်လက်ဝဲဘက်က သွားလာခြင်း၌ မလွယ်မကူ လှည့်လည်သွားလာရသော 'မလွယ်ပေါက်'တို့သည်လည်းကောင်း။

တံခါးပြင်ကျုံးနဖူး၌ အုတ်ဖြင့်စီအပ်သော 'ရွက်ကာ' တို့သည် လည်းကောင်း။

ချိုင့်ဝှမ်းနက်ကျယ်စွာ နိမ်မြင့်နှစ်ဆင့် ခတ်အပ်သော ပတ်လည်'ကျုံး'တို့ သည်လည်းကောင်း။

မြို့ထိပ်အပြင်၌ သူရဲသူခက်တို့ သွားလာရာဖြစ်သော 'သူရဲပြေး'တို့သည် လည်းကောင်း။

သူရဲသူခက်တို့ မှီခိုရာဖြစ်သော 'သူရဲခို'တို့သည်လည်းကောင်း။

သူရဲခို ၁၀-လုံးအကြား၊ အလုံး ၂၀-အကြားတို့၌ မီးထည့်ရန် ပေါင်းကူး

၍လုပ်သော 'ပေါင်းဖျဉ်း'တို့သည်လည်းကောင်း။

သူရဲခိုတို့၌ တူရူဖောက်သော 'ပြောင်းပေါက်'တို့သည်လည်းကောင်း။

သူရဲခိုတို့၌ ဗီလာဖောက်သော 'ကာဆွဲပေါက်'တို့သည်လည်းကောင်း။

သူရဲခိုအကြားတို့၌ ကာရံထားအပ်သော 'သူရဲကာ'တို့သည်လည်းကောင်း။

ရွှေမြို့တော်အလယ်၌ လေးမျက်နှာ ကာရံအပ်သော ကျွန်းလုံးအောင့်မြေ အမည်ရှိသော 'နန်းမြို့တော်'သည်လည်းကောင်း။

ဝေဇယန္တာပြာသာဒ်နန်းကဲ့သို့ အောင်နန်းစံရာအမည်ရှိသော အဆောင် ဆောင်သော ရွှေသားမုန်ခြယ်'နန်းတော်'သည်လည်းကောင်း။

* နောက်ဆက်တွဲတွင် အမရပုရမြို့တော်စနစ်ပုံကို ဖော်ပြထားသည်။

နတ်ပြည်နစ်ထပ်ကို အုပ်ချုပ်လျက် သုံးကျိပ်နစ်ပါးသော သိကြားတို့ကို အစိုးရသော ဒေဝိန္ဒရာဇာအမည်ရှိသော သိကြားမင်းကဲ့သို့ အပြည်ပြည်ထောင် မင်းတို့၏ အထွတ်ဖြစ်တော်မူ၍ အမင်းမင်းတို့ မဆက်ဆံနိုင်သော မုဒ္ဓါ ဘိသေကကိုခံတော်မူသဖြင့် 'သီရိပဝရတိလောကပဏ္ဍိတ မဟာဓမ္မရာဇာ' တံဆိပ်နာမံတော်ရှိတော်မူသော ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အရှင် ဘဝရှင်မင်းတရားကြီးသည် ဝေဇယန္တာနန်းထက် သုဇာတာ၊ သုနန္ဒာ၊ သုဓမ္မာ၊ သုစိတ္တာ၊ အနန္တရဒေဝီ အစရှိသော နတ်မိဖုရားတို့ဖြင့် ခြံရံသကဲ့သို့ တောင်နန်းညာတင် အရှင်မိဖုရားခေါင်ကြီး၊ နန်းတော်အဆောင်တော်ဟူ၍ သမုတ်အပ်သော အရှင်မိဖုရားကြီး၊ ဒေဝီဘွဲ့နာမံရှိသော အရှင်မိဖုရားလတ်၊ မဟေသီဘွဲ့နာမံရှိသော အရှင်မိဖုရားငယ်၊ ဝတီဘွဲ့နာမံရှိသော ကိုယ်လုပ် တော်ကြီး၊ 'သီရိ'ဘွဲ့နာမည်ရှိသော ကိုယ်လုပ်တော်လတ်၊ 'မင်း'တပ်၍ခေါ်ဝေါ် အပ်သော နစ်လုံးသောအက္ခရာ၊ သုံးလုံးသောအက္ခရာ ဘွဲ့နာမရှိသော ကိုယ်လုပ်တော်ငယ်၊ သုံးသွယ်သုံးခြားတို့ဖြင့် ခြံရံစံပယ်တော်မူလျက် မင်းတို့ ကျင့်ရာသော လောကီ၊ လောကုတ္တရာတရားတို့ကို ကျင့်ဆောင်တော်မူ၍ သက်တော်ရာကျော် ရှည်တော်မူသဖြင့် သာသနာတော်စီးပွား၊ ကိုယ်တော်မြတ် စီးပွား၊ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့်စီးပွား၊ တိုင်းသား ပြည်သူ လူသတ္တဝါတို့၏စီးပွားကို နေ့ညမပြတ် ရှုက်ဆောင်တော်မူ၍ သတ္တ ရတနာတို့သည် လနစ် မကြာ ဆောစွာရောက်မည်။ ကောင်းကျိုးမင်္ဂလာ စဝေးရာဖြစ်သော ဘုရားရွှေလက်ထက်တော်၌ ပြည့်စုံထင်ရှားသည်များကို

ဆိုရာဆိုကြောင်း၊ မှတ်ရာမှတ်ကြောင်းဖြစ်သော ရွှေဘုံနိဒါန်းစာစောင်သည် ကမ္ဘာပတ်လုံးတည်သော ကပ္ပဋ္ဌိတိလေးပါးကဲ့သို့ သုဝဏ္ဏဝိမာနနိဒါန တံဆိပ်ခတ်သဖြင့် သီရိလင်္က မာဃကာယေ သာသနာတော် ၂၃၂၇-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၁၄၅-ခုနှစ် ရောက်သောကာလ၌ -

"ဝနပ္ပဂုမ္ဗေ ယထာ ဖုသိတဂ္ဂေ။

ဂိမှာနမာသေ ပဌမသ္မိံ ဂိမှေ"။ ။

ပါဠိတော်ရှိသည်နှင့်အညီ တောအုပ်သစ်ပင်တို့သည် အရင်းမှ အဖျားသို့ အရသာတက်သော ဂိမှာန်အစ ပထမဖြစ်သော တပေါင်းလဆန်း ၂-ရက် စနေနေ့ နေတက်နံနက် တစ်ချက်တီးအခါ၌ ရွှေဘုန်းတော်ကို ခိုလှုံ၍ မပင်မပန်း ရေးသားပြီးပြည့်စုံ၏။

♥ ♥ ♥

## နိဂုံးရတု

လက်ာသုံးမည်၊ သိနားလည်လျက်၊ မွေးကြည်မဥ္စူ၊ နှုတ်လိုင်ကြူဖြင့်၊ ဇမ္ဗူနဒ၊ ဟိရညနှင့်၊ ပောမအာနီ၊ စာမီကရ၊ အညမတ္တိ၊ နာလာရိက၊ နာလိမုတ္တာ၊ ရတနာရွှေသား၊ အပါးပါးကို၊ စုထားနီးရော၊ စပ်နှောကြည်လင်၊ ခြားမထင်သို့၊ ဗေဒင်ကျမ်းဂန်၊ ထုံးမှန်တန္တူ၊ ဝတ္ထုပုံပြင်၊ ရာဇဝင်ပေါင်း၊ စကား ပောင်းတည့်၊ အကြောင်းသင့်ရာ၊ ရွေးချယ်ရှာ၍၊ မုတ္တာသီရုံး၊ ပုလဲကုံးနှင့်၊ ဘုံလုံးရောင်ဝုန်၊ လဗိမာန်ဝယ်၊ သဏ္ဍာန်ကွေးကွေး၊ စက်အရေးသည်၊ ရှည်ဝေးများစွာ၊ ကမ္ဘာခိုင်ကျည်၊ ကပ်လုံးတည်သို့၊ အမည်ဖော်ထုတ်၊ သမုတ်နာမံ၊ ထုံးစံဖြစ်စေ၊ ရေးထားပေအံ့၊ သံခြေနှုတ်ယဉ်၊ ပဋိညာဉ်ဖြင့်၊ စီလျဉ်ချီနွဲ့၊ ဆိုခဲ့သည့်တိုင်း၊ အလိုင်းပြောကျယ်၊ မြစ်ပင်လယ်သည်၊ အံ့ဖွယ်ရစ်ပါး၊ ရှိသောလားတည့်၊ မှတ်သားလိုခါ၊ သုံးရာစေ့စုံ၊ မင်းရေးကုံသား၊ ရွှေဘုံနိဒါန်း၊ မော်ကွန်း စိုက်ထောင်၊ သည်စာစောင်မူ၊ အခေါင်စိုးအုပ်၊ ကျွန်းလုံးချုပ်သည်၊ ကျွန်ုပ်ထိပ်ပန်၊ ဗောဓိရန်လျှင်၊ ဖလ်မှန်ခြယ်သန်း၊ ဆောင်ဆောင်နန်းထက်၊ ဆယ်ပန်းပွင့်ပွင့်၊ လေးဆင့်သင်္ဂဟ၊ သတ္တအပရိဟာ၊ ဆောင်ရွက်ကာနှင့်၊ ခန္ဓာသက်တော်၊ ရာမြတ်ကျော်အောင်၊ ထွန်းပေါ်နေလ၊ နှစ်စုံပသို့၊ တေဇတက်တိုး၊ တန်ခိုးတက်ဖြာ၊ အာဏာတက်ဖြုန်း၊ ရွှေဘုန်းတက်လန်း၊ အဆန်းဆန်းတည့်၊ တောင်ကျွန်းအစ၊ သုံးဒီပနှင့်၊ ဒေဝနတ်ရပ်၊ နှစ်ထပ်ပိုင်စိုး၊ မိုးမည်သီလ၊ မြတ်ပုညကြောင့်၊ သတ္တ ရတနာ၊ ရက်မကြာလျှင်၊ ရောက်လာ

တော့မည်၊ ညွှန့်ရှည် ကောင်းဟိတ်၊ နိမိတ် ဩဘာ၊ မင်္ဂလာဖြင့်၊ သမ္မာ နတ်တော်၊ ပင့်နှိုးဆော်၍၊ ထင်ပေါ်ရွှန်းရွှန်း၊ ဘုန်းကြောင့် ထွန်းသည်၊ ရွှေနန်း ရွှေဘုံလက်သုံးတည်း။

ရွှေဘုံနိဒါန်း ဤတွင် ပြီး၏။

♥ ♥ ♥

# နောက်ဆက်တွဲ

## မြဝတီမင်းကြီးဦးစရေး မင်းခမ်းတော်ဘွဲ့များ

### ပလ္လင်တော်ရှစ်ရပ်ဘွဲ့

၁။ ဥကင်ဘုံမြင့်၊ သီဟာခွေ့၊ စိန့်ကြောင်ရောင်လင်း၊ သစ်မင်းတည့် ယမနေ၊ မှန်ရဝေငယ်မှာ ကြိုင်သင်းပျံ့မွှေး၊ ဘမရာသန တောက်ပဝင် သဝဏ်ငယ်မှာ၊ မုံနောတင့်လွှန်၊ သစ်မွှန်ကရဝေးငယ်နှင့်လေး။ ။ ဆက်စဥ် မည်ရေး ဖြဲတိုက်မှာ၊ ဂဇာငွေသား စကားသစ်မြတ်စွာ၊ တောင်သေလာငယ်မှာ တောင်ပိန္နဲ၊ သင်္ခါငယ်သင်္ခါ လှည့်လက်ရာ၊ မြင့်ကြာတု လွတ်ကဲပါလို့လေး။ ။ မျက်မြွာ ပုလဲခြယ်စီကာ၊ ဇေတဝန်နန်း သကင်္န်းမြတ်ဟံသာ၊ ရွှေမိဂါငယ်လေ မြသဖန်း၊ စမုန်ကယ်ဘုံမော်၊ လက်ျာတော် ရှုမျှော်အံ့မခန်း သည်နှင့်လေး။ ။ နောက်ဝယန်နန်း၊ ဇေတဝန်ပြဒ့်ကြာရွက်၊ သရက်မြတ် သစ်မွှန်၊ မြောက် စံလွှန်ငယ်မှာ စမုန်ဦး၊ ပေါက်သစ်ကယ်လျှံဝါ၊ မယုရာ၊ ရှစ်ဖြာထိန်ဝင်း မြူးပါလို့လေး။ ။ စံပျံ့ပျူးသည်နှင့် ရှည်ကြူးငယ်သက်တော် ရာကျော် ဖြိုး မျှလေး။ ။ ဆောင်ဆောင်နန်းငယ်နှင့် လေးခန်းဒီပါ ချုပ်ကာ စိုးရလေး။ ။

### ထီးရှစ်မည်ဘွဲ့

၂။ နန်းရဝေမြင့် ဥကင်ဘုံ၊ ရှစ်ဆိုင်ဖြန့်ဝန်း လေးကျွန်းစိုးခလှူ၊ လွှတ်ကျွန်း ရောင်စုံငယ်လေ၊ ထိန်ဝင်းလို့မြူး၊ ရိပ်ဖြူကြာပွင့်၊ ကိုးဆင့်နှစ်ပြတာန်ငယ် လေစံကျွန်းဆယ်ပြန့်၊ နေဟန်ယပ်မားထူး ငယ်နှင့်လေး။ ။ မြင်သူမူးမျှ ဆက်ကာကာ၊ မနောဟာဒယသည် ပရမာသာ၊ အာပါဒါငယ်လေ ဝိဇယ၊ မဝေးစီစီ လေးစင်းညီ၊ လေးဒီပါလုံးခမည်မို့လေး။ ။ ဝဲယာတော်တမျှနည်း တူပင်၊ နှစ်ပြိုင်ရွှေသားယပ်မားစုံတသွင်၊ မြန်တိုင်းခွင်မှာလေ မည်ရေးရင်း၊

ကနက်ကယ် လှုံ့ဖြာသူရိယာ၊ မဟ္ဘာညွန့် တသင်းငယ်နှင့်လေး။ ။ ရည်တူ မယှဉ်။ စပ်ယှဉ်ကာ၊ ပဒုမာထီး အနီးဝေးမကွာ၊ သည်နောက်မှာ ငယ်လေ သမုတိ၊ လက်ဝဲတော်စံတည်၊ ထီးလေးမည်၊ မုတ်ရည်တခြား သိစေဘို့လေး။ တောက်လှုံ့ဝင်းညီး လက်ျာပုံ၊ ကမ္ဗုစန္ဒ၊ ကုမုဒ၊ ဝိသကြံ၊ ကိုးမျက်စုံငယ်လေ လျှံလင်းလို့ညီး။ ထွက်ချက်ကယ် ရောင်ခြည်၊ မှောင်မျိုးငယ်လည်၊ ရှစ်မည် ဖြူလှ ထီးငယ်နှင့်လေး။ ။ အံ့မပြီးနိုင်မို့ ကျော်ညီးငယ်နတ်လူ၊ ဆုယူတောင်း တော့သည်၊ ရွှေစက်တော် ရင်းမှာတည့် ညွတ်စင်းငယ်စုံကာ၊ ရှိကြာ ပေါင်း တော့သည်။ ။

## မင်းခမ်းတော်စုံဘွဲ့

၃။ မင်းခမ်းတော်စုံလှ မြွက်ပြန်မှာ၊ မြလှုံ့ရောင်ညီး ဆက်နီးသင့်ရာရာ၊ ကွမ်းနဝါငယ်လေ၊ ညာရိုးညွတ်လန်း။ ခြယ်လှယ်မှန်စွ၊ လက်လုပြင် ကာကာ ငယ်လေ၊ ပန်းတောင်းတော်မှာ၊ ရတနာဦးသစ် ပန်းငယ်နှင့်လေး။ ။ ကြယ် ကြယ်ညောင်ခြူး ယုက်သန်းပတ်ရစ်ရံ၊ သန္တာပုလဲ ယုက်တွဲနှိုင်းလွတ်စံ၊ ရှစ်ထောင့်ရောင်ပြန်ငယ်လေ၊ ကွမ်းခွက်ကြူး၊ ကွမ်းအိုးတော်တင်တင် မြချက် ရှင်၊ လျှပ်သွင် ကြွတ်ခွက် ထူးသည်နှင့်လေး။ ကြယ်စိုင်ရှူးငယ်သို့ ကွမ်းညှပ် ဝယ်၊ သီဂီစံထား ဖလားတော်စုံခြယ်၊ ထိန်ညီးညီး လျှပ်နွယ်လေလက်တင် ကြား၊ သုံးမြွာရောင်ချိပ်၊ ကွမ်းလိပ်အစုံမှာ၊ ဟင်္သာမောရာ၊ ကံသာကရဝိက် နားပါလို့လေး။ ။ သွားကျည်တော် ပဒမြားစာမရီ၊ သမင်ဥသဘာ၊ တကွ နွှားယှဉ်မှီ၊ နာရနီငယ်လေ ရွှေကွမ်းညှပ်၊ မကရ်းငယ်ပြီစွာ၊ လုရာမှာ၊ မြင်ကာလွန်တိမ်းမပ်သည်နှင့်လေး။ ။ မျက်မှန်ရောင်လျှပ် သွားကျည်မှာ၊ သွားတို့သွားခြစ်၊ ထားလစ်တင့်တယ်စွာ၊ ဖယောင်းငယ် သိင်္ဂါလေ၊ ရွှေကြုတ် ပြည့်၊ ဟင်္သာရောင်မောင်း၊ ဥဒေါင်းကရဝိက် မွန်ငယ်မှာ၊ ရှားစေးလဲ့ဝုန်၊ မွှေးလွန်နံ့သာ ထည့်ပါလို့လေး။ ။ စာမရီဝင်းမှည့်မှည့် ရွှေသမင်၊ ဆားခဲ တစ်စေ့ တင်လေ၊ မြမှန်ပင်၊ ရွှေသားရည်ရွှင်လေ ဥသဘာ၊ ကွမ်းသီးငယ် ချပ်လွှာ သင်းပျံ့ပျံ့ခါ၊ ခံ့သာပြင်းထုံ ပြင်းထုံကြသည်နှင့်လေး။ ။ ဥကင် တော်သမာတဲ့၊ များလှငယ်ဆိုင်ဆိုင် ကြယ်ပြိုင်မြူးသို့လေး။ ။ မြောက် စည်တော် ရင့်ကျွေး၊ သံသာလေညွှန့်ဆိုင်၊ ရောင်ပြိုင်သာ ကြူးလို့လေး။ ။

## လက်ယာမင်းခမ်းတော်ဘွဲ့

၄။ လက်ယာတော်မင်းခမ်း မြစဦစီ၊ ရတနာ ပန်းတောင်း၊ လျှံမောင်း နာရနီ၊ စံသီဂီငယ်လေ ရောင်ညီးညီးလက်၊ ရှစ်ထောင့်ငယ်ခြယ်ရံ၊ နဂါးစံ၊ မျက်ပျံ့ရွှေကွမ်းခွက် ကယ်နှင့်လေး။ ။ နှစ်ပင်ညွှန့်ခက် စလင်းကြာ၊ ကွမ်းလောင်းကွမ်းညှပ် ထိန်လျှပ်ကွမ်းတောင်သာ၊ နန်းစွန်းငယ်သိင်္ဂါလေ အုပ်ဘန်းသစ်၊ မကရ်းငယ်ရုပ်ပေါ်ကရားတော်၊ စံလျော်ရွှေအိုးပျစ်ကယ်နှင့် လေး။ ။ ဆယ်ပြန်ငယ်ဦးသစ်သောက်ရေတင်၊ ပြတို့တကောင်းတင့်ကြောင်း ဆက်ကာပင်၊ ကိုးမျက်ရည်ငယ်ရည်ရွှင်လေ ရွှေဖလား၊ နှစ်လုံးငယ်မြူတာ ထိန်ဝင်းငယ်ဖြာ၊ အံ့ရာအခြားခြားငယ်နှင့်လေး။ ။ ခိုးမောင်ငယ်ရှားပါလို့၊ ကြွားကြွားငယ်ရောင်ဆိုင်၊ ကြယ်ပြိုင်မြူးသို့လေး။ ။ ရာပြည်မင်းငယ်တို့၊ ခွန်သွင်းဆက်ကာ ရှိကြာထူးလို့လေး။ ။

## လက်ဝဲမင်းခမ်းတော်ဘွဲ့

၅။ လက်ဝဲတော်က၊ အံ့ရာပုံ၊ သိင်္ဂီရောင်လျှမ်း၊ မင်းခမ်းမျက်မြှာစုံ၊ နေဖလပ်ပုံငယ်လေ ထင်တွေးကြမှား၊ မြူးညွှန့်ငယ် လျှပ်နွယ်၊ ဝင်းဝင်းကယ်၊ ရှုဖွယ်လက်တင်ကြားငယ်နှင့်လေး။ ။ စီခြယ်ပဒုမြား ခြသေ့စံ၊ ကွမ်းခွက် ရောင်မောင်း၊ ကွမ်းလောင်းမြမျက်ပျံ၊ ဝင်းလျှံငယ်လေ သလွတ်ကြူး၊ မြူးခိုး ငယ်မမောင်၊ သလင်းမြောင်၊ မင်းဆောင်သစ်တိုင်ထူး ငယ်နှင့်လေး။ ။ ကြက်လျှာတော် ထိန်မြူးရတနာ၊ ခြေနင်းရောင်လျှပ်၊ ဘိနပ်သားမြီးသာ၊ သံလျက်ကယ်သိင်္ဂါမှာ ရန်မျိုးလင်း၊ တောင်ဝေးဒလ္လာ၊ ကရားခြသေ့ခံငယ် မှာ၊ အိုမင်းမင်းစံ၊ အလျှံငယ် ထိန်ညီးဝင်းသည်နှင့်လေး။ ။ မေးထောက် ငယ်တစ်ဆင်း၊ တုကင်းငယ် ကျီးခြေ တက်နေလို မြူးတော့သည်၊ မျက်ပျံ ငယ်တင့်ဆုံး၊ နှစ်လုံးငယ်မြူတာ၊ ခက်ဖြာဖူးတော့သည်။ ။

## အလံခုနစ်စဉ်မင်းခမ်းတော်ဘွဲ့

၆။ မြတ်ပလ္လင်ရှေ့ ရန်မာရ်ခြွေ၊ တမ်းခွန်လျှံလင်း၊ ရုပ်ဆင်းခုနစ်ထွေ၊ ရောင်ရွှေငယ်လေ ထိန်ညီးလို့လင်း၊ ဟနမာန၊ မက္ကင္ဂရာဇာငယ်လေ၊ ဖြူလွ

ကြက်လျှာ၊ မဟာဂဠုန် မင်းငယ်နှင့်လေး။ ။ အခါငယ်မြူး ဝင်းတမ်းခွန်မှာ၊ စွယ်ချွန်ပြူးပြူး ဘီလူးရဲတေဇာ၊ မည်းမည်းငယ်ညိုလွှာ၊ မောရာငယ် ဥဒေါင်း၊ သီဟာငယ်စိမ်းမြ ဂဇမောင်း နီတျာငယ်လေး။ ။ ဖျော့တော့ရောင်ဝါ နာဂါ ရေနတ်ကောင်းငယ်နှင့်လေး။ ။ အသောင်းသောင်းငယ်နှင့်၊ ရန်ညောင်း ငယ်မပြူ ရှင်လူငြိမ်းတော့သည်၊ ဒီပါငယ်ရံဝန်း၊ ကျွန်းကျွန်းငယ်ပိုင်ယူ ဇမ္ဗူ သိမ်းတော့သည်။ ။

♥ ♥ ♥

## လက်ဝဲ-လက်ယာမင်းခမ်းတော်

(ရွှေဘုံနိဒါန်းပါလင်္ကာနှစ်မျိုးအရနှင့် မြဝတီမင်းကြီးဦးစ၏ မင်းခမ်းတော်ဘွဲ့များအရ မှတ်သားပုံအမျိုးမျိုးကို နှိုင်းယှဉ်ဖော်ပြထားသည်။)

| ရွှေဘုံနိဒါန်း လင်္ကာများအရ | | မြဝတီ မင်းခမ်းတော်ဘွဲ့အရ |
|---|---|---|
| | လက်ယာမင်းခမ်းတော် (၁၃) | |
| ၁။ သန်လျက် | သန်လျက် | ရတနာပန်းတောင်း |
| ၂။ သားမြီးယပ် | သားမြီးယပ် | ကွမ်းခွက် (ရှစ်ထောင့်) |
| ၃။ ရတနာပန်းတောင်း | ရတနာပန်းတောင်း | စလင်းကြာ၊(နှစ်) |
| ၄။ ကွမ်းခွက်(ရှစ်မြှောင့်) | ကွမ်းခွက်(ရှစ်မြှောင့် နှင့်ခြသေ့်ခံ) | ကွမ်းလောင်း |
| ၅။ ကွမ်းခွက်(ခြသေ့်ခံ) | စလင့်ကြာ | ကွမ်းချပ် |
| ၆။ စလင့်ကြာ | ကွမ်းထည့် | ကွမ်းတောင် |
| ၇။ ကွမ်းထည့် | ကွမ်းချပ် | မကာရ်းကရား |
| ၈။ ကွမ်းချပ် | ကျပ်လျား | ရွှေအိုးပျစ် |
| ၉။ ကျပ် | ကရား(ခြသေ့်ခံ) | သောက်ရေတင် |
| ၁၀။ ကရား | တကောင်း | ပြတို့(ထွေးအင်) |

| | | |
|---|---|---|
| ၁၁။ တကောင်း | မြူတာ | တကောင်း |
| ၁၂။ မြူတာ } ပေါင်းနှစ် | ထီးဖြူ(လေး) | ဖလား |
| ၁၃။ မြူတာ | ယပ်မား(လေး) | မြူတာ(နှစ်) |

လက်ဝဲမင်းခမ်းတော် (၁၃)

| | | |
|---|---|---|
| ၁။ ဖိနပ် | ဖိနပ် | လက်တင်ကြား |
| ၂။ တောင်ဝေး | တောင်ဝေး | ကွမ်းခွက်(ခြသေ့်ခံ) |
| ၃။ လှံ | လက်တင်ကြား | ကွမ်းလောင်း |
| ၄။ လွှား | ကွမ်းခွက်(နဂါးခံ) | သလင်းမြောင် |
| ၅။ လက်တင်ကြား | ကွမ်းလောင်းကြီး | သစ်တိုင် |
| ၆။ ကွမ်းခွက်(နဂါးခံ) | ကွမ်းလောင်းငယ် | ကြက်လျှာ |
| ၇။ ကွမ်းလောင်းကြီး | ဖလား | ခြေနင်းဖိနပ် |
| ၈။ ဖလား | ကရား | သားမြီးယပ် |
| ၉။ ကရား | သလင်းမြောင် | သန်လျက် |
| ၁၀။ သလင်းမြောင် | သစ်တိုင် | တောင်ဝေး |
| ၁၁။ သစ်တိုင် | မြူတာ | ကရား(ခြသေ့်ခံ) |
| ၁၂။ မြူတာ } ပေါင်းနှစ် | ထီးဖြူ(လေး) | မေးထောက် |
| ၁၃။ မြူတာ | ယပ်မား(လေး) | ကျီးခြေ |

ဤစာရင်းတွင် မြဝတီမင်းခမ်းတော်ဘွဲ့၌ ပြတို့၊ အိုးပျစ်၊ မေးထောက်၊ ကျီးခြေစသည်တို့ တိုးချဲ့ပါဝင်လာ၍ ခြသေ့်ခံကွမ်းခွက်နှင့် နဂါးခံကွမ်းခွက်တို့မှာ မြဝတီမင်းခမ်းတော်ဘွဲ့နှင့် ရွှေဘုံနိဒါန်းမှတ်စုတို့ လက်ဝဲ၊ လက်ယာမင်းခမ်းချင်း ကွဲလွဲနေလေသည်။ ထိုနည်းအတူပင် သားမြီးယပ်၊ ဖလားစသည်တို့လည်း လက်ဝဲ-လက်ယာ မင်းခမ်းချင်း ကွဲလွဲနေလေသည်။ အမရပုရ၊ အင်းဝ၊ မန္တလေး ထီးနန်းအရပ်ရပ်တွင် ဆွဲဆောင်ပုံချင်း ကွဲလွဲအံ့ထင်၏။ ဇေယျသင်္ခယာသည် အမရပုရနန်းတော်ကို အခြေခံပြု၍ မြဝတီဦးစကားအင်းဝနန်းတော်ကို အခြေခံပြုဟန်တူပေသည်။ ကုသပျို့ကောက်နုတ်ချက်ကိုလည်း ရှုပါ။

♥ ♥ ♥

## မင်းခမ်းတော်ဘွဲ့များ

(မင်းခမ်းတော်များနှင့်စပ်လျဉ်း၍ ပြည့်စုံစွာ လေ့လာနိုင်စေရန် မှန်နန်းရာဇဝင်တော်ပြု ပုဂ္ဂိုလ်တစ်ဦးအပါအဝင်ဖြစ်သော မုံရွေးဆရာတော်၏ ကာသပျို့ ၁၀-မှ ၁၄-အထိနှင့် ၂၅ မှ ၂၈-အထိ အပိုဒ်အချို့ကို ကောက်နုတ်ဖော်ပြလိုက်ပေသည်။)

### အတွင်းမြို့တော်

၁၀။ ။ မင်းမိဖုရား၊ နှစ်ပါးစသည်၊ ပြည်၏ကိရိယာ၊ မြို့တန်းဆာကို၊ ဝိတ္ထာမချဲ့ သခင်ဖွဲ့အုံ၊ သံကဲ့ဇာတိ၊ တရိုတ္ထုပြီ၊ ကျောက်အုဋ်စီသည်၊ ပူရိမှိုင်းမှိုင်၊ ထိုသည့်မြို့ကား၊ ရေမြို့နောက်ချင်း၊ တောင်မြောက် ထွင်းသော်၊ သောက်လင်းသွားမြောက်၊ မွန်းတည့်ရောက်လိမ့်၊ စောက်ဥဗ္ဗေဓ၊ တောင်ထုမျှနှင့်၊ တူစွအနံ၊ ကျောက်စီမံ၍၊ အခွံအနှစ်၊ ဥသျှစ်တင်လဲ၊ ကျွဲ၏စမ္မာ၊ အုံတုံပါကို၊ ဒွယာယာမ၊ ပဥ္စအဌေ၊ တက်ရိုးနေဖြင့်၊ အင်္ဂတေတွတ်တွတ်၊ ပိတ်ဖြူဆွတ်သို့၊ ရပ်မြတ်ကြာခြူး၊ ပန်းစုံထူးလျက်၊ ရှုမူးစဖွယ်၊ ဆေးစုံခြယ်၍၊ ကြီးငယ်နှစ်တန်၊ မြို့တည်ဟန်လည်း၊ ကျမ်းဂန်ယုဉ်ယှဉ်၊ စဉ်ပဝေဏီ၊ ရေးထုံးညီစွ၊ ရာသီရပ်ကွက်၊ တံခါးရွက်နှင့်၊ ဝင်ထွက်သွားလာ၊ မင်းလမ်းမှာလည်း၊ ပါပါသူ့ရဋ္ဌ၊ မိတ္တကောလီ၊ နောက်မှီရှေ့မြောက်၊ တောင်ရပ်ဆောက်၍၊ ဓာတ်လျှောက်ခွဲဝေ၊ ဖိုမနေအောင်၊ စရေဝါတာ၊ ဣန္ဒြာတေဇ၊ ဝံသအာပေါ၊ မေယောပထဝီ၊ လေးလီမျက်နှာ၊ ဓာတ်လေးဖြာနှင့်၊ ယထာရဟာ၊ မည်ရည်ပြ၏၊ မိတ်ရမှတ်ထင်၊ နံသင့်ဆင်လျက်၊ အောင်မင်္ဂလာ၊ သူဇာနတ်ရှင်၊ ယှူငင်တွဲယှက်၊ ဖက်လက်ခြားနား၊ မြို့ငယ်ထား၍၊ သွားလာ လှယ်ဖယ်၊ မြို့ကြီးဝယ်လည်း၊ ဇင်းမယ်၊ အာသန်၊ မြန်၊ မွန်၊ ဂျွမ်း၊ ချွန်း၊ ယွန်း၊ ယိုးဒယား၊ စန္ဒား၊ ခုံ၊ သက်၊ တရက်စသည်၊ ရာ့တတည်ကို၊ မျိုးမည်လုပ်နက်၊ မော်ကွန်းကွက်လျက်၊ စက်ယန္တရား၊ မြို့တံခါး၏၊ အကြားနှစ်စပ်၊ နှစ်ပြချပ်လျက်၊ နှစ်ရပ်မစောင်း၊ ပြတန်ဆောင်းလည်း၊ မောင်းမောင်းရွှေမှည့်၊ အပြည့်ထိန်ညီး၊ ဆည်းလည်းထီးနှင့်၊ ဆီမီးတူစွ၊ တန်ဆောင်းပြဝယ်၊ ရေးကာ ၎င်းတမ်း၊ လက်ရမ်းနံရံ၊ တက်လှုံပစ္စင်၊ ရှေ့ပြင်ရပ်လျှောက်၊ အုံ့ဆိုလောက်စွ၊ အမြောက်ထားတင်၊ အမြောက်စင်လည်း၊ စုံပြင်ခီ့မြှောက်၊ စဉ်ကာဆောက်၏၊ မဖောက်မယိုင်၊ တံခါးတိုင်လည်း

ဖြောင့်နိုင်တန်းတန်း၊ လျှောက်သန်းရှောင်ဆွဲ၊ စွဲတုံဗီလာ၊ နံပါးပါလျက်၊ လုပ်ရာခြားနား၊ ရှောင်နံပါး၌၊ ဗီတားနားတပ်၊ ကတ်သက်စီဆင်၊ တံခါးပြင်၌၊ လျှိုချင်သုံးဆင့်၊ ရင်တားစွင့်၍၊ အဖွင့်အချက်၊ ပိတ်ရွက်တံခါး၊ လူသုံးပါးနှင့်၊ ထားသည်ရက်ဖောက်၊ မရောက်မရက်၊ တံခါးရွက်ဝယ်၊ နှစ်ဖက်သံကွင်း၊ ကျည်းလျှိုခြင်းနှင့်၊ အတွင်းခလုတ်၊ သစ်ငုတ်တူးလျှင်း၊ ချသိုသွင်းသည်၊ မင်းတုပ်ခေါ်မြောက်၊ အစောက်နံလျား၊ ခြားနားဝေဖန်၊ ရေညွှန်အခြောက်၊ ကျုံးလျှောက်မထူး၊ ကျုံးနဖူး၌၊ စီဖြူးယုက်ကာ၊ မြို့ထိပ်မှာလည်း၊ မာန်ပါဟစ်ကြွေး၊ သူရဲပြေးနှင့်၊ အရေးရှာလို၊ သူရဲခိုတည့်၊ ထိုဆယ်လံခြား၊ နှစ်ဆယ်ကြားတွင်၊ မီးအားတည်နေ၊ မှောင်ကုန်လေသည်၊ ခေါ်ထွေဖောင်းပျည်း၊ မှတ်နည်းသိလောက်၊ တူရူဖောက်၍ ပြောင်းပေါက်တကွဲ၊ သူရဲခိုမှာ၊ ဗီလာကာဆွဲ၊ ထားမြဲလယ်မှာ၊ သူရဲကာနှင့်၊ မဟာနဂရ၊ မြို့တွင်းပ၌၊ ဂေါပုရွှဝင်၊ မာချင်ကျောက်စစ်၊ တိုင်သျှားနှစ်ကို၊ စိုက်လစ်ကာသော်၊ မြေပေါ်မြေဝင်၊ တူပင်အမျှ၊ ရှစ်မြောင့်ပြ၍၊ ထူးစွပန်းပု၊ ခြယ်မှုပန်းချီ၊ စိုက်မှီဝဲယာ၊ တောရဏာဟု၊ ကျမ်းလာပိုင်ပိုင်၊ တုရိုဏ်တိုင်လည်း၊ ခိုင်ခိုင်မှုံမှုံ၊ ထိုရွှေမြို့သည် နတ်တို့ပြည်နှင့် တုနှိုင်းတည်း။

## နန်းပြာသာဒ်

၁၁။ မြို့၏ချက်မြေ အလယ်ဘွေဝယ်၊ မင်းနေမြို့ခန်း၊ သစ်တပ်ဝန်းလျက်၊ နန်းပြာသာဒ်မောက်၊ ရွှေကွန်းပြောက်တွင်၊ အထောက်ကတံ၊ ရှစ်ချက်ရံ၍၊ တောင်သံသိုထိုး၊ ရေမှတ်ရိုးလည်း၊ ပြိုးပြိုးပြောင်ရွှန်း၊ လေးချက်ထွန်း၏၊ နောက်ယွန်းဒိသာ၊ မြောက်မျက်နှာဟု၊ ဝိမာဘုံမြင့်၊ ဘုံသုံးဆင့်တွင်၊ နတ်နှင့်တနှုန်း၊ မင်းဘုန်းရှိန်တောက်၊ သိကြားပေါက်နှင့်၊ ထွန်းတောက်ပြောင်ပြောင်၊ ပြာသာဒ်ဆောင်၏၊ လယ်ခေါင်ကနဲ့ချင်၊ မာရဘင်၌၊ အမြင်မအောင့်၊ လေးထောင့်ညီမျှ၊ ရာဇပလ္လင်၊ ဥကင်မုခ်ထွက်၊ ထက်ဒုရင်ဖျား၊ မလျှိုင်ထား၍၊ သိကြားနေတမ်း၊ ဒုရင်ဝမ်းတွင်၊ ပြိုးပြွမ်းနဝရတ်၊ စီခတ်နံ့ပြီ၊ ကိုယ်စီကပ်ရံ၊ ခြသေ့ခံမှ၊ ခုံပျံမြတ်မှာ၊ ဝဲယာရေ့နေ။ ခြေတွင်မငြီး၊ စည်းစုပ်တီး၍၊ ရန်မီးငြိမ်းရွှေ့ ဆင်ခြေသ့်ကို၊ ချမ်းမြေ့စေတတ်၊ လောကနတ်နှင့်၊ သတပတ်ကြာ၊ ပဒုမာခံပြီး၊ သားမြီးယပ်စွဲ၊ လက်ဝဲလက်ျာ၊ သက္ကရာတို့၊ ဗာတွိုသာစေ့၊

ရွှေအလျှံစီး ဒေါင်းမြီးယပ်တီ၊ သိရိနဂ်ဠ၊ ဒေဝကိန္နရာ၊ မြူးလာပျော်ပါး၊ တိုင်တံခါးက၊ ဆင်နားဇာပေါက်၊ ကျောက်သည် ဘီလူး၊ ခြူးပန်းခြူးနွယ်၊ အလယ်ကဆန်း၊ ဦးဆောက်ပန်းက၊ ဒွါဒသဖြင့်၊ ရာဇပလ္လင်၊ တန်းဆာဆင်၍၊ မျက်ရှင်နဝရတ်၊ ဥကင်မြတ်လည်း၊ နတ်၏ဗိမာန်၊ မလွန်စယောင်၊ နန်းတောင် လယ်မြောက်၊ နောက်သဘင်နှင့်၊ ရာပေါ်စွင့်၍၊ ဆောင်မြင့်ဆောင်နိမ့်၊ ငြိမ့် ရရိမ့်တည့်၊ ရွှေအိမ့်ကိရိယာ၊ မင်းတံထွာဖြင့်၊ စဥ်လာစရိုက်၊ ပလ္လင်စိုက်၍၊ ရဲတိုက်တော်တွင်၊ မာတင်သဖန်း၊ နောက်နန်းတက်ပွဲ၊ ကရဲပဒုမာ၊ နန်းပါ သာဒ၊ သီဟ ယမနေ၊ ဇေတဝန်မှာ၊ ဟသ်ာသက်န်း၊ မှန်နန်းကံ့ကော်၊ ပိတုန်း ပျော်သည်၊ ပရိတ်တော်ထင်ရှား၊ စကားသခ်ါ၊ ဒက္ခိဏာပိန္နဲ၊ သားရဲသမင်၊ မြောက်ခွင်သရက်၊ ငှက်ဥဒေါင်းရှင်၊ စမုခ်တွင်ဋ္ဌ၊ ကျမ်းဝင်သောဌသ၊ အသျှတ္တဖြင့်၊ စကုရတောင်ရောက်၊ ဆယ့်ခြောက်ကြီးထွေ၊ မဋ္ဌေရှစ်သွယ်၊ အလယ်လေးတောင်၊ လုပ်ရိုးဆောင်သည်။ ။ ယခေါင်မင်းတို့ တန်ိုင်းတည်း။

## ထီးတော် ၁၂-စင်း

၁၂။ တောင်ဆောင်မြောက်ဆောင်၊ ပြိုးပြောင်တင့်ရှန်း၊ ဗီလာသန်း၍၊ မြေနန်းနစ်ဖော်၊ ကြမ်းပြင်ပေါ်ဋ္ဌ၊ ကော်အင်္ဂတေ၊ ကျူစစ်ငွေသို့၊ ကြွေပန်းကန် ရောင်၊ ရှစ်ရပ်ပြောင်၏၊ လယ်ခေါင်ရှေ့နောက်၊ စမုခ်ဆောက်၍၊ သင့်လျောက် မြော်ရှု စနချပ်ကာ၊ ပြာသာဒ်သာဋ္ဌ၊ သီဟာသနေ၊ ချက်ဗွေစွင့်စွင့်၊ ပလ္လင့် ယာဖက်၊ ကနက္ကဒ၊ သူရိယနှင့်၊ ပဒုမ သမ္မုတိ၊ လေးစင်းရှိလျက်၊ မဏိရွှေမြ မျက်စုံပသား၊ စန္ဒကမ္ဘ၊ ဝိသုကမ္မ၊ ကုမုဒဟု၊ ဆတ္တလေးဖြာ၊ သာဘိသေက၊ နန်းမဆောင်မြဲ လက်ဝဲတော်က၊ ကျင်းပညီးညီး၊ ထီးဘိသေကာ၊ မပါအရိုး၊ မိုးသလွန်တော်၊ ခေါ်သမုဒ္ဒ၊ ထိုမှတခန်း၊ ကြငှန်းဥရှ၊ တူရှုစိုက်လည့်၊ လေးစင်း ထည့်သော်၊ ပြည့်ဒွါဒသင်၊ ထုံနှုန်းတွင်၏ ထိုပြင်တဝ၊ ကျမ်းဂန်ပြသည့်၊ နဝဒတ္တာ၊ ချပ်ရာချည်လျှင်၊ မျှင်ကိုးပင်နှင့်၊ တင်သည့်သုံးလွှန်း၊ ခြောက်လွှန်း ဖြစ်စေ၊ ကိုးလွှန်းနေလည်း၊ သင့်ပေလျော်ပိုင်၊ ခရိုင်ထီးချက်၊ ထီးလက်ကန့်လန့်၊ ကောင်းညွှန့်သေချာ၊ ထွတ်မြူတာကို၊ သိင်္ဂါရောင်ဝှန်၊ ဗုဇွန်ခံမွှမ်း၊ ရေးလမ်း မပျက်၊ ထီးလက်ကျယ်စွာ၊ အင္ဂါဒွေးစေ်၊ ပေါင်းလက်သစ်ဖြင့်၊ ရာ့ရှစ် ညောင်ရွက်၊ လယ်ချက်မှာကား၊ ပဒမြားသန္တာ၊ ရတနာရိုးရဲ၊ ရွှေချူဆွဲမှ၊

ဖိုးကဲကြီးစွာ၊ ဟသ်ာတသီး၊ လင်းမြီးသုဝ၊ ကုက္ကုဋ္ဌနှင့်၊ ရေးကနည်းခိုး၊
အဆစ်ကိုးတွင်၊ အရိုးဆယ်တောင်၊ လုပ်ဆောင်ချောမော၊ မနောဟာရ၊ ထို့
ပနည်းမျိုး၊ အရိုးဋ္ဌမှာ၊ ခြောက်တောင်သာတည့်၊ အာတပတ္တ ငါးတောင်မျှနှင့်၊
ဝိဇယပတ္တာ၊ လေးတောင်သာ့တည့်၊ စိတ်ဖြာဝေချင့်၊ လုပ်ဆောင်သင့်ရှင့်၊
ပလ္လင့်ရေ့ရှ်၊ ခနစ်လံတွင်၊ ရွှေလှံ့ျပာန္၊ မျောက်ရုပ်တုတည့်၊ သုပဏ္ဏာမှု၊ လွှမြျု
သေတ၊ ယက္ခအဝါ၊ ညိုစွာမောရ၊ စိမ်းသီဟနှင့်၊ ရတ္တဟတ္ထိ၊ ဖျော့တော့ဘိ
သည်၊ လံကြီးရွက်ဖျား၊ ရုပ်နဂါးနှင့်၊ ထားသတ္တာဟ၊ စီစဉ်လုအောင်၊ ကျင်းပ
မသွေ၊ ဥပဒေသည်။ ။ အနေမဆုတ်မဆိုင်းတည်း။

## လက်ဝဲ-လက်ယာမင်းခမ်းတော်

၁၃။ ရာဇဝင်ရှည်ငြမ်း၊ မင်းတို့တမ်းဖြင့်၊ မင်းခမ်းတော်မှာ၊ * ရတနာခဂ္ဂ၊
ရှည်တိုင်းရှုနှင့်၊ + ဝါဋ္ဌဗီဇနီ၊ ယပ်မျက်စီက၊ သိင်္ဂီလှံ့ျဝါ၊ ပန်းတောင်းပါသည့်၊
အဋ္ဌာရည်စောင့်၊ ရှစ်မြောင့်မင်းစံ၊ ခံသီဟာရွက်၊ ကွမ်းခွက်နှစ်ဖြာ၊ စလင့်ကြာ
ကွမ်းကျပ်၊ လျှပ်လျှပ်ဝှန်ဝေ၊ ကွမ်းချိပ်ရွှေနှင့်၊ ကေသရာကရား၊ ရွှေသား
ရောင်မောင်း၊ တကောင်းအိုးပျစ်၊ စုံနှစ်မြူတာ၊ ဆယ့်သုံးဖြာကို၊ လက်ယာတော်
က၊ ခင်းကျင်းပလျက်၊ ရာမလောင်းလျာ၊ ဆိုသစ္စာကြောင့်၊ မြို့ရွာမချစ်၊ စုံမြိုင်
နစ်သည့်၊ နှစ်ဒွါဒသင်၊ မစေ့ခင်ဌ၊ ပလ္လင်နန်းနှင်း၊ ထုံးနှုန်းထွင်းသည့်၊ ဝင်းဝင်း
ရောင်ပြွပ်၊ ဘိနပ်မျက်စု၊ ဥပါဟန၊ ဒလ္လာမည်ပေး၊ တောင်ဝေ့းစီမျက်၊ ရွှေ
လက်တင်ကြား၊ နဂါးကွမ်းခွက်၊ ရောင်လက်သလုပ်၊ နှစ်ရပ်ကွမ်းလောင်း၊
ရောင်မောင်းဖလား၊ ကရားသလင်းမြော်၊ မင်းဆောင်သစ်တိုင်၊ နှစ်ဆိုင်
မြူတာ၊ ပြဝ့်တို့ပါသည်၊ ရတနာယိုးရဲ၊ ဆယ့်သုံးပွဲကို၊ လက်ဝဲတော်တွင်၊ ခင်းကျင်း
ယင်၍၊ ထင်ထင်ရှားရှား၊ ထီးအကြားဝယ်၊ ယပ်မားချပ်လျက်၊ နှစ်ဖက်စုံညီ၊
ဆဲ့သုံးစီကို၊ နှစ်လီ ပေါင်းမြောက်၊ နှစ်ဆဲ့ခြောက်ဖြင့်၊ ရွှေမှောက်ရေ့ပြင်၊
မင်းသဘင်သည်။ ။ ရာဇဂ်ဏာတဆိုင်းတည်း။

* သန်လျက်။

\+ သားမြီးယပ်။

## လက်ဝဲ-လက်ယာမင်းခမ်းတော်တစ်နည်း

၁၄။ ဝဲယာနှစ်ဝ၊ ဆဗ္ဗိသတွင်၊ ရာဇအင်္ဂါ၊ စဉ်လာမယွင်း။ တနည်း ကျင်းသား ခြေနင်းရွှေသွေး၊ တောင်ဝေ့းထားတင်၊ စက်ရှင်သန်လျက်၊ ရောင်လက်လျှံညီး၊ သားမြီးယပ်ဆန်း၊ မကာရ်းခံပြား၊ ကရားအိုးပျစ်၊ ရောင်လှစ် ဝင်းမောက်၊ မေးထောက်ကျီးခြေ၊ အိုးရွှေမြူတာ၊ နှစ်စုံပါလျက်၊ သင့်စွာစီရင်၊ နောက်စင်မှာကား၊ လက်တင်ကြားနှင့်၊ မြိုင်ဖျားဘုန်းပေ့၊ ခြသေ့်ကွမ်းခွက်၊ ဖက်သည့်သလုပ်၊ စေ့စပ်ခြယ်လှယ်၊ ကွမ်းလောင်းငယ်နှင့်၊ ဖွယ်ရာခင်းကျင်း၊ သလင်းမြောင်က၊ သစ်တိုင်စသည်၊ သိင်္ဂကျပ်လျှား၊ ဆယ့်ရှစ်ပါးကို၊ ရွှေသား ယိုးရဲ၊ မျက်စုံကြဲလျက်၊ လက်ဝဲတော်မှာ၊ ကျင်းပရာရှင့်၊ လက်ျာတချပ်၊ ရွှေအုပ်ဆွဲနန်း၊ မကာရ်းကရား၊ ရွှေသားစစ်စစ်၊ အိုးပျစ်ရောင်တောက်၊ ရွှေသောက်ရေတင်၊ စီဆင်သင့်မြို့ ပြတိုတာကောင်း။ ထုံးပေါင်းမလစ်၊ မြူတာ နှစ်တွင်၊ မျက်စစ်ဖလား၊ ရေစဉ်ထားမှ၊ နောက်ကားရတနာ၊ ပန်းတောင်းပါ၍၊ နာဂါကွမ်းခွက်၊ လုပ်ချက်ရှစ်ထောင့်၊ စီမြောင့်မျက်ပါ၊ စလင့်ကြာရောင်မောင်း၊ ကွမ်းလောင်းကြီးနှင့်၊ သုံးဆင့်ကွမ်းချပ်၊ ရောင်လျှပ်ကွမ်းတောင်း၊ မျက်ပေါင်း သိင်္ဂ၊ သီဟာကရား၊ ခြားနားသေသပ်၊ သတ္တရသ်ကို၊ ရောမှတ်မချွတ်၊ နှစ်စု ဖွဲ့သော်၊ သုံးဆဲ့ငါးမည်၊ မွန်ရှည်ရှေးလမ်း၊ မင်းခမ်းဖြင်ပည်း၊ နိဿယည်း သည်။ ။ တစ်နည်းတစ်ပုံ တစ်ပိုင်းတည်း။

### ဖောင်တော်များ

(ကရဝိက်ဖောင်၊ ပဥ္စရူပဖောင်၊ သတ္တရူပဖောင်၊ ဒသရူပဖောင်)

၂၅။ ရေဝယ်ကြည့်လည်း၊ ကြည်း၏သဘင်၊ မြစ်ဝယ်မြင်၍၊ တမင်္ဂလာ၊ တပွဲသာ၏၊ ရတနာနဝရတ်၊ မျက်စီခတ်သည်၊ ပြာသာဒ်ဘုံမြင့်၊ ရွှေထီး စွင့်၍၊ ရွှေနှင့်တီချည်း၊ ဆည်းလည်းသံညီတ်၊ ကရဝိက်ဖောင်တော်၊ ရေပေါ် ပျံ့ဝဲ၊ နှစ်စင်းတွဲက၊ သီဟာတောစိုး၊ တိုးကိန္နရီ၊ ဇော်ကရဝိက်၊ အတိတ် လုပ်ဆောင်၊ တစ်စင်းဖောင်မှူ၊ ဆင်ပြောင်နှာမောင်း၊ နှစ်ချောင်းစွယ်သွား၊ နွားလပို့ခင်း၊ ငါးကြင်းမြီးလို၊ တိုးချိုနှစ်ဖက်၊ လက်တစ်ဖက်ဖွဲ့၊ နောက်ပဲ့အမြီး၊ လုပ်နည်းမှီး၍၊ တသီးပဥ္စ၊ ဖောင်ရူပကား၊ ဂဇနားဝယ်၊ နှစ်သွယ်ပြို့ပြို့ လပို့ဂေါဏ၊ မစ္ဆမြီးရှိ၊ တိုးဝိသာဏ၊ လုပ်ကြမပျက်၊ လက်တစ်ဖက်ရောက်၊ ပဲ့မြီးရောက်နှင့်၊ လျောက်ပတ်စလို၊ ကိုယ်နဂ္ဂိုဋ္ဌ၊ ပါဒမယွင်း၊ တစ်ဖက်ခင်း၍၊ မြင်း၏ကဏ္ဍာ၊

နားဒွယတည့်၊ ဟတ္ထလက်ခြေ ဖက်စီနေသည်၊ ရွှေလှော်ကားပုံ၊ တစ်စင်းဖွဲ့၏၊ အိုဘဲ့ဖောင်လှ၊ သတ်ရူပကား။ သကုဏာကရဝီး၊ နှုတ်သီးမုခံ၊ လည်ဆံလုဘိ၊ ဟတ္ထိဒန္တ၊ စွယ်ဒွယနှင့်၊ ဂေါဏလပို့၊ ငါတို့မြီးတူ၊ ကြက်တူတောင်လို၊ တိုးချို ကားနှစ်၊ တစ်ဟတ္ထာလက်၊ နောက်ဆက်ပဲ့မီး၊ အမြီးကာယေ၊ ပါဒေတစ်စင်း။ မြင်းနားနှစ်ဖက်၊ ခြေလက်နှစ်ထွေ၊ ဖက်စီနေ၍၊ ရွှေလှော်ကားပုံ၊ ပြုံ့ပြုံ့ရောင်ပြွေ၊ တစ်စင်းရွှေ့သော်၊ ခြသေ့်နှုတ်သီး၊ မောက်မြီးလည်ဆံ၊ နောက်ယံမြီးပုံ၊ ကိုယ်တွဲ့ကာယ၊ နဂုဋ္ဌနှင့်၊ ပါဒတစ်ဖက်၊ လက်တစ်ဖက်ဖြင့်၊ ထွက်နွားလပို့၊ ထိုမြို့မှုနှစ၊ မစ္ဆမြီးဝေ၊ တိုးခြေတက်လှ၊ လက်တဝတည့်၊ အဿဟတ္ထာ၊ နှစ်ဖက်ပါ၏၊ ဂဇာဆင်ဝယ်၊ စွယ်နှစ်ချောင်းသန်း၊ မကာရ်းနှာမောင်း၊ တောအောင်းပျော်လို၊ ချိုနှစ်ဖက်ပိတ်၊ ကရဝိက်ပက္ခ၊ နှစ်ဖက်ပြလျက်၊ ဒသရူပါ၏ ဖောင်တော်သာသည်။ ။ သိင်္ဂါရွှေထီးတစ်ပြိုင်တည်း။

## ဖောင်နှင့်လှေတော်များ

(ဒွါဒသရူပဖောင်နှင့် လှေတော်လေးစင်း)

၂၆။ ဒွါဒသရူပါ၊ ဖောင်တော်မှာကား၊ မုခါကရဝိ၊ လုဘိလည်ဆံ၊ ဂေါဏံလပို့၊ နွားတို့မြီးနှယ်၊ ဆင်အစွယ်နှစ်၊ တစ်မကာရ်းနှာ၊ မိဂါချိုကွေး၊ ကြက်တူရွေးတောင်၊ မြှောင်သည်နှစ်ဖက်၊ တိုးလက်ပါဒ၊ ဖက်စီပြ၍၊ အဿမြင်းနား၊ နှစ်ဖက်ထား၏၊ လက်ကားတစ်ဖက်၊ စွယ်ထွက်ဆင်နှစ်၊ တစ်မကာရ်းမောင်း၊ လုပ်ဟောင်းမခြား၊ မြင်းနားနှစ်ဖက်၊ ခြေလက်ဒွယ၊ ဖက်စီပြသည်၊ နဝအချုပ်၊ ပဲ့တိုးရုပ်နှင့်၊ အလုပ်ကံရဝိ၊ အက္ခိဒွယ၊ မိဂသိင်္ဂါ၊ နှစ်ဖက်ပါ၍၊ မဟိံသာဝိ သာဏာ၊ ထိုနည်းပြလျက်၊ ကိန္နရတောင်ညီ၊ နှစ်ဖက်ချီသည်၊ စာမရီလည်ဆံ၊ ပျံလတ်သောအား၊ လှော်ကားဦးပုံ၊ ရုပ်ဖွဲ့ဆယ့်နှစ်၊ ရောင်လှစ်ဝင်းမှည့်၊ ရေပြင်ပြည့်မျှ၊ မြစ်၏ပသာဒ၊ ကျင်း၍ပြသို့၊ ဒသဖောင်တော်၊ ရှုပျော်တဝ၊ တောင်ပိန်းမ၏၊ သာရနှစ်မွန်၊ ဗိမာန်ဟူစွ၊ သာရဗိမာန်လှေမြန်လလျှံ၊ ရှုးပျံနားစွ၊ ငါးကြီးရ၍၊ ကလမကော်၊ ကမကော်တည့်၊ မိုးပေါ်သိကြား၊ ဦးကားဖြူဝင်း၊ ခရသင်းနှင့်၊ နတ်မင်းဗြဟ္မာ၊ ပဲ့မှာဗိမာန်၊ လုပ်ဟန်ခင်းကျင်း၊ ပြရင်းသာဋ္ဌိကာ၊ သာရကာဟု၊ ရောကင်းကြီး၊ ဆီးသည်အကင်း၊ ရှည်လတ်လျှင်း၍၊ ဣကင်းစီလျည်၊ ခေါ်ထုံးရှည်၏၊ ပင်စည်ကြီးစွာ၊ ဝန်တင်ရာကို၊ နှာဝါပင်စည်၊ ကာလ

လည်၍၊ ပင်စည်နန်းစဉ်၊ လေ့ယာဉ်ဇမ္ဗူအဲ့၊ စေ့နှံ့များစွ၊ ခေါ်ဝေါ်ကြ၏၊ သာရဇိမာန်၊ တင်ရန်လောဟ၊ ပါသာဒတည့်၊ လေ့ကာမကော်၊ ဝေါတော်တင်ယူ၊ အလှူတော်မှာ၊ သာရကာတည့်၊ တူရိယာစုံထွေ၊ ဣကင်းလေ့ဌ်၊ ဖြစ်ချေမကောင်း၊ တင်ဆောင်ခြင်းသည်။ ။ လေးစင်းလေ့တော်သမိုင်းတည်း။

## လေ့တော်များ

၂၇။ ထို့ပြင်တသီး၊ လက်ရွေးကြီးလည်း၊ ညီးညီးရောင်မှွတ်၊ မှန်ပြာသာဒ်နှင့်၊ နောက်မှတ်တသင်း၊ လက်သစ်ကျင်းလျက်၊ မင်း၏ခြံရံ၊ နိုင်ငံသုံးဦး၊ ပဲကူးဘုန်းတော်၊ ပြည်လုံးခေါ်၏၊ အကျော်ငါးဂိုဏ်း၊ ပွဲတိုင်းသူရဲ၊ ရဲလွှံ့လုလင်၊ ကျော်ခေါင်စင်၍၊ စစ်လျင်ထောင်က၊ အင်းမငါးသွယ်၊ ဇင်းမယ်ပြည်တွင်၊ စစ်လျင်တောင်ငူ၊ အင်းမဟူ၏၊ သလွင်ဖြူရဲစစ်၊ ကောင်စစ်ရွေးကြီး၊ ရေစီးဝဲလှိုင်း၊ တွေ့တိုင်းပွဲတိုင်း၊ အောင်နှစ်ဆိုင်းက၊ မြစ်တိုင်းရန်နိုင်၊ ပြည်လုံးနိုင်စုံ၊ ပြည်လုံးအံ့နှင့်၊ ရဲလွှံ့တင် မာရဘင်၊ တွေ့တိုင်းဝင်က၊ ထွက်တိုင်းရမြိုင်၊ ပြိုင်တိုင်းရသုံး၊ ပွဲလုံးရလျက်၊ စက်နရဲခေါ်၊ ဖြတရော်မည်သာ၊ ရွှေတံငါက၊ သူရငါးကြင်း၊ မင်းတရားမှတ်၊ တုလွတ်သူရဲ၊ မင်းပွဲဝင်စွာ၊ တော်ရာတော်သင့်၊ သမှတ်လင့်၏၊ မင်းအရပ်မှာ၊ ကိုးခုပါ၏၊ နဝါရှုပ၊ လင်းဇင်းရကား၊ လာဇနှိုင်းသင့်၊ ပေါက်ပေါက်ပွင့်သို့၊ ထောက်ချင့်ခေါ်လေ၊ လင်းဇင်းလေ့ကို၊ လေ့ရာဇာဟု၊ နှစ်မည်ပြုရှင့်၊ ရုပ်တုပီသ၊ ရာမသံသု၊ မနသီသ၊ သုဝလေ့မှာ၊ ရုပ်မည်သာတည့်၊ နာဂါဒေဝ၊ နာဂထိပ်ဖျား၊ နတ်ရုပ်ထားမှ၊ ပဲ့ကားဆိတ်ထီး၊ သီးခရမ်းငုံ၊ အဇလုံနှင့်၊ ပသုံလေ့မြန်၊ တလိုင်းမွန်တို့၊ ပြည့်ွန်ခေါ်ခြား၊ ပြည်သားအကုန်၊ ရှုံမုံတင်ရာ၊ နာဝါတွင်စေ၊ ပြည်ကုန်လေ့ကား၊ ဦးနေပဲ့လှ၊ ဗိမာန်ပြ၏၊ ကာကရုပ်ဝါ၊ ကျီးရုပ်ပါကို၊ ဂင်္ဂါဇေယ၊ ထို့ပြင်မှကား၊ သရာဘဟူ၊ သရာဘူသရာဘတ်၊ သုံးမည်မှတ်နှင့်၊ နတ်သူယောင်လား၊ တုတ်၊ ဓား၊ လှံ၊ လေး၊ စွဲရေးဒိုင်းစက်၊ လက်နက်ကိုင်ကာ၊ ဦးမှာခြားနား၊ လှော်ကားပဲ့ထောင်၊ လေ့သူယောင်နှင့်၊ လောင်မင်းကင်းပြ ပမာဏသို့၊ ရေးကစည်လျှား၊ လှော်ကားခေါ်တန်၊ သမှတ်ညွှန်လျက်၊ ဦးချွန်နှစ်မြွာ၊ ပဲ့နှစ်မြွာကား၊ လေ့ဒွါလောင်းဟု၊ ခေါ်ဝေါ်ပြုသည်။ ။ အုပ်စုစည်းဖွဲ့ဝိုက်သိုင်းတည်း။

၂၈။ သမုဒ္ဒနက်ကျယ်၊ ပင်လယ်ကမ်းမေး၊ နယ်ကျေးရံပိတ်၊ ပဋိက္ကယား၊

မင်းကြီးအားလည်း၊ ကုလားကျည်းဆက်၊ နန်းထက်ညာတည်၊ စည်လေးဆယ်ရှင်၊ စက်တွင်ရမြောက်၊ နောက်နော်ရထာ၊ ဆက်ရောက်လာသား၊ စဉ်လာမှတ်ထိန်း၊ တလိန်းမထေး၊ သစ္စေးမရုံ၊ အုန်းဆံမသွင်း၊ ပျဉ်ချင်းပျဉ်ဖက်၊ စပ်ယှက်စူးရဲ၊ ခေါ်မြသမွန်၊ ဗိမာန်နှစ်ဝ၊ ဦးပုံပြ၍၊ လောကဗိမာန်၊ ပြည်ကြီးမွန်မှာ၊ ဝဲယာလူမျိုး၊ တူရိုးညီညီ၊ ငါးဆယ်စီနှင့်၊ ဝေသာလီသွား၊ ဘုရားစီးမှုသုံးလူပူဇော်၊ အခေါ်နှစ်ခု၊ သုံးလူ့တောက်ပ၊ ပုံ့ကမှုကား၊ သိကြားဖြဟ္မာ၊ ရုပ်ဝါနွဲ့နှောင်း၊ ဗောင်းသရဖူ၊ မကိုဋ်လူရှင့်၊ ဦးမူလူမင်း၊ ဝင်းဝင်းလျှံပတ်၊ ပြာသာဒ်ကြီးစွ၊ တင်ထားရသည်၊ ပါသာဒလေ့၊ မျက်ရွှေဝင်းဝင်း၊ ရံလေးအင်းနှင့်၊ အဆင်းရွှေနှစ်၊ သစ်၏သဏ္ဍာန်၊ တမ်းခွန်ထူပြီး၊ နှုတ်သီးငှက်ပေါက်၊ ရောင်တောက်နီလာ၊ တိမ်မြင့်မှာလျှင်၊ ဓဇာအဏ္ဏဝ၊ သာမတုလ္လာ၊ အဂ္ဂရာနဝ၊ သိကြားပြသား၊ လေ့လုလေ့မွန်၊ သက္ကဒါန်နှင့်၊ ပန်းကန်လုံးလား၊ ပုံ့ကားနိမ့်လင့်၊ ဦးနေမြင့်သည့် မွန်မင်းဘာသာ၊ ကူရွှပ်မှာ၏၊ ဇလာကပင်း၊ သေတ္တာဆင်းသို့၊ လမင်းနှိုင်းလူ၊ ဦးပုံ့ထုသည်၊ စတုကက္ကူ၊ စည်သူရာဇာ၊ နံ့သာကျွန်းပြင်၊ ငှက်အသွင်သို့၊ လွှမ်းကြင်ခေါ်တုံ၊ ဗိန္ဓုကတော၊ ပိန်းကောဝန်တင်၊ လေ့လျင်တံငါ၊ လောင်းမှာကြီးငယ်၊ မြစ်လယ်ကျွန်းပြင်၊ ဆိပ်တင်ကမ်းဆိုက်၊ ဦးတိုက်သဲသောင်၊ ဝင်းပြောင်ပြောင်ကို၊ ဖောင်ဝန်လေ့ဝန်၊ စီဖန်စုရေး၊ မထွေးရာထူး၊ အမှူးထောင်ကဲ၊ ဦးမြဲပုံ့နင်း၊ သင်းပင်းငယ်သား၊ စုငန်းများနှင့်၊ ဆန်သွားထက်အောက်၊ မြစ်လုံးတောက်သည်။ ။ မျက်ကျောက်ရွှေငွေအလိုင်းတည်း။

## အမရပုရမြို့နန်းတော်ပုံ

အရပ်-ထီးပေါင်းကား


မြို့တော်-အမရပုရ

နန်းမြို့တော်-မြနန်းဘုံစံ

ရွှေနန်းတော်-အောင်နန်းစံရာ

နန်းတည်နှစ်-၁၁၄၄-ခု ပြာသိုလပြည့်ကျော် ၁၂-ရက်

နန်းမြို့တော်ပြောင်းနှစ်-၁၁၄၅-ခု နယုန်လဆန်း ၁၂-ရက်။




| အမရပူရနန်းမြို့တော်တံခါးအမည်။ | * မန္တလေးမြို့တော်တံခါးအမည်။ |
| --- | --- |
| ၁။ ရန်မျိုးအောင်တံခါး | စည်သာတံခါး |
| ၂။ လေးသိန်းတံခါး | လေးသိန်းတံခါး |
| ၃။ မုခ်ဦးတံခါး | မန်းဦးတံခါး |
| ၄။ လေးကျွန်းတံခါး | လွှန်ကဲတံခါး |
| ၅။ ဦးနိမ်တံခါး | ဦးထိပ်တံခါး |
| ၆။ သိမ်းဆည်းတံခါး | သောင်းညွှတ်တံခါး |
| ၇။ ကျွန်းလုံးဝင်တံခါး | ကျွန်းလုံးယူတံခါး |
| ၈။ ကုန်းမော်တံခါး | ကျော်မိုးတံခါး |
| ၉။ နန္ဒမူတံခါး | ရန်နည်တံခါး |
| ၁၀။ အာဋ္ဌဝီတံခါး | ကြေးမုံတံခါး |
| ၁၁။ + စည်ရှင်တံခါး | စည်ရှည်တံခါး |
| ၁၂။ + ရန်နှင်တံခါး | ထင်ရှားတံခါး |

* မန္တလေးရတနာပုံ နန်းမြို့တံခါးအမည်များကို နှိုင်းယှဉ်မှတ်သားရန် ပူးတွဲဖော်ပြလိုက်သည်။ ။ + စည်ရှည်၊ ရန်နိုင်ဟူ၍လည်း မှုကွဲရှိသည်။

## လေ့တော်စသည်များ

(လေ့တော်များအကြောင်းနှင့်ပတ်သက်၍ ၁၁၈၅-ခုနှစ် နယုန်လပြည့်ကျော် ၁၁-ရက်နေ့တွင် တရုတ်သံတို့က ဘကြီးတော်မင်းထံ အဖူးမြော်ဝင်ရာ၌ တရုတ်သံတို့အား မြန်မာဘုရင်မင်းမြတ် လေ့သဘင်ကျင်းပပုံကို ပြသကြည့်

ရှုစေရာ ထိုအကြောင်းကို ဖွဲ့ဆိုဖော်ပြသည့် ဒုတိယနဝဒေးဆို တရုတ်သံ ရောက်မော်ကွန်းမှ စာပိုဒ်အချို့ (ပုဒ်ရေ ၁၆-မှ ၂၈-အထိ)ကို ကောက်နုတ်၍ ဖော်ပြလိုက်ပေသည်။)

၁၆။ ရွှေဝဇမ္ဗူ၊ ရင်းရဲငူဟု၊ သရဘူကရာ၊ ရေမျက်နှာထက်၊ ဝေဘာဂီစွန်း၊ တောင်တော်နန်းကို၊ သန်းခဲ့ပတ်လျှောက်၊ မြစ်လုံးနောက်မှူ၊ အတောက်လင်းထိန်၊ တလာဟိန်ဟု၊ နာဝိန္ဒကြီး၊ ရွှေတိပြီးသား၊ မင်းစီးရတနာ၊ လေ့စကြာလည်း၊ သုရာသုရ၊ ဘုဇဂတို့၊ ရှုပပုံချုပ်၊ မျက်စုံမြုပ်လျက်၊ ပျံ့ရုပ်ဘနန်း၊ ထွေထွေဆန်းသား၊ မကာရ်းခုန်ကြွား၊ ဂဠုန်လွှား၍၊ နဂါးချစ်ပြွေ၊ ပျော်နှစ်မွေ့လျက်၊ မိတ်ဆွေ့စတေ၊ မျှားဖော်ရွှေတွင်၊ ကျက်သရေမျက်ရှု၊ တင့်မျိုးစုသည်၊ ဇမ္ဗူ့တမ်းခွန်၊ ပြည်ကြီးမွန်ဟု၊ အဝှန်ထန်သည်း၊ ငြိမ့်ငြိမ့်ကြည်းမျှနရည်းစရာ၊ နန်းချင်းဗြာ၍၊ ဗျူဟာချီးမွမ်း၊ စည်ကြီးရှမ်းလျက်၊ တီးတမ်းပြကတော့၊ ဖောင်တော်ရှေ့၌၊ မွေ့မွေ့ညှင်းညှင်း၊ ကျော်မျိုးသွင်း၏၊ က္ကကင်းလေ့လှ၊ သာရကနှင့်၊ သာရဗိမာန်၊ လက်မြန်လွတ်ကျော်၊ ကမကော်ဟု၊ လှေတော်ပျံသန်း၊ ကြော့ကြော့လန်းသည်။ ။ ရေပန်းဖြာလျှံ လွှင့်ကြဲတည်း။

၁၇။ ပဒမြားခဲ၊ ရဲရဲတောက်ပြုံး၊ ရွှေတုံးလှေတော်၊ ပြိုင်ဖော်ဖက်ဝေး၊ လက်ရွေးလက်သစ်၊ စုလစ်ကုံးသီ၊ ကျုံး၍ချီသည်၊ မှန်စီရွှေနန်း၊ ပန်းပြာသာဒ်တော်၊ ကော်ကနဒ၊ ရွှန်းရွှန်းရွှရှင့်၊ တိလောကတိုက်၊ ပြိုက်ပြိုက်လွှတ်တု၊ ညွှတ်ဟန်ပြုသည်၊ သုံးလူပူဇော်၊ လှေတော်လွှမ်းမြူး၊ ဦးပဒမြား၊ နဂါးကိုက်ဟန်၊ ပဲ့စွန်ဗြဟ္မာ၊ က္ကန္ဒာဒေဝ၊ နရထွတ်စွန်း၊ ဖြူဝန်းညီးညီး၊ သားမြီးဝေမြိုင်၊ ရွှေပန်းကိုင်လျက်၊ သုံးခရိုင်သူ၊ နတ်လူဗိုလ်ရှု၊ ရိုညွှတ်ပြုသား၊ သုံးလူ့တောက်ပ၊ နာဂဒေဝ၊ နဂါးပြည်ရောက်၊ မြေကိုဖောက်လျက်၊ စွယ်ရောက်ညီညွှတ်၊ ကွန်းဖူးထွတ်နှင့်၊ တမွတ်ရတနာ၊ ထိုပမာလည်း၊ နဝရာမျိုး၊ ဗြဟ္မာကိုးလည်း၊ ဖြိုးဖြိုးပုံတု၊ ရှေ့နောက်ပြု၍၊ မနုသီဟ၊ ရှုပထွေပြား၊ ထိသုံးပါးလည်း၊ ကြွားကြွားကွန်ရက်၊ ဖြူန်းဖြူန်းတက်ရှင့်၊ ဦးပြက်ပဲ့ပာန်၊ လဗိမာန်နှင့်၊ နေဖလ်ဝါလုံး၊ ပြောင်ပြောင်ပြုံး၍၊ ပြည်ကုံးသယောင်း၊ မစီးတောင်းတည့်၊ ဦးလျှောင်းပဲ့ငိုက်၊ မကိုင်ဋ္ဌဟန်လှ၊ သရဘဟု၊ ရေးကဆိုဦး၊ လှေအထူးကို၊ ရည်ကျူးနောက်လူ၊

သရဘူဟု၊ အယူရုံကာ၊ မပြန်ရာလိမ့်၊ ဦးမှာပဲ့လျှောက်၊ ရွှေဘုံပေါက်၍၊ အတောက်လင်းဝှန်၊ မင်းသာတန်သည်။ ။ ဗိမာန်လောကပြည်ထဲတည်း။

၁၈။ သီရိခေတ္တ၊ နဂါးသသား၊ လဝရပ်တိုင်း၊ တုနှိုင်းပြိုင်ကင်း၊ လင်းဇင်းမင်းတို့၊ စီးနင်းစိုးထွေ၊ လာဇာလေ့လည်း၊ ဦးနေပဲ့နှင့်၊ ပေါက်ပေါက်ပွင့်သို့၊ နိမ့်မြင့်ပြူပြ၊ ထိုပြီးပကား၊ အသသမုခီ၊ ရုပ်ပြီဟန်ပုံ၊ ပသုံဦးဖြောင့်၊ ဘီလူးစောင့်၏၊ သူယောင့်သဏ္ဍာန်၊ နေဟန်ရပ်လျက်၊ လေးသန်လျက်တည့်၊ လက်နက်ငါးခု၊ ပဥ္စာဝုဟု၊ ယမုနာစောင့်၊ မှောင့်ရောင့်မဝင်၊ ဥပဒ်နှင်၍၊ မိတ်ငင်ရန်ပို့၊ ရွှေဘုန်းမျို့ဖြင့်၊ ရောင်ပျို့ရေးရေး၊ ရိပ်ရိပ်ပြေး၏၊ ဒွေးဒွေးနှာဝါ၊ ဒွန္ဒာဝိဂ္ဂဟာ၊ ပိုဒ်ပောပြလျက်၊ နစ်မြွှာ့စတေး၊ ဒွါလေ့လောင်းတော်၊ ကမကော်ကား၊ ပင်ပေါ်မြူးစား၊ ရှူးပျံနားဟု၊ စကားရေးစဉ်၊ ရာမည္သူ၊ လူတို့ဘာသာ၊ ပဲ့ဗြဟ္မာဝယ်၊ ပြာသာကွက်ဝိုက်၊ ငှက်သိုက်တကွ၊ ဦးပြတ်မှ လည်း၊ စက္ကပါဏီ၊ ခရချီလျက်၊ သံပြီသာယာ၊ သာရကာဟု၊ သီတာရေရိုး၊ ထွက်တိုင်းတိုးသည်။ ။ လေ့မျိုးမပြိုင် ရောင်လွှဲတည်း။

၁၉။ ဗြဟ္မာမိုးနတ်၊ တန်ခိုးလွှတ်လျက်၊ ဗျူပွတ္တိပဟိတ်၊ အောင်နိမိတ်ဖြင့်၊ ပဲ့ဗိမာန်ကပ်၊ အစပ်ကျကျ၊ သွယ်ပုံချသည်၊ သာရဗိမာန်၊ ရောင်ဝှန်ဖိတ်စီး၊ ကင်းကြီးကန့်လန့်၊ တန့်၍ထိုတွင်၊ နေဟန်မြင်သော်၊ သစ်ပင်ခက်မ၊ ကြောင်းမူလဖြင့်၊ မညမင်းလို၊ ဣကင်းဆို၏၊ ထိုစတုလက်၊ လေးသစ်ခက်ကို၊ ရွှေစက်တော်တင်၊ ရွှေင်ပျံ့ကြည်၊ လေးစင်းတည်၍၊ ပင်စည်ကြွင်းကျန်၊ ဇေခန်ကို၊ ဝေဖန်ပိုင်းခြား၊ နံ့ဝန်းလျှား့ဖြင့်၊ ယန္တရားယာဉ်၊ ရွှေနန်းစဉ်ဟု၊ စက်ပျဉ်ခင်းနေ၊ လုံးထွင်းလေ့တည့်၊ ဝန်သေဘဏ္ဍာ၊ မွန်မြတ်စွာကို၊ တင်ရာတည်မှူ၊ ဖန်ဆင်းပြု၏၊ သမ္မုတိစက်၊ နေကထွက်သား၊ မင်းထက်မင်းသာ၊ စီးနင်းရာဟု၊ မင်္ဂလာရင်း၊ ငါးစင်းဝင်ရောက်၊ သထုံပေါက်တည့်၊ ပဲ့နောက်ခြေမြီး၊ ဦးလက်မိုး၍၊ ခရမ်းသီးငုံ၊ အဇလုံဟု၊ ဆိတ်ပုံရုပ်ရည်၊ လေ့တော်သည်လည်း၊ မြန်ပြည်ဥသာ၊ မင်းတို့မှာလျှင်၊ စံရာပြိုင်ခိုင်း၊ တုမဲ့နှိုင်းသည်။ ။ ပွဲတိုင်းဆက်စဉ်ရိုးစွဲတည်း။

၂၀။ ဂင်္ဂါဧေယျ၊ လေ့လုဗိမာန်၊ ကာကဝဏ်လျှင်၊ ဦးချွန်နှုတ်သီး၊ ပဲ့အမြီးဖြင့်၊ ကျီးမိဖုရား၊ ပွဲတော်စားဟု၊ စကားဆိုငြမ်း၊ ရှင့်မှုထမ်းသည်၊ ရဲစွမ်းရည်မှန်၊ ကျီးမင်းဟန်လည်း၊ စုန်ဆန်မြစ်ဦး၊ ဝဲရစ်မြူး၏၊ ညွန့်ဖူးထွတ်ညာ၊ ဂန္ဓမာဟု၊ အဝါရောင်ပြီ၊ ဦးပုံ့ချိုလျက်၊ ဝဇီရစိန်၊ ရွှေလက်ချိန်၍၊ မျှုရိန္ဒမာ၊ စောမြတ်စွာသို့၊ စကြာကိုယ်ကြပ်၊ သိကြားအပ်ရင့်၊ ဆပျာပုတ္တ၊ မယ်တော်ကလည်း၊ တွင်းပဝန်းကျင်၊ နတ်လုလင်ကို၊ ဒုရင်ပြော့သား၊ နန်းစောင့်ထား၍၊ မြှောက်စားရှုမျှော်၊ ရဲလေ့တော်မူ၊ ရေပေါ်မြူးစံ၊ ဟူးဟူးပျံ့စွ၊ ရမ္မသံသု၊ ဒဂုန်ပြုသား၊ ရုပ်တုသဏ္ဍာန်၊ မိကျောင်းဟန်တည့်၊ ထုံးရန်ရေးခါ၊ အကြောင်းမှာကား၊ နန္ဒာမင်းကြီး၊ မိကျောင်းစီးလျက်၊ ခြားသီးပြင်ဝန်း၊ သံလျင်ကျွန်းဝယ်၊ မွေ့နွှန်းရှိရာ၊ အိမ်သူ့ရှာသော်၊ ဝါသနာပေါင်း၊ အကြောင်းပြည့်စုံ၊ လိုတော်ကုန်၍၊ ရွှေဘုံစိုးစံ၊ ရေးကျိုးခံသည်။ ॥ မောင်နံ့မယ်လျှ မိညဲတည်း။

၂၁။ ဖြန့်ဝန်းရိပ်ဖြူ၊ လောင်းစည်သူလျှင်၊ ဇမ္ဗူကြည့်မူ၊ လှည့်လည်ရှုသော်၊ မလ္လာယုကျွန်း၊ ရောက်ထွန်းဘုန်းဖြစ်၊ သစ်မင်္ဂလာ၊ ဒုမရာကို၊ မိုးဝါသဝ၊ အိပ်မက်ပြ၍၊ ဆက်သပေးတု၊ ဦးပုံ့ပြုသား၊ ရွှက်နုညောင်းနှင့်၊ ရွှက်ပေါင်းဆင့်လျက်၊ သစ်ပင့်သဏ္ဍာန်၊ သက္ကဒါန်ဟု၊ လက်မြန်လော့်မြောက်၊ နန်ချင်းကောက်ရင့်၊ ထက်အောက်မွှန်ဝေ၊ ကတ္တူလေ့ကား၊ ရွှေမြေနန်းစံ၊ ပြည်ပုဂံသို့၊ ကမ်းယံသနင်း၊ ကျည်းမင်းတို့မှ၊ ရောက်လာသသား၊ လထက်ဝက်သို့၊ ဦးပုံ့ဆို၍၊ မွှန်တို့အဆွေ၊ ကတ္တူလေ့ဟု၊ ဥပဒေခြား၊ ဝေါဟာပြား၏၊ ကုလားရှင်ဦ၊ ဗရင်ဂျီတို့၊ မာဂီလေးတွဲ၊ ထေးဖာဖွဲ့၍၊ ဦးပုံ့ပိတ်ဖုံး၊ ပန်းကန်လုံးသို့၊ နန်းသုံးဟူပျော်၊ ကူရှပ်တော်လည်း၊ ဖြော်ဖြော်ပြိုက်ရင့်၊ ရေပေါက်လွှင့်ရှင့်၊ ဦးနှင့်ပဲ့လျှောက်၊ ကွက်ကန့်ထောက်၍၊ လုံးပေါက်ဘယ်ညာ၊ စပ်သေတ္တာသို့၊ ဇလာကပင်း၊ ရွှေတံတင်းတုံ၊ လေ့ချင်းတက်ခေါက်၊ လက်မလောက်လိမ့်၊ ထက်အောက်တဖြူး၊ မြစ်လုံးနိုးသည်။ ॥ မိုးဒှို့ငှက်နယ် ပျံ့ဝဲတည်း။

၂၂။ ရွှေလမ်းငွေလမ်း၊ ဆိပ်ကမ်းဘဏ္ဍာ၊ ကလျာဏာဆွေ၊ ရေမကြည်မိတ်၊ မီးမဆိတ်တည့်၊ ပဋိက္ကယား၊ မင်းတစ်ပါးသို့၊ ကုလားပန်းသေး၊ ကျည်းကပေးသည်၊ စည်လေးဆယ်ရှင်၊ နန်းညာတင်လျှင်၊ သဘင်အမှူ၊ ထွက်စံရှုရှင့်၊

အနုရုဒ္ဓါ၊ ပုဂံမှာသို့၊ ဆက်လာညွှတ်ခ၊ ရွှေဘုန်းရသား။ အပအတွင်း၊ တင်းတင်းမာခေါင်၊ ကြက်ပေါင်နံ့သိမ်း၊ မလိမ်းသစ္စေး၊ မထေးမကျပ်၊ ပျဉ်ထပ်စတော၊ သမ္ဘန်လေ့တည့်၊ စံရွှေရည်ပျို့၊ မိုးကောင်းမြို့က၊ ဆောင်ပို့ဆက်တင်၊ ငှက်လွှမ်းကြင်ကို၊ နတ်ရှင်နရပတိ၊ စည်သူသိ၍၊ သီရိစက္ကရတ်၊ မင်းမြတ်တို့ဝယ်၊ တင့်စမွါယ်သည့်၊ ငှက်နယ်ဖြစ်စေ၊ ထိမ်းမှတ်ပေ၏၊ ကျက်သရေရောင်၊ ဝေမမှောင်သား၊ ရွှေတောင်လျှိုးချုပ်၊ ငုပ်၍ပေါ်နစ်၊ မင်းဝံမြစ်ထက်၊ ဂန္ဓာရစ်သံ၊ ဟူစံလျှိုးစံ၊ ဟိုကွံခေါ်မြဲ၊ လောရဲမည်ဟူ၊ တရုတ်သူတို့၊ ရှုရှုပြေးရှူ၊ အံ့ကြမှုးလျက်၊ ပြိုက်နှုးညွှတ်ရှိမ်း၊ ဖန်ရာကြိမ်းသည်။ ။ တိမ်း၏တောင်သို့ တစ်ပဲတည်း။

၂၃။ စတုသစ္စာ၊ မဂ်ပညာလျှင်၊ ထိုမှာဖက်ကမ်း၊ ရောက်နိုင်စွမ်းသို့၊ နှိုင်းတမ်းပုံသွယ်၊ မင်းတို့ဝယ်လည်း၊ လွှဲဖယ်မပြု၊ ဖြောင့်ဖြောင့်ရှု၍၊ ခရဘုန်းစည်၊ သုံးလုံးရည်ဖြင့်၊ ကြူးမည်ဖြိုးဝေ၊ ရွှေမိုးစွေသား၊ ဘိသေကတော်၊ ထိုပသော်မူ၊ အကျော်အစံ၊ ဗိုလ်ပွဲခံ၍၊ အရံငါးရာ၊ ကုမုဒ်ကြာသို့၊ ဒီပါသပြေမြမြေရေကို၊ မွှန်ဝေပွားတိုး၊ တရားစိုး၏၊ လေ့မျိုးမမြင်၊ လေ့နယ်လျှင်သည်၊ ထိုတွင်တသွန်၊ ပြည်ကြီးမွန်ကား၊ စွယ်ချွန်မျက်လုံး၊ သရစ်ပြုံးလျက်၊ ရွှက်ကျူးညွှတ်ကျိုး၊ ရာလူမျိုးတို့၊ ရှိခိုးလက်ယှက်၊ ဦးနှစ်ဖက်၌၊ ရပ်လျက်သိကြား၊ နဂါးတုန်လှုပ်၊ ဂဠုန်သုတ်သော်၊ လျှင်ခုတ်တဖြန့်၊ ရန်မျိုးလန့်လိမ့်၊ ဝေယန်အပြင်၊ ယဉ်စက်ရှင်ကို၊ မိခင်အတု၊ အမိုပြု၏၊ အမွှမ်ရေ လုလင်လုတို့၊ ချလည်းတညီ၊ လော်ပြိုင်ချီ၍၊ ကျူးသီကျူးဖွဲ့၊ ဆွဲ့ကန္တဲ့ဖြင့်၊ သုံးဆယ့်ခုနစ်ရေး၊ နန်းချင်းကြွေးလျက်၊ နီးဝေးဝှန်သည်။ ပွဲ့တင်ကြည်းသည်။ ။ သို့တည်းမဆန်ဘူးမြဲတည်း။

## လှော်ကားတော်များ

၂၄။ ရွှေလောင်းလက်သင်၊ လေ့ဝန်းကျင်နှင့်၊ သောင်းပြင်မြေဖျား၊ သပြေလားသား၊ တရားဇမ္ဗူ၊ လောင်းစည်သူလျှင်၊ ကျွန်းငှလယ်၌၊ ဆင်စွယ်သိုက်ဖြင့်၊ နေပိုက်ပျော်မွေ့၊ ကင်းကြီးတွေ့၏၊ အရွှေ့ဗိုလ်လှူ၊ အသိုက်ယူက၊ စွယ်ဖြူဆုံးပါး၊ မျက်မှန်းထား၍၊ ကားကားမြီးခေါင်၊ ခေါင်းဦးထောင်လျက်၊ ကင်းမောင်နမ၊

သားတကွနှင့်၊ လျှင်စွပိုက်ချီ၊ လိုက်မမီသော်၊ ရပ်ပြီပုံငြမ်း၊ ကင်းရပ်ဖမ်းရှင့်၊ မင်းခမ်းတော်ပွား၊ လော်ကားယာဉ်ညင်၊ လေလက်သင်လည်း၊ ရွှေစင်လော်မှည့်၊ မြစ်လုံးပြည့်မျှ၊ မကြည့်ရှုစောက်၊ တက်ရေးကောက်လျက်၊ လက်မြှောက်သင်ပြင်၊ ကျွမ်းကျင်လျှင်၏၊ ရာဇဝင်ရင်း၊ ဇင်းမယ်မင်းတို့၊ စီးနင်းဆောင်ရွက်၊ ကြော့ကဆက်သည်၊ ပုံခွက်စပ်ငဲ့၊ ဦးပြက်ပဲ့နှင့်၊ နန်းပွဲ့အယှဉ်၊ ကြော့လေယဉ်ဟု၊ ဆိုစဉ်ရေးဖျား၊ လုံးလျောင်းလျားဖြင့်၊ ဖွားဖွားလွှင့်မှုတ်၊ တက်မြန်သုတ်သော်၊ ဂါဝုတ်မကာ၊ ပေါက်ပြစွမ်းဟုန်၊ ငှက်ဂဠုန်သို့၊ စမုန်စမာ၊ မြစ်ရောနှင့်၊ တဥ္စာဝတီ၊ ယဉ်သီတာဦး၊ ဝဲဝိုက်မြူးသည်။ ။ ဟူးဟူးဝုန်စွ လှစ်ခဲ့တည်း။

၂၅။ သူရာငါးကြင်း၊ ဝင်းဝင်းထိန်ဝါ၊ ကိန္နရာ ကိန္နရီ၊ သိင်္ဂီလော်ပျစ်၊ လက်သစ်ညီးညီး၊ လက်ရွေးကြီးက၊ ဝုန်ဖြိုးပတ်ကုန်း၊ ပြည်လုံးအံ့ကြ၊ ပြည်လုံးရဟု၊ လော်ကားစတော၊ အုပ်ထွေများဖော်၊ ပြည်လုံးကျော်လည်း၊ အာပေါ်ရေနန်း၊ ထွေတဆန်းတည့်၊ နရန်းစွယ်လှ၊ ထွက်တိုင်းရနှင့်၊ ပြိုင်တိုင်းရခြင်း၊ လေနှစ်စင်းဝယ်၊ ကျီးမင်းမောင်ဖွား ညီနောင်နားလျက်၊ စက်နံရားရွှေ လုံးပြည့်လေတည့်၊ ယဉ်ခွေပတ်သွယ်၊ ဇင်းမယ်အင်းမ၊ ပြည်အင်းမနှင့်၊ မင်းတရားစက်ကြီး၊ ဝင်းညီးရွှန်းကြော့၊ ဘုန်းတော့်နိုင်ငံ၊ ပြိုင်စံဘက်ကြူး၊ ပဲကူးလည်းကောင်း၊ နိုင်ငံပေါင်းနှင့်၊ မြစ်ကြောင်းဝေမှိုင်း၊ ပွဲတိုင်းအောင်မြင်၊ ပွဲးလုံးထင်က၊ စက်ရှင်ကိန္နရာ၊ ငှက်သိင်္ဂါလည်း၊ အဝါမြူးမြူး၊ သမြူးတုမဲ့၊ ထီးဦးပဲ့တည့်၊ သူရဲ့ဘုလွှတ်၊ တမွတ်တင့်ဆောင်၊ စစ်လျှင်ဖောင်နှင့်၊ တွေ့အောင်တိုင်လည်း၊ စက်ငှက်ချည်းလျှင်၊ ပျံရည်းကွန်ရစ်၊ မြစ်တိုင်းနိုင်သော်၊ ပွဲတိုင်းကျော်က၊ ဖြိုတာရော်စက်၊ သူဆယ်လက်ကို၊ ထိုတက်တလှမ်း၊ မလောက်စွမ်းဟု၊ ဆိုတမ်းအဲခိုး၊ ကြိမ်းကာကြိုးသည်။ ။ လော်မျိုးပြိုင်ကြ ခြိမ်းမဲတည်း။

## ဖောင်တော်များ

၂၆။ ပဥ္စရူစစ်၊ ခုနစ်နဝ၊ ဒသဖွဲ့ချုပ်၊ ဆယ့်နှစ်ရပ်ဘို့၊ လျှင်ခုပ်ဖမ်းဆွေ့ ဘုန်းတန်းပေ့သည်၊ ခြသေ့်၊ နွား၊ မြင်း၊ ငါးကြင်းနှင့်ဆင်၊ သမင်၊ ကိန္နရာ၊ တိုးစာမရီ၊ တွန်ချီကျူးညိတ်၊ ကရဝိက်ဝုန်သဲ၊ ကျေး၊ ကျွဲ၊ မကာရ်၊ ထွေထွေ

ဆန်းမျှ၊ စွယ်ချွန်းနှစ်ချောင်း၊ နှာမောင်း၊ ဦးချို၊ အကိုယ်အတက်၊ နားရွက်၊ ပါးဖြိုး၊ လက်မိုး၊ လည်ဆံ၊ တောင်ပံ၊ အမောက်၊ ပြိုးပြွမ်းရောက်သား၊ ပုံနောက် ခြေမြီး၊ ဦးနှုတ်သီးတည့်၊ သမီးလုလင်၊ လုညက်စင်တို့၊ သဘင်ရီးရိုင်း၊ ပျော်မနိုင်းသား၊ ပြုံးတိုင်းရှင်ပျ၊ ပွဲပြင်ကသို့၊ ဖိုမကိန္နရီ၊ သဇင်ချီလျက်၊ အောင်ပြီရန်မျိုး၊ သိဒ္ဓိနိုး၏၊ ဇီဝဇိုးပျံ၊ ကြိုးကြာသံလည်း၊ ညံ့ညံ့ညှင်းညှံ့၊ ရီးအလွှံ့လျှင်၊ လွတ်စုံသွယ်ကွေး၊ သက်တင်ရေးနှင့်၊ ကုလလေးကိုင်း၊ လတာပိုင်းသို့၊ ဦးလှိုင်းပဲ့သွန်၊ ရုပ်မျိုးပြွန်လျက်၊ တမ်းခွန်ရောင်ဖျား၊ ဖွဲ့စုလျားလည်း၊ ဖားဖားညွန့်မြိတ်၊ မြစ်လုံးဖိတ်မျှ၊ ပုံချိတ်ညောင်းဆီ၊ မောင်းမောင်းချီသည်။ ။ ရေသီလွှားဝင့် ရစ်နွဲ့တည်း။


၂၇။ စက္ကဝက်ပြီ၊ စာမရီကာ၊ ဇော်ဥဒေါင်း၊ တိုးအောင်းကရဝိ၊ ဖော်ပြိုင် ညီလျက်၊ သီရိပောမဝါ၊ ဝန်ကလာသား၊ ကေသရာယောင်၊ စံရွှေဖောင်လည်း၊ ရွှေတောင်မားမား၊ ငွါးငွါးဖွေနောက်၊ ရောကပေါက်သို့၊ အနောက်အပရ၊ ပြုဗ္ဗ ဝိဒေ၊ ရွှေဇမ္ဗူရည်၊ မြောက်သို့လည်၍၊ လေးမည်ကျွန်းကြည့်၊ ပင်လယ်ပြည့် အောင်၊ လုည့်လတုံလော၊ အံ့ကြမော၏၊ မုနောတို့မှု၊ မြစ်ရတုထက်၊ မရှု တောင်းအောင်၊ ထိန်လျှံပြောင်သား၊ နန်းဆောင်ကွန်းဖူး၊ စုလစ်ဦးလည်း၊ သွယ်ဖြူးထွတ်ရှတ်၊ စွယ်စုံညွတ်လျက်၊ ကွင်းလွတ်ကွေးညောင်း၊ စွေးစွေး မောင်းမှု၊ ပေါင်းလည်းပုံတင်၊ ခင်တုရင်တုံ၊ ရည်ရှင်ငြိမ့်ခြေ၊ ကွန့်ရွှန်းဝေရှင့်၊ မိုးလေမုန်တိုင်း၊ မြစ်လုံးမှိုင်းလည်း၊ ဒီလှိုင်းတံပိုး၊ ကြောက်စိုးလန့်ရုပ်၊ ဝေးက ငုပ်၏၊ ရှိအုပ်ဆယ်လက်၊ ရွှေပန်းဆက်၍၊ ကြက်ယက်နှစ်တောင်၊ ခြောက် ရောင်လျှံဝေ၊ အောင်မြေလောက၊ ဝိဇယရုံသီ၊ သရီမွေပုံ၊ ရွှေစည်းခုံကို၊ ဆွေစုံစူးစူး၊ ကိုယ်တော်ဖူးသည်။ ။ ရေဦးသဘင် ဆိပ်ပွဲတည်း။


၂၈။ ငါးဆင်ငါးမန်း၊ မကာရ်းမိကျောင်း၊ ရွှေလောင်းရွှေဒွါ၊ ရွှေဟာသ်ာနှင့်၊ ကြိုးကြာသောင်တင်း၊ ရွှေပိန်ညင်းတို့၊ တရင်းဖျော်ဖျော်၊ အောင်သံဆော်က၊ ဇေယော်ရန်ငူး၊ ရွှေဘုန်းလူးဟု၊ ကျေးငှူးစကား၊ ချီလွှံ့ကြား၏၊ တလွှားမိုးမြေ ဗိုလ်ရုံခြွေနှင့်၊ နန်းဝေသာလီ၊ ရွှေညာဆီသို့၊ မေဒနီထု၊ နေရုတောင်ညွှန့်၊ တုန်လှုပ်နန့်မှု၊ ပတ်ဖြန့်ဘဝဂ်၊ အောက်ထက်ကုံငေ၊ နေစုံလသို့၊ ဝိဘာယလုံး။

ပြုံး၍ပရောင်၊ မကပြောင်သည်၊ မြတ်ခေါင်ဘုရား၊ ဘဝါးစကြာ၊ ကြွသောခါ၌၊ ယူဇနာပြော၊ ဂင်္ဂါကြောဝယ်၊ တင့်မောတန်ခိုး၊ ရွှေဘုန်းနှိုး၍၊ လေ့မျိုးဗိမာန်၊ နတ်များဖန်သား၊ အဟန်သော်လည်း၊ လျှော်သည်ချည်းဟု၊ ပုံနည်းမှန်ထောက်၊ ဆိုတန်လောက်လိမ့်၊ တောင်မြောက်ဖွဲ့ချုပ်၊ မိုးတအုပ်ထက်၊ ပေါ်ငုပ်ပတ်သွယ်၊ နက္ခတ်ကြယ်သို့၊ ရောင်နွယ်ညီးညီး၊ ဖိတ်မျှစီး၏၊ မွှန်းပြီးရိုက်ချောင်း၊ ဝဲခနှောင်းသည်၊ စောင်းတငေါ်ဟုန်၊ စာတသုန်မျှ၊ ဝေမှုန်မှိုင်းရီ၊ လှိုင်းမမီသည်။ ။ ဆိုညီပြောပ အံ့အဲတည်း။


မင်းခမ်းတော်စသည်များပြီး၏။

မေပါလု တာတန်ကာလ ပေါ်ခဲ့ပြီ။
၁။ စိန်ခေတ် (၄)မျိုး (၂) ယုဂ် (၁၁)မျိုး
၂။ ဖြစ်၊ ၁၁၅ (၂၂) မျိုး (၄) ဒီပ ပြဋ္ဌာန (၃၃)မျိုး
နတ်ရွာ တန် မြေ မတွေ့နိုင် တော်ပြော။
ဗုဒ္ဓ သာသနာ
တန်ကာလ တန်ခိုး ဥက္ကဋ္ဌ / လက် ခ. တစ်သိန်း၊
ပန်းဆိုး သျှ ပေါင်း ၅၀၀ ပြည့် (၄) လ ကြာသည်။
အစိုးရ မိန့် ရေး ဖြစ်က ပေါင်း၊ အကြောင်း သက်ပိုင်
လမ်း ၁၅ ခု မင်း ကြွ နေ့ ညီ ပြော သဲ့ တော် ပြည်။
ဝတ် အင်း ... ထိုကဝင် အစ ဆောင် ပါ၊ ပြီး ... မြီး
က ဝ ... ညီ။ သိ ... နိုင်ပါ၏။
ထိုဒီ ... တွက် ပုံ - တင် ဖြစ်တွက် ကြောင်း။ က
ပြည်ပေါင်း (၅၀) သုံး (၄) ရင်၊ ဒု(၆)မျိုး ပြီ
နတ်ရွာ ... ပြော ... ပါ ။
ဗုဒ္ဓ ... ဘာ ... ကောင်း ပြီ။
... သည် ... ...
ဝတ် ... မ လွယ်။ မ ဝတ်နိုင်။
... လက် ... မ ... ...
ဗုဒ္ဓ ... (၃) ... ပြီ ...။
၁။ ... ...
၂။ ... ... ... ...။
၃။ ... ... ... ...


မြို့တံခါးပြ
တန်ဆောင်း
ပြ
ပစ္စင်
သူရဲပြေး
ပစ္စင်
နရုန်း
ရင်လျှောက်
သူရဲဒိုး
ကာဆွဲပေါက်
ပြောင်းပေါက်
မီးကာ
မြို့ရိုး
မြှဆို့း
နှင်းကြမ်းတံတား
ကျုံး


မှန်တိုင်
ဒုရင်ဓါးမာန်
နဝရတ်ငုံပါး
ဦးစဆောက်ပန်း
သိကြား
သိကြားငယ် (၉ရုပ်)
ကြာမှုင်ခံ
စမှတ်တန်း
ဥကင်တော်
ကိန္နရာ
ရှုးပန်း
လောကနတ်
ဆင်နှားဇ
သိကြားငယ် (၇ရုပ်)
ဒေါင်းယပ်
တံခါးတိုင်
ဆင်ပျံ
ဓိန်မှုင့်
မကန်းကွက်
၄မောရဘင်
မြသေ့ရုပ်
မြသေ့ရုပ်
သူငယ်တော်ရုပ်

ရာဇမလ္လင်




ပလ္လင်တော်



ကွမ်းချပ်တော်



ကွမ်းလောင်းတော်ကြီး




စလင့် ကြာငယ်



စလင်းကြာ ကြီး



နဂါးခံကွမ်းခွက်တော်



ဂျစ်ထောင့်ကွမ်းခွက်တော်



ကွမ်းလောင်းတော်ငယ်



သလင်းမြောင်တော်




ကျပ်လျှားတော်



မေးထောက်တော်



ကျီးခြေထောက်



ဆောင်းထီးရွှေမိုး




ပန်းဘောင်းကြီး လက်တင်ကြားကွမ်းခွက်တော် ခြင်္သေ့ခံ ကွမ်းခွက်တော်



မြူတာတော် တကောင်းတော် သော်ရေတင်တော် အိုးပျစ်တော်




ကနန်းကရားတော် နမ်းဆွဲအုပ်တော် ခြေနင်းတော် ဘိနပ်တော်



သားမြီးယပ်တော် သန်လျက်တော် တောင်ဝှေးတော် ခြင်္သေ့ခံကရားတော်




နှလေဒုံဆေဆောင်ပါရဲ့လုံပုံစေကျကျိုးမယ




ဒုံဆင်နှင့်ပုံစံဝကျကျိုးမယ်းဒုံဒုံလ




စိုးလေခုယ်းဒုတ်ပွဲးဒုလိုင်းဝဲးထပ်ခုံ




ဒုလင်းစိုးခုံ




ကြိုးဆွ






စီးနှီး



မောက်တို



ဓါးကာ နားကာ ရေကာ နောက်ကာ
မောက်ရှုပ်လည်ကွေး



မျဉ်းတို



မြင်းကကိုင်သျှောင်ရွက်
ရွှေဇာဝါ၊ ပိန်း



ကတောင်း ရွှေပိန်း




ကတ္တီပါ မြီးပျမ်း




နှင်းနှင်းသိပ်




အိမ်မြှောင်ရှင်ပတ်ကွင်း
ရွှေဇာဝါ



မြင်းကြိုးကတ္တီပါ ရွှေကြယ်တပ်




ရွှေဒိုင်း



ရွှေကာလွှား

ရွှေဓါး




ရွှေလှံ မိုးနဲရွှေလှံ အဲမောင်းလှံ စစ်ဆောင်လှံ




ပန်းပို့တော်အစ်



အထိပ်
အထွတ်
တမာခွက်
သရဖီကုံး(သို့) သစ္စာပန်း
မျက်ရစ်ကြိုး
မောက်လှူ
ပါးကာ-နားကာ
မါလိကွေး
ငုမေးသိုင်းပန်းပွား
ပခုံးငေါ
မျဉ်းတို
ခါးပတ်
ချက်ဖုံး
စလွယ်
ဘဲရုံ
လက်စည်းငေါ
ဓားရိုး
မျဉ်းရှည်
စက်ခွန်းသုံးထပ်
ခြေနင်း



သဘ္ဘာလီတော်ကလေး




သဘ္ဘာလီတော်ကြီး




ရတနာသလွန်တော်

ငှလား ဥဓော ဥလော်နော်ဝါ






ရဲ့ကတော်တင်




သက္ကဒါန်ကတော်တင်




ချည်ဆိုင်း




နန်းပေါင်းတော်တင်




ပေါင်းဝန်းတော်တင်




ရထစ်ယာဉ်တော်




ဝေါပလာဝေါတော်





ဝေါကြီးရိပ်ဖွဲ့ဝေါတော်




လင်းဇင်းဝေါ်တော်




ရတနာထမ်းစင်တော်




ပြာသာဒ်ယာဉ်တော်




၂စင်းတွဲ ပြည်ကြီးမွန်ဖေါင်တော်ကြီး




အသျှင်နန်းမတော်ဘုရားပဋ္ဌရူပပေါ်င်တော်




အိမ်ရှေ့မင်းစီးဟင်္သာဖေါင်တော်







ပကတိမင်းသားကြီးတို့စက္ကဝက်ဖေါင်တော်




ဘုရင်ခံမင်းသားကြီးတို့ ဥဒေါင်းဖေါင်တော်




ကတ်ကြိုးပေါင်တော်



လက်သစ်လှော်ကားတော် ကြီး




လက်ငွေးကြီးလှော်ကားတော်ကြီး





ခတ်လှေတော်





ရဲလှေတော်





















ပြည်ဂုဏ်းလျှာ။ ။ဦးကားလဖိမာန်။ ပွဲကားနေပဝိမာန်။ မင်းစီးလှေဖြစ်ဂျ။ လှော်ကားပဲ့။ ကမ္ဘာဦးလူဘို့
နေလကျိုတောင်တာ ခြင်းရှိကုံညွှတ်ရာပြု ရိုင်းနောက်နောက်သောကာလရှိကျ။ ပြည်သူပြည်သားတို့
ရှိကုံညွှတ်လဖြင့်။ ပြုခြင်းမင်းတို့သုံး ဆောင်သည့်လှေဖြစ်ဂျ။ ရှေးနှမ်တက်ကိုထော်သဖြင့်သိရာသည်
ရှေးစာများတွင် လည်း။ ။ကမ္ဘာဦးသူ။ မြောင် မိုက်လူဂျ။ ဦဦသောင်းသောင်း။ လင်္ကာ
တောင်သော်တပေါင်းသာ။ လပြည့်ဝန်ရိုက်။ စန္ဒသူရိယာ။ ရောင်ဝါသနစ်။ အာသဝ်ခက်ခက်။ ။
ဆိုသည်တကြောင်း။ ပြောင်ပြောင်ဖွဲ့ပြီး။ နေခြည်ထိသော်။ ညီလင်မနာ။ ခုဂါးရည်တု
တစုအားလုံး။ ပြည်ကိုးသူပေါင်း။ ရွှေရောင်ဖွဲ့ဝါ။ ။ဆိုသည်များကိုကောက်ယူရာသည်။
ဖွဲ့လျှာ။ ။
















ဦးဒေသာရှုပ်ကေဘာင်လှေ။ ။ခြင်္သေ့ရုပ်သီး။ အမော်။ နောက်ပုံပြီး။ ကိုအမြီး။ ခြေတဘက်။
နှားလပို့။ ငါးကြင်းအမြီး။ တိုးလက်တဘက်။ ခြေတဘက်။ မြင်းနား၂ဘက်။ လက်ဝဲဘက်။
သင်္ချိုဃ်ချောင်း။ မကာန်းနှာမောင်း။ ကရဝိက်အတောင်၂ဘက်။ သမင်ချို၂ဘက်။
ဆွဲချို၂ဘက်။ ကိန္နရာလက်၂ဘက်။ ကပ္ပနာမရီလည်ဆံ။ မင်းစီးတော်ဘင်လှေဖြစ်၍
လျှော်ကားပွဲ။ ရုပ်ငါးပါး ၁၂။ ။ရွှေလှေ။ ။

## အက္ခရာဝလိညွှန်း


(က)

ကဋ္ဌသာကီဝင် ၄၃
ကတံ ၄
ကနက္ကဒဏ်ထီး ၂၀
ကပြင်းစည်ကြီး ၅၁
ကမကော်လှေ ၆၃
ကယပ် ၂၆
ကရဝိက်ရုပ်ကွမ်းအုပ် ၁၈
ကလပ် ၁၂
ကာဆွဲပေါက် ၈၇
ကူရှပ်လှေ ၇၆
ကတ္တူလှေ ၇၈
ကမ္ဗူထီး ၁၉
ကိန္နရာ ၉
ကိန္နရာစက်လှော်ကား ၈၁
ကိန္နရီစက်လှော်ကား ၈၁
ကုန်းမော်တံခါး ၈၅
ကျီးစာတိုင် ၃၅
ကျေးစေတိုင် ၃၅
ကျေးစဉ်တိုင် ၃၅
ကျည်းပြာသာဒ် ၄၅
ကျည်းလှို ၈၆
ကျပ် ၁၂
ကျပ်မြင်းမိုရ် ၁၂
ကျပ်လှ ၁၃
ကျုံး ၈၇
ကြာမုံခဲ ၂၆
ကြာယပ် ၃၇
ကြေးပြာသာဒ် ၄၃
ကွမ်းချပ် ၁၃
ကွမ်းထည့် ၁၃
ကွမ်းလော်င်း ၁၂
ကျွဲရုပ်လှော်ကား ၈၁
ကျွန်းစည်ကြီး ၅၁
ကျွန်းလုံးဝင်လှော်ကား ၈၅

(ခ)

ခရာ ၄၇
ခရုသင်း ၄၇
ခိုနန်း ၆၁
ချြုးကြာ ၈၃

ခြူးပန်း ခြူးနွယ် ၁၀
ခြသေ့် ဂ၃
ခြသေ့်ခံကွမ်းခွက် ၁၃
ခြသေ့်ရုပ် ၇၊ ဂ

(ဂ)

ဂိရိလေးဆူ ၁၄

(င)

ငွေမောင်း ၅၁
ငှက်ခတ်တဲ ၃၄

(စ)

စကားတောင်စား ၆ဂ
စနဲ ၃၀
စနည်း ၅၆
စမောင် ၄၉
စမုတ် ၃၁
စမြောင် ၄၉
စလင့်ကြာ ၁၂
စူဠပလ္လက် ဂ၃
စက်နရဲလော့်ကား ဂ၁
စက်ဝန်း ၆၁
စစ်လျှင်လော့်ကား ဂ၂
စည်ကြီး ၅၃
စည်တော်စုံ ၄၆
စည်မြော ၄၇
စည်ဝန်း ၄၇
စည်းစုပ် ဂ
စန္ဒထီး ၁၉
စံကားစည်ကြီး ၅၁

(ဆ)

ဆင်ကြည့်နန်း ၃၂
ဆင်စွယ်ဝန်းယုက် ၇၂
ဆင်တင်းကုပ် ၃၀
ဆင်နား ဂ၃
ဆင်နားဇာ ၉
ဆင်ပျံ ဂ၊ ဂ၃
ဆင်ယာဉ်တော် ၃၁
ဆယ့်နှစ်မြောင့်ကွမ်းခွက် ၁၆

(ဇ)

ဇလာကပင်လှေ ၇၆
ဇေတဝန်ဆောင် ၂ဂ
ဇင်းမယ်အင်းမလော့်ကား ဂ၂
ဇမ္ဗူအုံလှေ ၆၄

(တ)

တကောင်းပိတ် ၁၂

တဘောင် ၅၆
တမွတ်ထီး ၂၀
တိတ္ထာသာကီဝင် ၄၃
တုရင် ၂၃
တုရင်ဖိမာန် ၅
တုရင်သား ၂၃
တုရိုဏ်တိုင် ၈၆
တက်ရေး ၃၇-ချင်း ၇၂
တံခါးတိုင် ၈၊ ၈၃
တံခါးပြ ၈၆
တံပိုး ၄၇
တံမြှာ ၄၇
တံရှည် ၄၇
တွေ့တိုင်းဝင်လှော်ကား ၈၂
တွေ့တိုင်းအောင်လှော်ကား ၈၂

(ထ)

ထောင့်ချိုးကွမ်းခွက် ၁၆
ထောင်မှူး ၆၂
ထွေးခံ ၁၂
ထွေးအင် ၁၂
ထွက်စည်တော် ၅၀
ထွက်တိုင်းရလှော်ကား ၈၁
ထားဝယ် ၃၀၊ ၃၂

(ဒ)

ဒသရှုပဖောင် ၈၀
ဒေဝီ ၈၇
ဒေါင်းမြီးယပ် ၉
ဒေါင်းယပ် ၈၃
ဒုံမင်း ၄၇
ဒိဗ္ဗပလ္လင် ၅
ဒွါဒသရှုပဖောင် ၈၀
ဒွါဒသရှုပလှေ ၇၁
ဒွါလောင်းလှေ ၇၀

(ဓ)

ဓာတ်စည် ၅၄

(န)

နဂါးကွမ်းခွက် ၁၃
နဖား ၈၆
နရည်း ၅၆
နရည်းဆရာ ၅၆
နရန်း ၈၆
နဝရာလှေ ၆၆
နဝရှုပဖောင် ၈၀
နဝရှုပလှေ ၆၆

နဝရတ် ၈၆
နဝရတ်ကိုးပါး ၆
နန္ဒသာကီဝင် ၄၃
နာဂဒေဝလေ့ ၇၁
နေရာပြင် ၂၅
နန္ဒမူတံခါး ၈၅
နန်းစဉ်မင်းရုပ် ၄၅
နန်းစဉ်လေ့ ၆၄
နန်းတော် ၈၇
နန်းမြို့တော် ၈၇
နံကပိုင် ၂၆
နာယောင်ခန်း ၅
နံ့ကြီး ၄၇
နံ့ငယ် ၄၇

(ပ)

ပဒုမ္မာထီး ၁၉
ပဒုမ္မာကြာ ၈၊ ၂၂
ပရမီသွာ ၄
ပရမေသုရာ ၄
ပရိတ်နာဆက်ဆောင် ၂၀
ပသုံလေ့ ၆၆
ပဟိုရ်စည် ၅၁
ပဟိုရ်စည်တီးပုံ ၅၁
ပိတောက်စည်ကြီး ၅၁
ပဲခူးနိုင်ငံလော့ကား ၈၁
ပေါက်ချိုစည်ကြီး ၅၁
ပေါင်းတော်ဆောင် ၂၇
ပေါင်းဖျဉ်း ၈၆
ပုဥ္စရူပဖောင် ၇၉
ပိန်းကောလေ့ ၇၉
ပုံနန်း ၆၂
ပုံနန်းကွမ်းခွက် ၁၆
ပြာသာဒ် ၃
ပြူတံခါး ၃၅
ပြော့ ၂၉
ပြော့သား ၂၉
ပြောင်းပေါက် ၈၇
ပြည်ကုံးလေ့ ၆၀
ပြည်ကြီးမွန်လေ့ ၆၅
ပြည်လုံးကျော်လော့ကား ၈၁
ပြည်လုံးရလော့ကား ၈၁
ပြည်လုံးအံ့လော့ကား ၈၁
ပြည်အင်းမလော့ကား ၈၂

ပွဲတိုင်းကျော်လော့်ကား ၇၂
ပွဲတိုင်းအောင်လော့်ကား ၇၂
ပွဲလုံးတင်လော့်ကား ၇၂
ပွတ်လုံး ၃၅

(ဖ)

ဖောင်များ ၇၉

(ဗ)

ဗြဲတရော်လော့်ကား ၇၂
ဗြဲတိုက် ၃၀
ဗြိုင်းနတ်ဘုရား ၆၇

(ဘ)

ဘုန်းတော်နိုင်ငံတော်လော့်ကား ၇၁

(မ)

မနသီဟလေ့ ၇၀
မလွဲအုံးပေါက် ၇၇
မလွယ်ပေါက် ၇၆
မဟာဂိရိနတ်ကွန်း ၁၁
မဟာပါသာဒလေ့ ၇၁
မဟာပလ္လင် ၇၃
မဟာပိန္နဲ ၄
မဟောသီ ၇၇
မာရဘင် ၇၅
မော်ကွန်းတိုင် ၅၅
မုခ်ဦးတံခါး ၇၅
မင်္ဂလာစည် ၅၃
မင်း ၇၇
မင်းကြားစည် ၅၃
မင်းစီးလှေ ၆၄
မင်းတရားစက်ကြီးလော့်ကား ၇၁
မင်းတုပ် ၇၆
မင်းဘုန်းပေါက် ၄
မင်းမြောက်တန်ဆောင်းပါး ၁၁
မင်းလှေ ၆၄
မောင်းမလည် ၃၆
မဏ္ဍိုမပလ္လင် ၇၃
မုဒ္ဒါဘိသေက ၂၂
မျက်နှာကြက် ၃၇
မြေနန်း ၂၂
မြေလပ် ၂၂
မြို့ကွပ် ၆၂
မြို့တော် ၇၇
မြို့တန်ဆောင်း ၃၆
မြို့ထောင့် ၇၆
မြစ်တွင်းရန်နိုင်လော့်ကား ၇၂

မုန်ကျူ ၆၀
မြောက်စည် ၄၇

(ယ)

ယက်ပြား ၆၃
ယာဉ်ထီး ၂၀
ယပ်မား ၂၁

(ရ)

ရတနာပန်းတောင်း ၁၁
ရထည်း ၅၆
ရာဇပလ္လင် ၅
ရာဇပလ္လင် ၁၂ နေရာ ၈၃
ရဲက ၇၆
ရဲတမ်းခွန် ၇၆
ရဲလေ့ ၇၆
ရက်ဖောက် ၈၆
ရင်တား ၈၆
ရင်လျှောက် ၈၆
ရဋ္ဌာဘိသေက ၂၂
ရန်နိုင်လှော်ကား ၈၁
ရန်နှင်တံခါး ၈၅
ရန်မျိုးအောင်တံခါး ၈၅
ရုံး ၅၇
ရွက်ကာ ၈၆
ရောင်ဆွဲ ၈၆
ရှစ်မြှောင့်ကွမ်းခွက် ၁၆
ရှစ်ထောင့်ကွမ်းခွက် ၁၆
ရွှေကရား ၁၅
ရွှေကွန်ရက် ၃၇
ရွှေချည် ၆၃
ရွှေတကောင်း ၁၄
ရွှေတံငါလှော်ကား ၈၁
ရွှေပြည်စိုး ၅၃
ရွှေဖူး ၁၅
ရွှေမြူတာ ၁၄
ရွှေအိုးပျစ် ၁၄

(လ)

လာဇာလေ့ ၆၆
လေသာဆောင် ၂၀
လေးထောင့်ကွမ်းခွက် ၁၆
လေးသိန်းတံခါး ၈၅
လောကနတ် ၈၃
လောကဗိမာန်လေ့ ၇၀
လက်ချပ် ၄၇
လက်တင်ကြား ၁၃၊ ၁၄

| | |
|---|---|
| လက်ဖက်အိုး | ၁၂ |
| လက်ယာမင်းခမ်းတော် | ၁၆ |
| လက်ရန်း | ၃၇ |
| လက်ရွေးကြီးလှော်ကား | ၈၀ |
| လက်ဝဲမင်းခမ်းတော် | ၁၇ |
| လက်သင်လှေ | ၇၄ |
| လက်သစ်လှော်ကား | ၈၀ |
| လင်းကွင်း | ၄၇ |
| လင်းဇင်းလှေ | ၆၆ |
| လန်ဖိကျောက် | ၂၆ |
| လွှမ်းကြင်လှေ | ၇၇ |
| လုဇရွဲ | ၄၁ |
| လှော်ကား | ၇၂ |
| လုံပျံ | ၁၂ |
| လျှောင်းတော်ဦး | ၃၂ |
| လွှတ် | ၅၇ |
| (ဝ) | |
| ဝတီ | ၈၇ |
| ဝိသုကြံ့ထီး | ၁၉ |
| ဝင်စည်တော် | ၄၉ |
| ဝင်းကိုယ်ရံ | ၆၂ |
| ဝင်းမှူး | ၆၀ |
| ဝင်းအလံ | ၆၀ |
| ဝန်ကြီး | ၅၇ |
| (သ) | |
| သတောင်းလည် | ၆၃ |
| သပြေသာ | ၄၇ |
| သမြူလှော်ကား | ၈၂ |
| သဘင်နန်း | ၃၂ |
| သမုက္ခထီး | ၁၉ |
| သမုဒ္ဒဇာထီး | ၁၉ |
| သမုဒ္ဒရာဇ်ထီး | ၁၉ |
| သယောင်လှေ | ၆၈ |
| သရပတ်လှေ | ၆၈ |
| သရဘလှေ | ၆၈ |
| သရဘူလှေ | ၆၈ |
| သရက္ခန်ငါးဆူ | ၁၂ |
| သလင်းမြောင် | ၁၃၊ ၁၄ |
| သလွှင်မြူလှော်ကား | ၈၂ |
| သလွန် | ၄၂ |
| သလွန်ညောင်ရွက် | ၃၇ |
| သာရကာလှေ | ၆၄ |
| သာရဗိမာန်လှေ | ၆၄ |
| သိကြား | ၈၃ |

| | | | |
|---|---|---|---|
| သိကြားပေါက် | ၃ | သိမ်းဆည်းတံခါး | ၈၅ |
| သိကြားရုပ် | ၅ | သုံးဆယ့်နှစ်လံလေ့ | ၇၁ |
| သီရိ | ၈၇ | သုံးလူပူဇော်လေ့ | ၆၅ |
| သီရိပဝေသနာဘိသေက | ၂၂ | (ဟ) | |
| သုရာငါးကြင်းရုပ်လျော်ကား | ၈၁ | ဟသ်ာရုပ်ကွမ်းအုပ်တော် | ၁၈ |
| သုဝလေ့ | ၇၀ | (အ) | |
| သူယောင်လေ့ | ၆၈ | အဇလုံလေ့ | ၆၇ |
| သူရိယထီး | ၁၉ | အတင်တော် | ၁၅ |
| သူရဲကာ | ၈၇ | အနောက်ပွဲတက်ဆောင် | ၃၃ |
| သူရဲနီ | ၈၆ | အပရာဇိတပလ္လင် | ၅၊ ၈၃ |
| သူရဲတုလွတ်လျော်ကား | ၈၂ | အမရပုရ | ၈၅ |
| သူရဲပြေး | ၈၆ | အာဋ္ဌဝီတံခါး | ၈၅ |
| သက္ကဒါန်လေ့ | ၇၅ | အီကင်းလေ့ | ၆၄ |
| သက်န်းနက်လေ့ | ၆၆ | အင်းမလျော်ကား | ၈၂ |
| သစ်တိုင် | ၁၃၊ ၁၄ | အုံးမှီ | ၃၇ |
| သဥ္ဇာလီ | ၃၆ | (ဥ) | |
| သတ္တရူပဖောင် | ၇၉ | ဥကင် | ၅ |
| သံချပ်အင်္ကျီ | ၄၃ | ဥရုထီး | ၁၉ |
| သမ္မာဒေဝ | ၈၃ | (ဦး) | |
| သမ္မုတိထီး | ၁၉ | ဦးဆောက်ပန်း | ၁၀၊ ၈၃ |
| သမ္ဗန်လေ့ | ၇၄ | ဦးနှိမ်တံခါး | ၈၅ |
| သံသုမာရလေ့ | ၇၀ | | |